# ကြေးမုံ

**The Mirror**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်၊ စနေနေ့၊ (6-9-2014) (၇၉၅၅)

**ပြည်သူ့စွမ်းအားဖြင့်**
**နိုင်ငံတော်ကို**
**တည်ဆောက်အံ့**

**မိုးရွာသွန်းမှု**

၅-၉-၂၀၁၄

| | | |
|---|---|---|
| ပုသိမ် | ၂ ဒသမ ၇၉ လက်မ | |
| ရေး | ၂ ဒသမ ၅၂ လက်မ | |
| ပေါင် | ၂ ဒသမ ၂၄ လက်မ | |
| သံတွဲ | ၁ ဒသမ ၉၂ လက်မ | |
| ကျောက်ဖြူ | ၁ ဒသမ ၇၉ လက်မ | |

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အဲလ်ဗတ်အိုင်းစတိုင်းပြတိုက် သွားရောက်လေ့လာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆွစ်ဇာလန်နိုင်ငံ Bern Historical Museum အတွင်းရှိ Albert Einstein ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

**ဘန်းမြို့ စက်တင်ဘာ ၅**

ဆွစ်ဇာလန်နိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စက်တင်ဘာ ၅ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ဆွစ်ဇာလန်နိုင်ငံရှိ ခေတ္တတည်းခိုသည့် ဘန်းမြို့ Hotel Bellevue Palace ၌ ဆွစ်ဇာလန်နိုင်ငံ NZZ သတင်းဌာနမှ တာဝန်ရှိသူအား လက်ခံတွေ့ဆုံပြီး မေးမြန်းချက်များကို ဖြေကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ဆွစ်ဇာလန်နိုင်ငံ Bern Historical Museum အတွင်းရှိ Albert Einstein ပြတိုက်ကို သွားရောက်ကြည့်ရှုလေ့လာသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား ပြတိုက်ရှိ ရှင်းလင်းဆောင်၌ ဆွစ်ဇာလန် ဖက်ဒရယ်နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန အာရှ-ပစိဖိတ်ဌာနအကြီးအကဲ သံအမတ်ကြီး H.E.Mr.Johannes MATYASSY က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် HOUSE of Cantons ၏ ပြည်တွင်းရေးရာဌာန အကြီးအကဲ Mr. Thomas MINGER၊ ဘန်းပြည်နယ် ဆက်သွယ်ရေးဌာန

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၅**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(ကြေးမုံ)

## အင်တာနက်အသုံးပြု လျှပ်စစ်မီတာခပေးဆောင်ခြင်း ရန်ကုန်မြို့ရှိ မြို့နယ်ငါးခုအတွက် စတင်ဆောင်ရွက်နိုင်ပြီ

**ရန်ကုန် စက်တင်ဘာ ၅**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရတနာပုံတယ်လီပို့၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များ ပူးပေါင်း၍ အင်တာနက်အသုံးပြု လျှပ်စစ်မီတာခပေးဆောင်သည့် စနစ် (Online Electricity Billing System) ကို စက်တင်ဘာလမှ စတင်၍ ရန်ကုန်မြို့ရှိ မြို့နယ်ငါးခုတွင် Ypay(Online Payment Gateway) ၏ ebilling. ypay. com.mm ဝက်ဘ်ဆိုက်အသုံးပြုကာ လစဉ်ပေးဆောင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

အင်တာနက်အသုံးပြု လျှပ်စစ်မီတာခပေးဆောင်ခြင်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ကမာရွတ်နှင့် လှိုင်မြို့နယ်တို့အတွက် စတင်ပေးဆောင်နိုင်ပြီဖြစ်သည်။ ထို့ပြင် နေပြည်တော်တွင် ဇမ္ဗူသီရိ၊ ပုဗ္ဗသီရိ၊ ဇေယျာသီရိ၊ ဥတ္တရသီရိနှင့် ဒက္ခိဏသီရိမြို့တို့အတွက် ဆောင်ရွက်နိုင်ပြီး မန္တလေးတိုင်းဒေသကြီးတွင် ချမ်းအေးသာစံ၊ အောင်မြေသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ အမရပူရနှင့် ပြည်ကြီးတံခွန်မြို့နယ်တို့အတွက် ဆောင်ရွက်နိုင်ကြောင်းသိရသည်။

"ဒီနှစ် ဩဂုတ်လမှာ သုံးခဲ့တဲ့ လျှပ်စစ်မီတာယူနစ်ကို စက်တင်ဘာ ၁ ရက်ကနေ ၅ ရက်အတွင်းဖတ်ပြီး စက်တင်ဘာ ၁၁ ရက်၊၁၂ ရက်လောက်ဆိုရင်ကျသင့်တဲ့ မီတာခအတွက် စတင်ပေးချေလို့ရပါပြီ။ ရန်ကုန်တိုင်းဒေသကြီးရဲ့ မြို့နယ်ငါးခုမှာရှိတဲ့ လျှပ်စစ်မီတာအသုံးပြုမှုအတွက် ဆောင်ရွက်တာဖြစ်ပြီး တိုးချဲ့ဆောင်ရွက်သွားဖို့လည်း အစီစဉ်ရှိပါတယ်"ဟု ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တွဲဖက်အတွင်းရေးမှူး ဦးထွန်းထွန်းဆွေက ပြောကြားသည်။

အင်တာနက်အသုံးပြုငွေပေးချေခြင်းစနစ် (Online Payment System)သည် ၂၄ နာရီဝန်ဆောင်မှုစနစ် ဖြစ်သောကြောင့် နှစ်သက်ရာအချိန်တွင် ဆောင်ရွက်နိုင်ခြင်း၊ ငွေပေးချေလိုသူသည် အခွန်ပေးဆောင်ရမည့် မြို့တွင်ရှိနေရန်မလိုသောကြောင့် မည်သည့်နေရာတွင်မဆို ဆောင်ရွက်နိုင်ခြင်း၊ အချိန်ကုန်သက်သာခြင်းနှင့် ကုန်ကျစရိတ်သက်သာခြင်း၊ အင်တာနက်အသုံးပြုရန် အခက်အခဲရှိသူများအနေဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးတို့ရှိ အင်တာနက်ဝင်ကြေးဝန်ဆောင်မှု ဆောင်ရွက်နိုင်ရန်ချိတ်ဆက်ထားသော ဘဏ်များသို့ Auto Pay ညွှန်ကြားထားနိုင်ခြင်း စသည့်အားသာချက်များ ရရှိနိုင်သည်ဖြစ်သည်။

အဆိုပါ ငွေပေးချေမှုကို Ypay နှင့် ချိတ်ဆက်ထားသော ဘဏ်များဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမဘဏ်၊ ရောဝတီဘဏ်၊ ကမ္ဘောဇဘဏ်၊

**စာမျက်နှာ ၉ ကော်လံ ၇ သို့ ❒**




**ကြေးမုံစာတည်းရှုထောင့်** ၆-၉-၂၀၁၄၊ စနေနေ့

# နိုင်ငံတော်အတွက် နှစ်ဖက်လှအစီအမံများ

'စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ မကျွမ်းကျင်သေးသော အလုပ်သမားများ၊ ကျွမ်းကျင်မှုအလယ်အလတ်ရှိသည့် အလုပ်သမားများ၊ မြန်မာနိုင်ငံရှိ မြို့ကြီးများကို ပြောင်းရွှေ့လာကြမည့် များစွာသော အလုပ်အကိုင်ရှာဖွေသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရမည်'ဟု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးက မိန့်ကြားထားသည်။

မိမိတို့နိုင်ငံရှိ ပထဝီအနေအထားအရ တောင်ပေါ်မြေပြန့်ကျေးရွာအနှံ့တွင် ဖြန့်ကြက်နေထိုင်သော ပြည်သူများမှာ ၇၀ ရာခိုင်နှုန်းခန့်ရှိနေသည်။ လက်ရှိကာလတွင် ကျေးလက်နေပြည်သူများ မြို့ပြများသို့ တဖြည်းဖြည်းနှင့် ပြောင်းရွှေ့လာခြင်းသည် ကျေးလက်ဒေသရှိ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှု၏ အကြောင်းအရင်းတစ်ရပ်ပင်ဖြစ်သည်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စသည့် မြို့ကြီးများအနက် စီးပွားရေးမြို့တော်ရန်ကုန်သည် နိုင်ငံ့လူဦးရေအထူထပ်ဆုံးဒေသ ဖြစ်လာခဲ့သည်။ လူဦးရေ ငါးသန်းကျော်ဝန်းကျင်သည် ရန်ကုန်တွင်စုပြုံတိုးဝှေ့နေရာယူလာကြသည်။

ထို့ကြောင့်လည်း ဒေသအနှံ့မှ အလုပ်အကိုင်ရှာဖွေသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်လာသည်။ "မြန်မာနိုင်ငံတွင် အလိုအပ်ဆုံး ရင်းနှီးမြှုပ်နှံမှုများမှာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပြီး ကျွမ်းကျင်မှုနှင့် နည်းပညာများကို ယူဆောင်လာမည့်ရင်းနှီးမြှုပ်နှံမှုများဖြစ်ပါကြောင်း" နိုင်ငံတော်အတွက် အဓိကလိုအပ်ချက်ဖြစ်ကြောင်း သမ္မတကြီးက နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများအား အတိအလင်း အသိပေးထားသည်။

တစ်ဖက်မှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း လမ်းညွှန်မိန့်ကြားလမ်းခင်းပြသလို အခြားတစ်ဖက်တွင်လည်း မိမိတို့နိုင်ငံအတွက် နမူနာအတုယူစရာ ဂျာမနီနိုင်ငံ၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုပုံစံ၊ စီးပွားရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများအပေါ် အားထုတ်မှုများ၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုများ၊ အစဉ်အလာကောင်းသော ပညာရေးစနစ်၊ စည်းကမ်းရှိမှုနှင့် အလုပ်ကြိုးစားမှု စသည်တို့အပေါ်တွင် နမူနာယူရမည်ဖြစ်ပါကြောင်းဖြင့် မိမိတို့နိုင်ငံသားများအား လုပ်ငန်းလမ်းညွှန်အဖြစ် ဖော်ညွှန်းထားခဲ့သည်။

မိမိတို့နိုင်ငံ လွတ်လပ်ရေးရလာခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကျော်ကြာလာခဲ့ပြီဖြစ်သော်လည်း ခေတ်စနစ် အမျိုးမျိုးအောက်တွင် ကောင်းနိုးရာရာရှာဖွေရင်း ဖြတ်သန်းလာခဲ့ရင်းမှ ယခုတစ်ဖန် အများလိုလားသည့် ဒီမိုကရေစီစနစ်ကို လက်တွေ့ အကောင်အထည်ဖော်ဆောင်လာသည်မှာ သက်တမ်းနုနယ်သည့် ကာလတိုလေးတစ်ခုသာရှိပါသေးသည်။ တစ်နည်း အသွင်ကူးပြောင်းရေးကာလကို ဖြတ်သန်းနေရဆဲဖြစ်ပါသည်။

ဤကာလမျိုးတွင် မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပကတိအခြေအနေများနှင့် ကိုက်ညီသော လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေရသလို နိုင်ငံတကာမှ ရယူသမျှ အကူအညီများတွင်လည်း မိမိတို့နိုင်ငံ၏ လိုအပ်ချက်များနှင့် သဟဇာတဖြစ်မည့် ပံ့ပိုးမှုများကိုလည်း စိစစ်ရွေးချယ်ဆောင်ရွက်နေသောကာလဖြစ်ပါသည်။

"တံခါးဖွင့်လိုက်သည်နှင့် အလင်းရောင်နှင့်အတူ အမှုန်အမွှားအမှိုက်သရိုက်များလည်း ပါဝင်လာတတ်သည်" ဆိုသကဲ့သို့ ဂရုပြုရန်များလည်း ရှိမည်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတကြီး လမ်းညွှန်ထားသည့်အတိုင်း နိုင်ငံရပ်ခြားအကူအညီများ၊ ရင်းနှီးမြှုပ်နှံမှုများတွင် ဒေသခံများ အတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာများ ပါဝင်လာမည်ဖြစ်ပါသည်။ အထူးသဖြင့် မိမိတို့နိုင်ငံမှ သဘာဝအရင်းအမြစ်များ ထုတ်လုပ်မှုကဏ္ဍတွင်လည်း ရင်းနှီးမြှုပ်နှံမှု လိုလားကြောင်း နိုင်ငံ့မိဘတစ်ဦး၏ ဆန္ဒကို ထုတ်ဖော်ခဲ့ပါသည်။

အကြောင်းတရားကြောင့်အကျိုးတရားဖြစ်လာသကဲ့သို့ လက်ရှိနိုင်ငံ၏ ပကတိ အခြေအနေပေါ်တွင် အခြေခံ၍ ထပ်မံဝင်ရောက်လာမည့် ရင်းနှီးမြှုပ်နှံမှုများတွင် အကျိုးရလဒ်ကောင်းများဖြစ်ပေါ်လာစေရန်နှင့် နိုင်ငံအတွက် နမူနာကောင်းများကို ရယူတတ်ကြရန် နိုင်ငံအနာဂတ်အတွက် နှစ်ဖက်လှ အစီအမံများကို တစ်နည်းအားဖြင့် နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံ့အပေါ်ထားရှိသည့်မေတ္တာ၊ စေတနာကို ခရီးစဉ်သတင်းစာရှင်းလင်းပွဲမှ တစ်ဆင့် နိုင်ငံသားအားလုံး သိခွင့်ရလိုက်ခြင်းပင်ဖြစ်ပါသည်။ ။

# ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်-၂၀၁၄ ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၅**

မြန်မာ-ဂျပန်အသင်း ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်-၂၀၁၄ ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် အင်းယားခန်းမဆောင်၌ ကျင်းပသည်။



ရှေးဦးစွာ ထူးချွန်ဆုရကျောင်းသားကျောင်းသူများက "သွေးကစကားပြောသည်"သီချင်းအား စုပေါင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာ-ဂျပန်အသင်း ဥက္ကဋ္ဌ ဦးစောလှမင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E.Tateshi HIGUCHI တို့က ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာ-ဂျပန်အသင်း ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်-၂၀၁၄ ရွေးချယ်ခံရသည့် ကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ**(အပေါ်ယာပုံ)**၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ မြန်မာ-ဂျပန်အသင်းနာယကများဖြစ်ကြသည့် ဦးဌေးဦးနှင့် ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်တို့က အသင်း၏ ဂုဏ်ပြုဆုလက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်-၂၀၁၄ အတွက် အလှူငွေများကို ကမ္ဘောဇဘဏ်လီမိတက်၊ Sky Net ရုပ်သံလိုင်း၊ GOLDEN PINYA INVESTMENT CO., LTD. နှင့် မြန်မာ-ဂျပန်အသင်းတို့က ပေးအပ်ကြသည်။

မြန်မာ-ဂျပန်အသင်း၏ ထူးချွန်ကျောင်းသားများ ရွေးချယ်ရေးကော်မတီသည် အသင်း၏ချမှတ်ထားသော ရွေးချယ်ရေးအခြေခံမူများနှင့်အညီ လူတွေ့စစ်ဆေးပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူ ၁၅ ဦးနှင့် ဝိဇ္ဇာဘာသာတွဲဖြင့် အောင်မြင်သူ ငါးဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၀ ကို ရွေးချယ်ခဲ့သည်။ အတည်ပြုရွေးချယ်ခဲ့သည့် ၂၀ တွင် ကျောင်းသား ခြောက်ဦးနှင့် ကျောင်းသူ ၁၄ ဦးတို့ ပါဝင်ကြပြီး ဧရာဝတီတိုင်းဒေသကြီးမှ သုံးဦး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ နှစ်ဦးစီနှင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တစ်ဦးစီတို့ ပါဝင်ကြသည်။

အဆိုပါ လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ လေ့လာရေးခရီးစဉ်အဖြစ် စက်တင်ဘာ ၆ ရက်တွင် မြန်မာနိုင်ငံမှ ထွက်ခွာမည်ဖြစ်ပြီး စက်တင်ဘာ ၁၄ ရက်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

အဆိုပါ လေ့လာရေးကိုယ်စားလှယ်အဖွဲ့တွင် ကျောင်းသား ကျောင်းသူများ၏ လိုအပ်သည့်အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ စီစဉ်နိုင်ရန် မြန်မာ-ဂျပန်အသင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ခြောက်ဦး၊ အနီးကပ်အုပ်ချုပ်သူ သုံးဦး၊ ထူးချွန်ကျောင်းသား ကျောင်းသူ ၂၀ နှင့် Sky Net ရုပ်သံမှ မှတ်တမ်းတင်သူ နှစ်ဦး စုစုပေါင်း ၃၁ ဦးတို့ သွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၅**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၁၉၀၀ | - | ၆၆၂၇၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၁၄၀၀ | - | ၆၆၂၂၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**


| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၉၇၀. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၂၅၄. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၅၈. ၀၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၀. ၁၈၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၃. ၇၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၀၇၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၉၁၈. ၈၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၄. ၆၃၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၅. ၈၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၇၂. ၂၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**






# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျာမနီနိုင်ငံသမ္မတတို့ တွေ့ဆုံဆွေးနွေး



**ဘာလင်  စက်တင်ဘာ  ၅**

စက်တင်ဘာ ၄ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ ဂျာမနီသမ္မတ အိမ်တော်၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်တို့ တွေ့ဆုံခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပြုပြင်ပြောင်းလဲမှုအခြေအနေများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံအတွက် ပညာတော်သင်ဆုများ တိုးမြှင့်ပေးရေးနှင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

ထို့နောက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဘာလင်မြို့ရှိ Bayerische Landesvertretung ၌ ဂျာမနီနိုင်ငံ ဟန်ဆိုင်ဒယ် ဖောင်ဒေးရှင်း (Hanns-Seidel Foundation) ဥက္ကဋ္ဌ ပရော်ဖက်ဆာ Ursula Maennle က နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဟန်ဆိုင်ဒယ် ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံ၏ အာဆီယံရေးရာ လှုပ်ရှားမှုများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီထွန်းကားရေးတို့အတွက် အကူအညီပေးလျက်ရှိသည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အစိုးရဝန်ကြီးဌာနလေးခု၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အပါအဝင် လူထုအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး စီမံကိန်း ၅၂ ခု ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆွစ်ဇာလန်နိုင်ငံသို့ ရောက်ရှိ

**ဘန်း  စက်တင်ဘာ  ၅**

ဂျာမနီနိုင်ငံ၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် စက်တင်ဘာ ၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ဘာလင်မြို့မှ ဆွစ်လေကြောင်းလိုင်း LX 967 ဖြင့် ထွက်ခွာရာ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့သို့ ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၂၀ တွင် ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ဆွစ်ဇာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဌာနမှ တာဝန်ရှိသူများ၊ ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးမောင်ဝေနှင့် တာဝန်ရှိသူများက ဇူးရစ်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(ယာပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ထွက်ခွာရာ ခေတ္တတည်းခိုမည့် ဘန်းမြို့ရှိ Hotel Bellevue Palace သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆွစ်ဇာလန်နိုင်ငံရှိ ခေတ္တတည်းခိုသည့် ဘန်းမြို့ Hotel Bellevue Palace ၌ ဆွစ်ဇာလန်နိုင်ငံ NZZ သတင်းဌာနမှ တာဝန်ရှိသူအား လက်ခံတွေ့ဆုံပြီး မေးမြန်းချက်များအား ဖြေကြားစဉ်။** (သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

အကြီးအကဲ Mr. Christian KRAEUCHI နှင့် ဘန်းမြို့အုပ်ချုပ်ရေးမှူး DR. iur. Jury WICHTERMANN တို့က Perspectives on Federalism Federal Level, Cantonal Level, Communal Level တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

ထို့နောက် ဆွစ်ဇာလန် ဖက်ဒရယ်နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန အာရှ-ပစိဖိတ်ဌာနအကြီးအကဲ သံအမတ်ကြီးက နိဂုံးချုပ်ပြောကြားခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ၏ ပြည်ထောင်စုစနစ်ကို ၁၈၄၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ စတင်ကျင့်သုံးခဲ့ကြောင်း၊ သမိုင်းတစ်လျှောက် အဆင့်ဆင့်ပြောင်းလဲပြင်ဆင်မှုများ ပြုလုပ်ခဲ့ရကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဘန်းမြို့ အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် Albert Einstein ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ပြတိုက်နှင့်ပတ်သက်၍ တာဝန်ရှိသူ Mrs. GABRIELE MOSHAMMER က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြတိုက်၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ပြတိုက်တာဝန်ရှိသူတစ်ဦးအား အမှတ်တရလက်ဆောင်ပစ္စည်းကို ပေးအပ်သည်။

အဆိုပါပြတိုက်ကို ၁၈၉၄ ခုနှစ်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မြောက်ကိုရီးယား နျူဓာတ်ပေါင်းဖို လည်ပတ်နေဖွယ်ရှိဟု အိုင်အေအီးအေပြော


မြောက်ကိုရီးယားနိုင်ငံရှိ ယွန်ပြောင်နျူကလီးယားသုတေသနဌာနကို ဂြိုဟ်တုဓာတ်ပုံတွင် တွေ့ရစဉ်။

**ဗီယင်နာ စက်တင်ဘာ ၅**

မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယား ဓာတ်ပေါင်းဖိုစက်ရုံကို လည်ပတ်နေဖွယ်ရှိကြောင်း ကုလသမဂ္ဂ အဏုမြူစွမ်းအင်လေ့လာစောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်သည့်အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံ ယွန်ပြောင်ဒေသရှိ နျူကလီးယားစက်ရုံ လည်ပတ်နေမှု အထောက်အထားကို ဂြိုဟ်တုဓာတ်ပုံများအရ လေ့လာတွေ့ရှိရကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ(အိုင်အေအီးအေ)က ပြောကြားသည်။

အိုင်အေအီးအေသည် ၂၀၀၉ ခုနှစ်ဧပြီလမှစ၍ မြောက်ကိုရီးယားနိုင်ငံရှိ ယင်းနျူကလီးယားစက်ရုံအား ဝင်ရောက်စစ်ဆေးခွင့်မရခဲ့သဖြင့် ယင်းနိုင်ငံ၏ နျူကလီးယားဆိုင်ရာ လှုပ်ရှားမှုကို ဂြိုဟ်တုဓာတ်ပုံများအရ သိရှိနိုင်ရန် ကြိုးပမ်းခဲ့သည်။ အဆိုပါစက်ရုံတွင် လျှပ်စစ်ဓာတ်အား ငါးမဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် ဓာတ်ပေါင်းဖိုတည်ရှိသည်။

ယွန်ပြောင် နျူကလီးယားစက်ရုံသည် တစ်နှစ်လျှင် ပလူတိုနီယံ ခြောက်ကီလိုဂရမ် ထုတ်လုပ်နိုင်စွမ်းရှိကြောင်း၊ ယင်းမှာ နျူကလီးယားဗုံးတစ်လုံး ထုတ်လုပ်နိုင်သည့် ပမာဏဖြစ်ကြောင်း အိုင်အေအီးအေ အစီရင်ခံစာတွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် နောက်ဆုံးအကြိမ်နျူကလီးယားစမ်းသပ်မှုကို ၂၀၁၃ ခုနှစ်အတွင်းက ပြုလုပ်ခဲ့သည်။ **ပီတီအိုင်။**



# အနောက်ဘက်ကမ်းတွင် နေအိမ်အသစ်များဆောက်လုပ်ရန် အစ္စရေးတင်ဒါခေါ်

ဂျေရုဆလင် စက်တင်ဘာ ၅

**အနောက်ဘက်ကမ်းကို သိမ်းယူထားခြင်းသည် နှစ်ပေါင်း ၃၀ ကြာပြီဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ပြီးသည့်နောက် ရက်ပိုင်းအကြာ သောကြာနေ့တွင် ယင်းနယ်မြေပေါ်၌ နေအိမ်အသစ် ၂၈၃ လုံး တည်ဆောက်ရန်အတွက် အစ္စရေးအစိုးရက တင်ဒါခေါ်ယူလိုက်ကြောင်း ဘီဘီစီက ဖော်ပြသည်။**

အနောက်ဘက်ကမ်း၏အနောက်မြောက်ပိုင်းရှိ အစ္စရေးတို့ အခြေချနေထိုင်လျက်ရှိသည့် အယ်လ်ကာနာရပ်ကွက်ကို တိုးချဲ့ရေးအတွက် လွန်ခဲ့သည့် ဇန်နဝါရီလ၌အတည်ပြုခဲ့ပြီး ကြာသပတေးနေ့တွင် တင်ဒါခေါ်ယူခြင်းဖြစ်ကြောင်း အစ္စရေး မြေယာအာဏာပိုင်က ၎င်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

၁၉၈၀ ခုနှစ်များမှစတင်၍ အနောက်ဘက်ကမ်းကို ၎င်း၏အကြီးမားဆုံး နယ်မြေသိမ်းပိုက်မှုအဖြစ် တနင်္ဂနွေနေ့တွင် အစ္စရေးက ကြေညာပြီးသည့်နောက် ယခုကဲ့သို့ တင်ဒါခေါ်ယူခြင်းဖြစ်သည်။ ဟီဘရွန်မြို့နှင့် ဘက်လီဟင်မြို့တို့အကြားရှိ ဟက်တာ ၄၀၀ ရှိသော ကွင်းပြင်တွင် ဆောက်လုပ်ရန် စီစဉ်ထားသည်ဟု ဆိုသည်။

ယင်းသို့ လုပ်ဆောင်ချက်ကြောင့် နိုင်ငံတကာမှ ပြစ်တင်ရှုတ်ချကြရာ ၎င်း၏မဟာမိတ် အမေရိကန်ပြည်ထောင်စုနှင့် အစ္စရေးအစိုးရအဖွဲ့ဝင် ဝန်ကြီးအချို့ပင် ပါဝင်သည်။

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ယင်းဆုံးဖြတ်ချက်ကို ဖျက်သိမ်းရန် အစ္စရေးနိုင်ငံအား တိုက်တွန်းပြီး ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဘန်ကီမွန်းကလည်း အစ္စရေး၏ အစီအစဉ်ကို ကြားသိရသည့်အတွက် ထိတ်လန့်တုန်လှုပ်မိကြောင်း ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ။**


အနောက်ဘက်ကမ်းဒေသရှိ ရဟူဒီအခြေစိုက်နေထိုင်ရာရပ်ကွက်တစ်ခုကို တွေ့ရစဉ်။

## ပလတ်စတစ်အိတ်သုံးစွဲမှု ကာလီဖိုးနီးယားပြည်နယ် ပိတ်ပင်မည်

**လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၅**

တစ်ခါသုံး ပလတ်စတစ်အိတ်များ အသုံးပြုမှု ပိတ်ပင်ရေး အစီအစဉ်ကို မိမိအနေဖြင့် လက်ခံမည်ဖြစ်ကြောင်း အမေရိကန် ကာလီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဂျယ်ရီဘရောင်းက စက်တင်ဘာ ၄ ရက်တွင် ပြောကြားသည်။ ကာလီဖိုးနီးယားပြည်နယ်အတွင်း ပလတ်စတစ်အိတ်သုံးစွဲမှု ပိတ်ပင်ရေး အစီအစဉ် စတင်နိုင်ပါက ယင်းပြည်နယ်သည် အမေရိကန်ပြည်ထောင်စုတွင် ပလတ်စတစ်အိတ်အသုံးပြုမှု ပိတ်ပင်သည့် ပထမဆုံးပြည်နယ်ဖြစ်လာမည်ဖြစ်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ကာလီဖိုးနီးယားပြည်နယ် လွှတ်တော်မှ ဥပဒေပြုအမတ်များက ယင်းဥပဒေကြမ်းကို မဲပေးအတည်ပြုခဲ့ပြီး ယင်းဥပဒေကြမ်းအား ပြည်နယ်အုပ်ချုပ်ရေးမှူး ဘရောင်းက လက်မှတ်ရေးထိုး အတည်ပြုရမည်ဖြစ်သည်။

**ရိုက်တာ။**

# ယူကရိန်းအရှေ့ပိုင်း၌ အပစ်အခတ်ရပ်စဲမှု ဖြစ်ပေါ်လာနိုင်

**နယူးပို့တ် စက်တင်ဘာ ၅**

ယူကရိန်းသမ္မတ ပီထရိုပိုရိုရှင်ကိုနှင့် ရုရှားလိုလားသော ခွဲထွက်ရေးအဖွဲ့ခေါင်းဆောင်တို့သည် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိမည်ဆိုပါက စက်တင်ဘာ၅ရက်နေ့မှစ၍ အပစ်အခတ်ရပ်စဲမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ ငါးလကြာ စစ်ပွဲအဆုံးသတ်နိုင်ရေးအတွက် ငြိမ်းချမ်းရေးအစီအစဉ်သစ် တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်မည်ဆိုပါက အပစ်အခတ်ရပ်စဲရေးကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံ ဝေလနယ်၌ ကျင်းပသော နေတိုးထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်လာသူ ပိုရိုရှင်ကိုက သတင်းထောက်များအား ပြောကြားသည်။

ဘီလာရုစ်နိုင်ငံ မင့်စ်မြို့၌ ကျင်းပမည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် နှစ်ဖက်စလုံးက အပစ်အခတ်ရပ်စဲ ရန် သဘောတူညီကြမည်ဆိုပါက စက်တင်ဘာ ၅ရက်မှစ၍ အပစ်အခတ်ရပ်စဲမှုဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အဆိုပါ ဆွေးနွေးပွဲကို ယူကရိန်း၊ ရုရှားနှင့် အိုအက်စ်စီအီးအဖွဲ့တို့မှ အထူးသံတမန်များ တက်ရောက်ကြမည်ဖြစ်သည်။

မင့်စ်ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးအစီအစဉ်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်မည်ဆိုပါက မိမိတို့ဘက်မှအပစ်အခတ်ရပ်စဲမည်ဖြစ်ကြောင်း ခွဲထွက်ရေးအဖွဲ့ခေါင်းဆောင် ဇာဒါချန်ကိုက ထုတ်ပြန်သည့်ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

**ရိုက်တာ။**



နေတိုး ထိပ်သီးအစည်းအဝေး ကျင်းပချိန်အတွင်း ဝေလနယ်တောင်ပိုင်း နယူးပို့တ်မြို့၌ စစ်ဆန့်ကျင်ရေး ဆန္ဒပြကြစဉ်။

# ဘရာဇီးအမေဇုန်တွင် သစ်သူခိုးများကို တိုင်းရင်းသားများ ဖမ်းဆီး

**ဆွာပေါ်လို စက်တင်ဘာ ၅**

ဘရာဇီးနိုင်ငံ အမေဇုန်ဒေသတွင် ဌာနေ တိုင်းရင်းသားလူအုပ်စုတစ်စုက ၎င်းတို့ ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင်လာခဲ့သော နယ်မြေအတွင်း၌ တရားမဝင် သစ်ခိုးခုတ်နေကြသူများကို ဖမ်းဆီး၍ နှင်ထုတ်ခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ကာပေါ်မျိုးနွယ်စုခေါင်းဆောင်များက ဘရာဇီး အာဏာပိုင်များသည် ၎င်းတို့ကို အကာအကွယ်ပေးရန် ပျက်ကွက်လျက်ရှိသည်ဟု စွပ်စွဲကြသည်။

၎င်းတို့သည် သစ်တင်ထရပ်ကားများနှင့် သစ်ဖြတ်လွှများကို မီးရှို့ဖျက်ဆီးကာ သစ်သူခိုးများကို ကြိုးဖြင့်တုပ်၍ မောင်းထုတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။ မာရန်ဟာအိုပြည်နယ် အရှေ့မြောက်ပိုင်း တိုင်းရင်းသားတို့၏ ပိုင်နက်မြေအတွင်း၌ တွေ့ရှိရသော သစ်လုံးများကိုလည်း ဖျက်ဆီးခဲ့သည်။ အဆိုပါ ဖြစ်စဉ်များသည် ဩဂုတ် ၇ ရက်တွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သော်လည်း ရိုက်တာသတင်းဌာနက ယခုအချိန်မှ ဖော်ပြခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ **ဘီဘီစီ။**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အမှတ် (၁၁) အကြီးစားစက်ရုံ (ရန်ကုန်) အား စစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အမှတ် (၁၁) အကြီးစားစက်ရုံ (ရန်ကုန်) အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စက်တပ်ဆင်မှုလုပ်ငန်းများ သတ်မှတ်လျာထားချက်အတိုင်း ပြီးစီးရေး၊ ထုတ်လုပ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီမှုရှိစေရေး၊ ဈေးကွက်ကို ကြိုတင်လေ့လာရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ လျှော့ချနိုင်ရေး၊ နိုင်ငံတော်အနေဖြင့် နိုင်ငံပိုင်အခန်းကဏ္ဍလျှော့ချပြီး ပုဂ္ဂလိကအခန်းကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့၏ စက်ရုံအလုပ်ရုံများကို ပုဂ္ဂလိကသို့ ငှားရမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ခံယူချက်မှန်ကန်မှုရှိဖို့ လိုအပ်ပါကြောင်း၊ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိဖို့လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်မြှင့်တင်မှုနှင့်အတူ လိုက်ပါပြီး နိုင်ငံတော်၊ ဝန်ကြီးဌာနနှင့် မိမိစက်ရုံအပေါ် တာဝန်ကျေစေရေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကုန်တင်မော်တော်ယာဉ်ထုတ်လုပ်မှုစီမံကိန်း၏ Chassis Frame Production Shop ရှိ Shot Blasting Machine၊ Radial Drilling Machine၊ CNC Punching Machine နှင့် Bending Machine စက်များ တပ်ဆင်ပြီးစီးမှု၊ Assembly Shop ရှိ Painting Line Foundation တည်ဆောက်ပြီးစီးမှုနှင့် Cabin Trimming Line၊ Vehicle Assembly Line၊ Engine Assembly Line နှင့် Cabin Welding Line တပ်ဆင်ပြီးစီးမှု၊ Oil Tanker နှင့် Fire Fighting Truck များအတွက် Tank ပြုလုပ်ထားမှု၊ Mobile Vocational Training Unit အတွက် Container ယာဉ်တည်ဆောက်ထားမှုနှင့် 2 Ton Foton မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ကုန်တင်မော်တော်ယာဉ်ထုတ်လုပ်မှုစီမံကိန်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Heavy Duty Truck Group Co., Ltd. နှင့် ပူးပေါင်းအကောင်အထည်ဖော်ခဲ့ရာ စီမံကိန်းလုပ်ငန်းများ ပြီးစီးသွားပါက ၁၀-၁၅ တန် ကုန်တင်မော်တော်ယာဉ်များ တစ်နှစ်လျှင် ၁၅၀၀ စီးခန့် ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**


လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့
မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့
စက်တင်ဘာလ ၁၃ ရက်နေ့
END HUMAN TRAFFICKING
လူသားအချင်းချင်းစာနာလို့
လူကုန်ကူးမှုတိုက်ဖျက်စို့
၂၀၁၄ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်မှန်းချက် (၅)ရပ်
UN-ACT unicef AAPTIP World Vision Save the Children JICA IOM FXB


# တားမြစ်ဆေးဝါးဆန့်ကျင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၅**

ပထမအကြိမ် အမျိုးသားအဆင့် တားမြစ်ဆေးဝါးဆန့်ကျင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် အားကစားလေ့ကျင့်ရေး စခန်းအတွင်းရှိ Multipurpose Hall ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း တက်ရောက်အမှာစကားပြောကြားရာတွင် ၂၀၀၉ ခုနှစ်က ထုတ်ဝေခဲ့သော တားမြစ်ဆေးဝါးထိန်းချုပ်ရေးဥပဒေကို WADA အဖွဲ့ဝင်နိုင်ငံအသီးသီးနှင့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီအဖွဲ့ဝင်နိုင်ငံများမှ အကြံပြုချက်ဖြင့် ၂၀၁၅ ခုနှစ် တားမြစ်ဆေးဝါးထိန်းချုပ်ရေးဥပဒေသည် သန့်ရှင်းသော၊ တရားမျှတသော၊ အားကစားသမားများ အန္တရာယ်ကင်းသော၊ အားကစားလောကတည်ဆောက်ရန်ကြိုးပမ်းသော အဖိုးမဖြတ်နိုင်သည့် ကြိုးပမ်းချက်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များအနေဖြင့် ၂၀၁၅ ခုနှစ် တားမြစ်ဆေးဝါးထိန်းချုပ်ရေးဥပဒေ World ANTI-Doping (ODE) ကို လိုက်နာရမည်ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲမှ တားမြစ်ဆေးဝါးဆိုင်ရာ အတွေ့အကြုံများကို လေ့လာဆည်းပူး၍ ဆွေးနွေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတကာနှင့် ဒေသဆိုင်ရာများတွင် ဆောင်ရွက်နေသော တားမြစ်ဆေးဝါးဆန့်ကျင်ရေးကိစ္စရပ်များ၊ တားမြစ်ဆေးဝါးသုံးစွဲမှုကြောင့် ကျန်းမာရေးအခြေအနေပြောင်းလဲဖြစ်တည်မှု၊ ရောဂါကုသရေးဆိုင်ရာအတွက် တားမြစ်ဆေးအသုံးပြုခဲ့ပါက သက်ညှာခွင့်ပြုခြင်း၊ ၂၀၁၅ ခုနှစ် အဓိကပြောင်းလဲလာသော ပြဋ္ဌာန်းချက်ဥပဒေသစ်များနှင့် နိုင်ငံတကာအားကစားအဖွဲ့အစည်းများအကြောင်း တားမြစ်ဆေးဝါးဆန့်ကျင်ရေးအတွက် ပညာပေးလုပ်ငန်းစီမံခန့်ခွဲခြင်းနှင့် ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အငှားယာဉ်ပေါ်ကျန်ခဲ့သည့်အိတ် ပိုင်ရှင်အမေရိကန်နိုင်ငံသားထံ ပြန်လည်ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၅**

အငှားယာဉ်ပေါ် မေ့ကျန်ခဲ့သည့် ကျောပိုးအိတ်တစ်လုံးကို ပိုင်ရှင်ဖြစ်သူ အမေရိကန်နိုင်ငံသား Mr. Roco. Robertino Angelo ထံသို့ ပြန်လည်ပေးအပ်ပွဲကို စက်တင်ဘာ ၅ ရက် မွန်းလွဲပိုင်းက ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။ **(အောက်ပုံ)**



ဖြစ်စဉ်မှာ စက်တင်ဘာ ၄ ရက် ည ၇ နာရီ ၁၅ မိနစ်ခန့်က စီးတီးတက္ကစီအမှတ် E-20935 ယာဉ်မောင်း ဦးဇော်ဇော်သည် ရွှေရသာ စားသောက်ဆိုင်အနီးတွင် နိုင်ငံခြားသားဧည့်သည် အမျိုးသား သုံးဦး၊ အမျိုးသမီးတစ်ဦးနှင့် မြန်မာအမျိုးသမီးတစ်ဦးတို့အားတင်ဆောင်၍ ရွှေဂုံတိုင်ဟိုတယ်အနီးသို့ ပို့ဆောင်ပြီး အလုံမြို့နယ်ရှိ (CNG)ဆိုင်သို့ ဂက်စ်ထည့်ရန် သွားရောက်စဉ် ယာဉ်နောက်ခန်းအတွင်း၌ အုန်းခွံရောင်ကျောပိုးအိတ်တစ်လုံးတွေ့ရှိ၍ ပြန်လည်ပေးအပ်နိုင်ရန် ရှာဖွေသော်လည်း မတွေ့ရှိသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အပ်နှံပြီး အိတ်အားစစ်ဆေးရာ မြန်မာငွေ ၅၀၀၀ ကျပ်တန် ခုနစ်ရွက်၊ တစ်ထောင်ကျပ်တန် တစ်ရွက်၊ အမေရိကန်နိုင်ငံ Passport တစ်အုပ်၊ အမေရိကန်ဒေါ်လာ ၅၀ တန် တစ်ရွက်၊ ၂၀ တန် သုံးရွက်၊ ငါးဒေါ်လာတန် တစ်ရွက်၊ Visa Card တစ်ခု၊ Master Card တစ်ခု၊ Auto Driving License Card တစ်ခု၊ စပရေးဘူးငယ် တစ်ဘူး၊ ipad တစ်လုံး၊ ဘောပင် တစ်ချောင်း၊ Memory Stick 8/GB တစ်ခု၊ ကျောပိုးအိတ်အုန်းခွံရောင် တစ်လုံးတို့ကို စနစ်တကျသိမ်းဆည်းထိန်းသိမ်းကာ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ အကူအညီဖြင့် ပိုင်ရှင်ဖြစ်သူအား ရှာဖွေအပ်နှံနိုင်ခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသား Mr.Roco. Robertino Angelo က ယာဉ်မောင်း ဦးဇော်ဇော်နှင့် အဘက်ဘက်မှ ကူညီပေးသည့် တာဝန်ရှိသူအားလုံးအား ကျေးဇူးတင်လျက်ရှိပြီး "ဂုဏ်ယူပါတယ်မြန်မာ"ဟု ပြောကြားသွားသည်။ **(၁၉၇)**


ကောင်းသတင်းကျော်ကြား ရွှေလက်ဆောင်စာစဉ်များ

အမေးသိမှ ဖြေဆိုတတ်မှာပါ။
ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ၂၀၀၂ မှ ၂၀၁၄ ခုနှစ်ထိ
တက္ကသိုလ်ဝင်စာမေးပွဲတွင် မေးခဲ့သောဘာသာရပ်များအတွက်
မေးခွန်းများအပြည့်အစုံကို အခန်းလိုက်စုစည်း၍
အမှတ်ပေးစည်းမျဉ်းနှင့်အညီ ဖြေဆိုပေးထားသည့်

ရွှေလက်ဆောင်
Reg. 3123/2003
မေးခွန်းဟောင်းအပြည့်အစုံနှင့်စံပြအဖြေများ
တစ်ဘာသာချင်း၊ တစ်အုပ်ချင်း
ထွက်နေပါပြီ။

စာစစ်အတွေ့အကြုံရှိ လက်ရှိသင်ကြားနေသည့် ဝါရင့်ဆရာ၊ဆရာမကြီးများကိုယ်တိုင် ရေးသားထားသည်။
ဆရာမကြီးဒေါ်ခင်မြင့်ကြည် မြန်မာစာ
တွဲဖက်ပါမောက္ခ (ငြိမ်း)
ဆရာကြီးဦးချစ်စိန် အင်္ဂလိပ်စာ
ဆရာကြီးဦးအောင် သင်္ချာ
ပါမောက္ခ M.Sc. (Maths)
ဆရာကြီးဦးချမ်းလင်း ဓာတုဗေဒ
M.Sc. (IC); Dip in F.T
ဆရာမကြီးဒေါ်ယဉ်ယဉ်လှ ရူပဗေဒ
M.Sc. (Physics)
ဆရာမကြီးဒေါက်တာမော်လီမောင် ဇီဝဗေဒ
B.Sc (Hons), M.Sc.,Ph.D
(University of Queensland), Australia
ဆရာပြည်ဟိန်းကျော် ဘောဂဗေဒ

(ဆင်တူယိုးမှား အတုအပစာအုပ်များ သတိပြုကြပါ။)
နယ်မြို့အသီးသီးရှိ စာအုပ်ဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။



ROYAL ORCHID PLUS
ROYAL ORCHID PLUS Promotion
Royal Orchid Plus member ဝင်ပြီး
Europe Ticket တစ်စောင်ဝယ်ရုံဖြင့်
ရရှိနိုင်မည့်အထူးအခွင့်အရေးများစွာ.....
Up to 25 Sep'14
BUY 1 GET 1
Buy RGN-BKK-LONDON/PARIS/MADRID round ticket
Get FREE RGN-BKK-RGN ticket with 1 year validity
BUY 2 GET 1
Buy RGN-BKK-BRUSSELS/ZURICH/ROME/MILAN/OSLO/FRANKFURT/MUNICH/COPENHAGEN-BKK-RGN ticket & RGN-BKK-RGN ticket
Get FREE RGN-BKK-RGN ticket with 1 year validity
Benefit of ROP
- Immediately get Silver status with validity "2 Years of ROP membership".
- 10 Kgs excess baggage allowance.
- Priority on waitlisted reservation and Airport standby on fully booked flights.
- Fast check-in at any check in counter on network.
TG ၏ အထူးစိတ်ဝင်စားဖွယ်
Special Promotion များစွာ.....
Columbus TRAVELS
T: 229245, 216245, 378535, 378549

# မမေ့နိုင်တဲ့ စာတတ်မြောက်ရေး

ဦးဟန်ညွှန့်(ဥပဒေ)

**နှစ်၅၀**

နှစ် (၅၀) ပြည့်ပြီ။ ရွှေရတုတိုင်ပြီ. . . တဲ့။ ဘာလိုလိုနဲ့သက်တမ်းအိုပြီ။ သို့သော် မနေ့တစ်နေ့ကလိုပါပဲ။ လွန်ခဲ့သော ကာလများ မကြာသေးဟု ထင်နေသည်။ ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်။ ဥပဒေကျောင်းသားဘဝ။ ၁၉၆၇ ခုနှစ်မှ ၁၉၇၂ ခုနှစ်။

**'အ'သုံးလုံး**

-အရေး၊အဖတ်၊ အတွက် ဟူသော 'အ'သုံးလုံး။

-ရေးခြင်း၊ ဖတ်ခြင်း၊ တွက်ခြင်းဟူသော ပညာရေး။

-တောနေပြည်သူ၊ ဆင်းရဲသားအများစုကို၊ စာသင်ပေးခြင်း။

-စာမတတ်သူ၊ ဘဝအလင်းမခံစားရရှာသူများအား တက္ကသိုလ်လူငယ် ကျောင်းသားများက စေတနာဖြင့် ကျေးဇူးဆပ်ခြင်း။

-ဤသို့သော မွန်မြတ်သည့်အလုပ်၊ ကမ္ဘာကျော်သည့်မှတ်တမ်း။

-ပြည်သူအပေါင်းနှစ်ထောင်းအားရ ကြိုဆိုလက်ခံခဲ့ကြသော 'အ'သုံးလုံး စီမံကိန်းကြီး။

**ဆရာကြီး ဦးသံဗျင်(၁၉၀၄-၁၉၉၇)**

ဆရာကြီး ဦးသံဗျင်သည် ပညာရေးဝန်ကြီးဌာန အထူးအရာရှိတစ်ဦး ဖြစ်၏။ ၁၉၆၄ ခုနှစ် နွေရာသီတွင် မိတ္ထီလာမြို့နယ် အရှေ့စံပြကျေးရွာ၌ စာမတတ်သူပပျောက်ရေး စမ်းသပ်လုပ်အားပေးလုပ်ငန်းကို ကျောင်းဆရာ (သင်တန်းသား) လေးဦးဖြင့် စတင်ဆောင်ရွက်ခဲ့၏။ ထို့နောက် (ထိုစဉ်က) ပညာရေးဝန်ကြီး ဗိုလ်မှူးကြီးလှဟန်သို့ အစီရင်ခံခဲ့၏။ ၁၉၆၄ မှ ၁၉၆၈ ထိ မြို့နယ်အချို့တွင် စမ်းသပ်ဆောင်ရွက်ခဲ့၏။ ယင်းအတွေ့အကြုံများမှ တစ်ဆင့် တစ်နိုင်ငံလုံးစာတတ်မြောက်ရေးလူထုလှုပ်ရှားမှုကြီး ပေါ်ပေါက်လာပါ၏။ ဆရာကြီး ဦးသံဗျင် အခြေခံခဲ့သော လုပ်ငန်းဖြစ်ပါ၏။

**ယူနက်စကို**

အသုံးလုံးလူထုလှုပ်ရှားမှုကြီး၏ အောင်မြင်မှုကို ကမ္ဘာကပင် အသိအမှတ်ပြုခဲ့ပါ၏။ ကမ္ဘာ့ကုလသမဂ္ဂ ယူနက်စကိုက (၁၉၇၁)ခုနှစ်တွင် မိုဟာမက်ရီဇာပါလာဗီဆု ချီးမြှင့်ခဲ့ပါ၏။ သမိုင်းသက်သေဖြစ်ပါပေ၏။ ပြည်သူတို့ ပျော်ခဲ့ကြပါ၏။ ယနေ့တိုင် မမေ့နိုင်ပါ။

**သမိုင်းဝင်**

"ကျောင်းသားလူငယ်တွေရဲ့ မြန်မာနိုင်ငံစာတတ်မြောက်ရေးလှုပ်ရှားမှုလုပ်အားပေးပွဲဟာ သာမန်မဟုတ်ပါဘူး။ သမိုင်းဝင်လုပ်အားပေးပါ။ သေးသေးနုပ်နုပ် မဟုတ်ပါဘူး။ အစဉ်အလာကောင်းကို ထိန်းသိမ်းတဲ့အနေနဲ့ လုပ်ဆောင်ခြင်းပါပဲ" ဟု မြန်မာနိုင်ငံစာတတ်မြောက်ရေး ဥက္ကဋ္ဌ ဆရာကြီး ဦးသန်းဦးက မြွက်ကြားပါ၏။ ကျွန်တော်တို့ ကျောင်းသားလူငယ်များအားလုံး ကြည်နူးမိပါ၏။ ဂုဏ်ယူမိပါ၏။ ကျေးလက်ပြည်သူမိဘများနှင့် ခဏတာတွေ့ဆုံမှုများကို လွမ်းဆွတ်မိပါ၏။ ပြန်လည်တမ်းတမိပါ၏။

**ကျောင်းပိတ်ရက်**

နွေရာသီကျောင်းပိတ်ရက်ဖြစ်ပါ၏။ ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် တစ်ခုလုံး အုန်းအုန်းကျွတ်ကျွတ် ဖြစ်နေပါ၏။ ကျောင်းပိတ်၍ မိဘရပ်ထံပြန်မည့်သူ၊ အချိန်အား၍ လျှောက်လည်မည့်သူ၊ အစီအစဉ်မျိုးစုံဖြင့် အနားယူမည့်သူတွေ စုံနေပါ၏။ 'အ'သုံးလုံးလုပ်အားပေးခရီးသွားဖို့မှာ ထူးခြားနေပါ၏။ စာမတတ်ရှာသည့် ကျေးလက်တောရွာများမှ ပြည်သူများသို့ စေတနာဖြင့်သွားပြီး စာသင်ကြားရမည့် အစီအစဉ်ဖြစ်ပါ၏။

**မင်္ဂလာသာစည်ကျေးရွာ**

ပုဂံ-ညောင်ဦးမြို့နယ် မင်္ဂလာသာစည်ကျေးရွာသို့ 'အ'သုံးလုံးကျေ စာသင်ကြားရန် ကျွန်တော်ရွေးချယ်ခဲ့ပါ၏။ (ထိုစဉ်က) မင်္ဂလာသာစည်ကျေးရွာတွင် တောင်းရမ်းစားသောက်သူ(ကယ်ပါ)အချို့ရှိကြောင်း ထိုရွာသို့ လုပ်အားပေး မသွားချင်သူက များနေကြောင်း ကြီးကြပ်သူဆရာမ ဒေါ်မြမြဝင်း (မြန်မာစာဌာန)က ပြောလည်းပြော၊ ရွေးလည်းရွေး၍ လုပ်အားပေးကျောင်းသားရှာနေပါ၏။ ကျွန်တော်လိုလိုလားလား စာရင်းပေး၍ သွားရောက်ခဲ့ပါ၏။ ကိုယ့်ဆန္ဒနှင့်ကိုယ်ပါ။

**စိတ်ဓာတ်စစ်ဆင်ရေး**

ကျေးရွာမိဘပြည်သူများသည် ကျွန်တော့်၏ မိဘများသာဖြစ်ပါ၏။ ဘယ်သူတွေက ဘာပြောပြော စိတ်မနှောဖြူစင်သူ၊ အခြေအနေအရ ဘဝအခြေမလှခဲ့သော်လည်း ပြုပြင်ပြောင်းလဲခဲ့ကြပါ၏။ ရင်းရင်းနှီးနှီး၊ ချစ်ချစ်ခင်ခင်၊ သံယောဇဉ်ဖြစ်ခဲ့ကြပါ၏။ မင်္ဂလာသာစည်တစ်ရွာလုံး ရွှင်ပြုံးခဲ့ကြပါ၏။ စာမတတ်သူပပျောက်ရေး ဝိုင်းဖွဲ့ဆွေးနွေးခဲ့ကြပါ၏။ အရေး၊ အဖတ်၊ အတွက် ပညာလေ့လာခဲ့ကြပါ၏။ ဘာပြဿနာမှမရှိ။

**ကဗျာဆရာမောင်နီသင်းနှင့်အဖွဲ့**

လုပ်အားပေးကျောင်းသား ကျွန်တော်တစ်ဦးတည်း မဟုတ်ဘဲ ပညာရေးတက္ကသိုလ်မှ B.Ed ကျောင်းသား ကိုတင်ဝင်း(ကဗျာဆရာ ပျဉ်းမနားမောင်နီသင်း)ရောက်ရှိလာပါ၏။ ကိုတင်ဝင်းက ပညာရေးကျောင်းသားဖြစ်သဖြင့် 'အ'သုံးလုံးပညာကို အတော်ကျွမ်းကျင်သူဖြစ်ပါ။ 'အ'သုံးလုံးသင်တန်းသူ/သားများနှင့် စာသင်ရင်း ကဗျာစပ်ပြပါ၏။ ကဗျာရွတ်ပြပါ၏။ "အဘိုးကြီးအို၊ ခါးကုန်းကုန်း၊ မသေပါနဲ့ဦး"ဟု ကိုတင်ဝင်းက ရွတ်ပြရင်း တုတ်ကောက်တစ်ချောင်းဆောင်၍ အဘိုးကြီးအိုပုံသဏ္ဌာန်ခါးကုန်းပြပါ၏။ ရွာသူရွာသားများ ပျော်နေကြပါသည်။ ကိုတင်ဝင်းနှင့်အတူ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ စိတ်ပညာအဓိက ကိုအေးကြိုင်နှင့် ကိုရီဝေတို့လည်း မရှေးမနှောင်းပင် မင်္ဂလာသာစည်ရွာသို့ ရောက်လာကြပြီး လုပ်အားပေးကြပါ၏။ တက္ကသိုလ်ကျောင်းသားဆိုပြီး ဟန်ကြီး ပန်ကြီးလုပ်ကြသူများ မဟုတ်ပါ။ ရွာမှာ ထင်းခွေ၊ ရေခပ်၊ မြစ်ဘေးမှာ ငါးမျှား၊ ညအခါ မျှား၍ရသောငါးနှင့် ပုစွန်ကို ရွာသားများနှင့်အတူ မီးဖုတ်စားကြပါ၏။ ငါးမီးဖုတ်၊ ပုစွန်မီးဖုတ်ကို ကိုတင်ဝင်းနှင့် ကျွန်တော် ကပ်ဝါးပါ၏။ တော်တော်အရသာရှိပါ၏။ ယနေ့တိုင် မင်္ဂလာသာစည်ကျေးရွာ(ယခုမြို့ပြဖြစ်နေပါပြီ)မှ မိဘများ၊ ရွာသူရွာသားများအား သတိရလွမ်းဆွတ်နေပါ၏။

**စစ်ပညာသင်တန်း**

ထူးထူးခြားခြား မည်သူမျှ မလုပ်နိုင်ခဲ့သော အလုပ်မှာ စစ်ပညာသင်တန်းပေးခဲ့ခြင်းဖြစ်ပါ၏။ ကျွန်တော်သည် ရန်ကုန်တက္ကသိုလ် လေ့ကျင့်ရေးတပ် (အရန်တပ်ရင်းဟုခေါ်ပါ၏) တွင် တပ်ကြပ်အဆင့်အထိ သင်တန်းဆင်းအောင်မြင်ဖူးပါ၏။ သို့ဖြစ်၍ 'အ'သုံးလုံးစာသင်ရင်း လူငယ်တချို့အား စစ်ပညာသင်တန်းသင်ပေးခဲ့ပါ၏။ အများကြီး၊ အားကြီး မဟုတ်ပေမယ့် အခြေခံစစ်ပညာ (ဘယ်၊ညာ၊သက်သာ၊ ရှေ့ကြည့်၊ နောက်လှည့်မျှကိုဖြင့်) တိတိကျကျသင်ပေးခဲ့ပါ၏။"အပြေးတက်"ဟူသော အသံများဖြင့် ပုဂံရွှေစည်းခုံဘုရားနားအထိ စစ်ပညာလေ့ကျင့်ခဲ့ကြပါ၏။ ထိုစဉ်ကာလက မြို့သူမြို့သားများ မှတ်မိဦးမည်ထင်ပါ၏။ ဓာတ်ပုံမှတ်တမ်းကလေးတစ်နေ့က ထုတ်ကြည့်ရာ (စစ်ပညာသင်တန်းပေးနေပုံကလေး) ပြန်တွေး၍ မျက်ရည်စိုစို့၊ လွမ်းမို့မို့ပင် ဖြစ်ပါသေး၏။ ရှားပါးဓာတ်ပုံကလေးပါ။

**ဗိုလ်တထောင်သတင်းစာ(၁၉၇၁)**

စာရွက်စာတမ်းမှတ်တမ်းဟောင်းများ ပြန်ရှာ၊ပြန်ဖတ်ကြည့်ရာ ၁၉၇၁ ခုနှစ်က ထုတ်ဝေသော ဗိုလ်တထောင်သတင်းစာဖြတ်ပိုင်းများ(ဝါကြန့်ကြန့် ဆွေးနေပြီ)ပြန်တွေ့ပါ၏။ မင်္ဂလာသာစည်ရွာ၌ ကိုတင်ဝင်း၊ ကိုအေးကြိုင်၊ ကိုရီဝေတို့နှင့်အတူ စာသင်ပေးပုံ၊ စာတမ်းပြုစုပုံ၊ စစ်ပညာသင်ပေးပုံများ သတင်းဖော်ပြထားပါ၏။ အဆိုပါ မှတ်တမ်းများအား မှတ်တမ်းအဖြစ် ရန်ကုန် 'အ'သုံးလုံးရွှေရတုပွဲ(ပြပွဲကော်မတီ)သို့ ပေးပို့လှူဒါန်းခဲ့ပါပြီ။ လူငယ့်ဘဝ စေတနာသက်သက်ဖြင့် ကျေးလက်များသို့ အကျိုးပြုနိုင်ပုံကို မျိုးဆက်သစ်လူငယ်များအား မျှဝေသည့်သဘောဖြစ်ပါ၏။ ကြွားဝါခြင်းအလျဉ်းမရှိ ပကတိစေတနာဖြစ်ပါ၏။ ယနေ့လူငယ်တွေသည် ကျွန်တော်တို့ခေတ်လူငယ်တွေ ထက်ပို၍ တော်ကြပါ၏။ တော်စေချင်ပါ၏။ လေ့လာစရာတွေ၊ ဆည်းပူးစရာတွေ ပြည်သူ့အကျိုးသယ်ပိုးစရာတွေ (တကယ်သာလုပ်ချင်ရင်)များလှပါ၏။ သမိုင်းက လူငယ်တွေကို စောင့်ကြည့်နေမည်မှာ သေချာပါ၏။

**ထိုစဉ်က သူငယ်ချင်းများ**

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်(၁၉၆၇ မှ ၁၉၇၁) တက်စဉ်က(ထိုစဉ်က) သူငယ်ချင်းများကို ပြန်လည်သတိရနေမိပါသေးသည်။ ကိုကျော်ကျော်(ရူပဗေဒ)၊ ကိုဟန်တင်(ရူပဗေဒ)၊ ကိုသိန်းထိုက်(ရူပဗေဒ)၊ ကိုသန်းထွန်း(ရူပဗေဒ)တို့လည်း ပုဂံ၊ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာမှာ လုပ်အားပေးခဲ့ကြသည်။ သန္တာကျော်(စာရေးဆရာမကြီး ဒေါ်ရီကြိန်၏သမီး)(ရူပဗေဒ)၊ မြမြသင်း (ရူပဗေဒ)တို့လည်း ပါဝင်သည်။ ကိုနေဝင်း(မြန်မာစာ)၊ စောမဥ္ဇူ(ဖျာပုံ)(မြန်မာစာ)၊ မစန်းမြင့်(ညိုညိုယဉ်၊ ဒိုက်ဦး) (မြန်မာစာ)တို့သည် မြင်းခြံခရိုင် ဂေါင်းကွဲကျေးရွာတွင် လုပ်အားပေးသည်။ ရွာသူရွာသားများနှင့်အတူ လှည်းစီးကြသည်။ ပျိုးနုတ်ကြသည်။ ကောက်စိုက်ကြသည်။ ရွာသူရွာသားများက သင်တန်းတစ်လ မလုပ်ကြနှင့်၊ တို့ရွာမှာပဲ တစ်သက်လုံးနေကြ၊ တို့နဲ့အတူ စားအတူ၊ သွားအတူ၊ စာတတ်တော့လည်းအတူတူ၊ ရန်ကုန်ရွှေတိဂုံဘုရားကြီး အတူသွားဖူးရအောင်တဲ့။ အသည်းထဲစွဲသွားအောင် သံယောဇဉ်ဖြစ်ကြသည်။ 'အ'သုံးလုံးခရီး၏ကျေးဇူး၊ ဆရာမ ဒေါ်မြမြဝင်း(မြန်မာစာ)နှင့် ဆရာမဒေါ်နော်အင်ဂျလင်း (သမိုင်း)တို့ကလည်း မြို့ မပြန်ချင်။ တောမှာပင် ချစ်ချစ်ခင်ခင်နေချင်ကြသည်။ သို့သော်လည်း အချိန်တန်၍ အိမ်ပြန်ကြသောအခါ---။

**ဘယ်သူပြိုင်၍ လှပါတော့နိုင်**

စာရေးဆရာ ဒါရိုက်တာ ဘဘဦးသုခ ရိုက်ကူးသော "ဘယ်သူပြိုင်လို့ လှပါတော့နိုင်" ရုပ်ရှင်ကို ကြည့်ရသောအခါ ရင်နင့်ကြသည်။ မျက်ရည်စို့ကြရသည်။ အချို့ငိုကြသည်။ ဟန်ဆောင်ပန်ဆောင်ငိုခြင်းမဟုတ်၊ ရင်ထဲက ငိုခဲ့တာပါ။ ဘာကြောင့်လဲ၊ 'အ'သုံးလုံးခရီးသည် လူငယ်ကျောင်းသားအပေါင်းက ထုံးဟောင်းသက်သေပါ။ ရုပ်ရှင်က တကယ်ဖြစ်နေလို့ပါ။ ရုပ်ရှင်ထဲက သရုပ်ဆောင် အကယ်ဒမီ အံ့ကျော်(အံ့ကျော်ပေါင်းများစွာ) တကယ်တွေ့ကြုံခဲ့ရလို့ပါ။ ပြည်သူကို ချစ်သည်။ မိဘကို ချစ်သည်။ သားတို့သမီးတို့ သမိုင်းပေးတာဝန်ကျေချင်တာပါ။ တက္ကသိုလ်ကျောင်းသား ကျောင်းသူဆိုပြီး အဖေနှင့် အမေတို့က ချိုးဖို့ရေခပ်ပေးကြသည်။ တစ်အိမ်တစ်ခွက် ဟင်းချက်ပေးကြသည်။ မှက်၊ ခြင်၊ ယင်မကိုက်ရအောင် ယပ်ခတ်ပေးကြသည်။ သမီးတို့ကို သနပ်ခါးသွေးပေးခဲ့ကြသည်။ သားတို့ကို ထမ်းပိုးပေးခဲ့ကြသည်။ ကျေးလက်ပြည်သူမိဘများ၏ စေတနာကို ဘယ်သူတွေ ပြိုင်လို့နိုင်မည်လဲ။ တက္ကသိုလ်လူငယ်ကျောင်းသား ကျောင်းသူများ၏စေတနာကိုရော ဘယ်သူ ပြိုင်နိုင်မလဲ။

**ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး**

ကျေးရွာတွေ ဖွံ့ဖြိုးဖို့ အရေးကြီးသည်။ တောသူတောင်သားလူငယ်များ ဘဝမမေ့ကြဖို့လည်း ပို၍ပို၍ အရေးကြီးသည်။ တက္ကသိုလ်ရောက်၊ ဘွဲ့ရ၊ မြို့ပြမှာပင် နေချင်သည်။ ဇာတိကျေးရွာ မပြန်ချင်ပါ။ တောကိုမေ့၊ မြို့ပြမှာပျော်၊ စာတော်တာ ဘာလုပ်ဖို့လဲ။ ထဲထဲဝင်ဝင်ဖြစ်စေချင်ပြီ။ အသိပညာအတတ်ပညာ၊ နိုင်ငံတကာပညာရပ်တွေ၊ လေ့လာသိမြင်ဆည်းပူးမှုတွေ ဘယ်အခြေရောက်နေသလဲ။ ကိုယ့်ဒေသ၊ ကိုယ့်ရပ်ရွာသာယာဖို့၊ တိုးတက်ဖို့ လူငယ်တို့ လက်တို့ကြပါ။ အားစိုက်ကြပါ။ ခွန်အားပေးကြပါ။ ဆင်းရဲနွမ်းပါးရှိပါငြားလည်း စွမ်းအားကုလျှင် ကြည်ဖြူပါမည်။ ဘက်စုံဖွံ့ဖြိုးရေးကြံဆောင်ကြပါ။ ဝိုင်းလုပ်ပါ။ အပြစ်ပြောနေရုံဖြင့် အလုပ်ဖြစ်မည်လား။ စဉ်းစားကြပါ။ စာမတတ်သူ ပပျောက်ရေးမှ စာဖတ်သူတိုးပွားရေးသို့ လုပ်ကြရပါဦးမည်။

**ဆရာ ဆရာမများ**

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်(ထိုစဉ်က)ဥပဒေပါမောက္ခ ဦးတင်အုံးနှင့် ကထိက နည်းပြဆရာ ဆရာမများ 'အ'သုံးလုံးခရီးစဉ်တွင် ကြီးကြပ်ခဲ့သော ဆရာမ ဒေါ်မြမြဝင်း(မြန်မာစာဌာန)၊ ဆရာမ ဒေါ်နော်အင်ဂျလင်း (သမိုင်းဌာန)တို့အား သတိရဂါရဝပြုပါသည်။ ထိုစဉ်က ထုတ်ဝေခဲ့သော 'အ'သုံးလုံးမဂ္ဂဇင်း(ပဲ့တင်သံ)အောင်မြင်စွာ ဖြန့်ဝေရန် ပညာရေးသုတသနပြုရုံ(ထိုစဉ်က အသုံးအနှုန်း)က ကူညီခဲ့ပါသည်။ ဆရာကြီး ဦးသန်းဦး၊ ဦးဇော်ဝင်း၊ ဦးအေးစိုး၊ ဦးစောအောင်(မော်ကွန်းထိန်း)(ပညာရေးတက္ကသိုလ်)၊ ဦးတင်မြင့်(ပညာရေးတက္ကသိုလ်)တို့ကိုလည်း မမေ့မလျော့ပါ။

**ရွှေရတုကို ကြိုပါသည်**

-'အ'သုံးလုံးနှစ်(၅၀)ပြည့် ရွှေရတုကို ကြိုပါသည်။

-တက္ကသိုလ်ကျောင်းသား လူငယ်မောင်မယ်များ၏ လုပ်အားအလှများကို မေ့မရနိုင်ပါ။

-ပြန်လည်တမ်းတ 'အ'သုံးလုံးကျောင်းသားဘဝမှသည် ရှေ့ဆက်လှမ်းချီ နိုင်ငံသစ်ဆီသို့------။



# ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၅**

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**



ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော်ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဌေးမြင့်၊ အမျိုးသားလွှတ်တော်ကာကွယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**




# စက်သုံးဆီအခြင်အတွယ်နှင့် အရည်အသွေးစံချိန်စံညွှန်း ကိုက်ညီမှုနှင့်ကန်မှုရှိ၊ မရှိ ရှောင်တခင်စစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၅**

နိုင်ငံတော်၏ ပြောင်းလဲကျင့်သုံးသည့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံပိုင်ကဏ္ဍကို တဖြည်းဖြည်းလျှော့ချ၍ ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးအားပေးမြှင့်တင်ဆောင်ရွက်ရာတွင် စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် သိသာသောပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိသည်။

၂၀၁၀ ခုနှစ်အတွင်း ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင် စုစုပေါင်း ၂၇၃ ဆိုင်အနက် ၂၆၁ ဆိုင်အား ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချပေးအပ်ခဲ့ပြီးနောက် ၂၀၁၀ ခုနှစ်တွင် ၁၀ ရက်မှစ၍ ဖြန့်ဖြူးရောင်းချခွင့်ပြုခဲ့ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်၊ တိုင်းရင်းသားလုပ်ငန်းရှင်များအား စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုခဲ့ပြီးဖြစ်သည်။

တစ်နိုင်ငံလုံးတွင် တရားဝင်ဖွင့်လှစ်ရောင်းချနေသည့် စက်သုံးဆီအရောင်းဆိုင် ၂၆၁ ဆိုင်သာရှိသေးသဖြင့် စက်သုံးဆီအရောင်းဆိုင်အသစ်များ ထပ်မံဖွင့်လှစ်ရန် လိုအပ်နေသောကြောင့် လည်းကောင်း၊ တရားမဝင် စက်သုံးဆီသယ်ယူပို့ဆောင် သိုလှောင်ရောင်းချမှုများနှင့် တရားမဝင်စက်သုံးဆီဆိုင်များ၊ လျော့နည်းပပျောက်စေရန်အတွက် လည်းကောင်း၊ စက်သုံးဆီအရောင်းဆိုင်အသစ်၊ စက်သုံးဆီသိုလှောင်စခန်းအသစ်တည်ဆောက်၍ လုပ်ငန်းလုပ်ကိုင်လိုသူများအနေဖြင့် စွမ်းအင်ဝန်ကြီးဌာနသို့ လိုအပ်သော စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာ တင်ပြလျှောက်ထားလာပါက ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်များ စိစစ်ခွင့်ပြုထုတ်ပေးခဲ့ရာ ယနေ့အထိ အရောင်းဆိုင် ၁၃၂၄ ဆိုင်၊ သိုလှောင်ကန်စခန်း ငါးခုနှင့် ရေယာဉ် ၁၃ စင်းအား ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်များ ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စက်သုံးဆီအရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ်မှုကြောင့် ပြည်သူလူထုအနေဖြင့် အဆင်ပြေလွယ်ကူစွာ သုံးစွဲနိုင်သည့်နည်းတူ စက်သုံးဆီများ၏ အရည်အသွေးနှင့် အခြင်အတွယ်မှန်ကန်စွာ သုံးစွဲနိုင်ရေးသည်လည်း လိုအပ်လာသည်။

သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများရှိ ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီ၏ စက်သုံးဆီအခြင်အတွယ်နှင့် အရည်အသွေးများ စစ်ဆေးရေးအဖွဲ့များမှ ဒေသတွင်း စက်သုံးဆီ အရောင်းဆိုင်များကို ရှောင်တခင်ဝင်ရောက်စစ်ဆေးလျက်ရှိကြောင်းနှင့် စက်သုံးဆီ နမူနာများအား စနစ်တကျ ချိပ်ပိတ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)သို့ ပေးပို့စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့အပြင် PTT Public Co.,Ltd. မှလှူဒါန်းသည့် Mobile Fuel Lab တစ်စင်းနှင့် ယခုနှစ် စက်တင်ဘာလဆန်းပိုင်းတွင် ပြည်ပမှ တင်သွင်းရောက်ရှိလာသော Mobile Fuel Lab မော်တော်ယာဉ်ငါးစင်း စုစုပေါင်း မော်တော်ယာဉ်ခြောက်စင်းဖြင့်လည်း ပုဂ္ဂလိကပိုင်စက်သုံးဆီအရောင်းဆိုင်များမှ ရောင်းချနေသည့် စက်သုံးဆီအရည်အသွေးနှင့် အခြင်အတွယ်မှန်ကန်မှုရှိ၊ မရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ စက်သုံးဆီအရောင်းဆိုင်များကို ဆက်လက်စစ်ဆေးမည်ဖြစ်ကြောင်းနှင့် စက်သုံးဆီအခြင်အတွယ်နှင့် အရည်အသွေးများ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ပိတ်သိမ်းသည်အထိ ထိရောက်စွာ အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စီမံကိန်းများအတွက် တရားဝင်ဖွံ့ဖြိုးမှုချေးငွေစာချုပ်များ လက်မှတ်ရေးထိုး



**နေပြည်တော် စက်တင်ဘာ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးစီမံကိန်းများဖြစ်သော ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့်-၁ (အပိုင်း-၁)၊ မဟာရန်ကုန်မြို့တော်ရေပေးဝေမှုဖွံ့ဖြိုးရေး စီမံကိန်း၊ သီလဝါဆိပ်ကမ်း အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးစီမံကိန်းအဆင့်-၂ နှင့် ပဲခူးအနောက်ခြမ်းဒေသ ဆည်ရေပေးမှုဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတို့အတွက် ဂျပန်နိုင်ငံမှ ပေးအပ်သည့် တရားဝင်ဖွံ့ဖြိုးမှုချေးငွေ (Official Development Assistance loan) စုစုပေါင်း ဂျပန်ယန်း ၆၃ ဒသမ ၁၆၆ ဘီလီယံအား ရယူရန် နှစ်နိုင်ငံအစိုးရအကြား လဲလှယ်မှုစာချွန်လွှာ (Exchange of Notes) နှင့် ချေးငွေစာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန၌ စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

အဆိုပါချေးငွေများအတွက် စည်းကမ်းချက်များမှာ အတိုးနှုန်း တစ်နှစ်လျှင် သုည ဒသမ ၀၁ ရာခိုင်နှုန်း ဆိုင်းငံ့ကာလ ၁၀ နှစ်နှင့် ပြန်ဆပ်ကာလ နှစ် ၃၀ စုစုပေါင်း ချေးငွေသက်တမ်း နှစ် ၄၀ ဖြစ်သည်။ ယင်းချေးငွေများရယူရန် လဲလှယ်မှုစာချွန်လွှာကို ဂျပန်နိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတဲရှိဟိဂူချိနှင့် မြန်မာနိုင်ငံအစိုးရကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်တို့က လည်းကောင်း၊ ချေးငွေစာချုပ်များကို ဂျပန်နိုင်ငံအစိုးရကိုယ်စား ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (ရုံးချုပ်)၏ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဌာနမှ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဟိဒဲတိုရှိ အီရိဂါကီနှင့် မြန်မာနိုင်ငံအစိုးရကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဝင်းတို့ကလည်းကောင်း အသီးသီးလက်မှတ်ရေးထိုးခဲ့ကြသည်။**(ဝဲပုံ)**


အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ချေးငွေရယူသော သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သော တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လားရှိုးနှင့် တာချီလိတ်တို့တွင် ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၅**

မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၃ ရက်က လားရှိုးရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ လားရှိုးဘူတာ၌ လားရှိုး-မန္တလေး အမှတ်(၁၃၂)အစုန်ရထား အထက်တန်းတွဲအမှတ်(၁) ခုံအမှတ်(C-3)တွင် လိုက်ပါမည့် မျိုးဝင်းနိုင်အား ရှာဖွေရာ ဘိန်းဖြူ ၅၉ ဂရမ် သိမ်းဆည်းရမိသဖြင့် မျိုးဝင်းနိုင်(၃၅)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့အတူ မူးယစ်တပ်ဖွဲ့စု (၃၀)တာချီလိတ် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၃ ရက်က တာချီလိတ်မြို့ မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်းတွင် တာလေဘက်မှ တာချီလိတ်ဘက်သို့ ယောလှ မောင်းနှင်ပြီး လွင်စိုး လိုက်ပါလာသည့် ဆိုင်ကယ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀ သိမ်းဆည်းရမိသဖြင့် ယောလှ(၃၀)နှစ်နှင့် လွင်စိုး(၃၃)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**



**ယောလှနှင့် လွင်စိုးတို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**





ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကျောက်ဖြူမြို့ ပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

✿ **ကျောက်ဖြူမှ**

ဆောင်ရွက်ပေးခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကာ ကျောက်ဖြူသဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်းအတွင်း လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့သည် ကျောက်ဖြူမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူလေးများ၊ ပညာရေးကောလိပ်မှ သင်တန်းသား သင်တန်းသူများ၊ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပညာသင်ကြားမှု၊ သင်ယူမှုအခြေအနေများကို မေးမြန်းကာ အားပေးနှုတ်ဆက်စကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် သူဌေးရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိကြပြီး စီမံကိန်းရှုရပ်မှ သူဌေးချောင်းရေစီးဆင်းမှု၊ စီမံကိန်းလုပ်ငန်းခွင် လုပ်ဆောင်နေမှုနှင့် သူဌေးရေအားလျှပ်စစ်စီမံကိန်းပုံစံငယ်တို့ကိုကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးနှင့် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းဟန်တို့က စီမံကိန်းဆိုင်ရာ အချက်အလက်များ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း၊ မြစ်ရေလွှဲခြင်းလုပ်ငန်း၊ ပင်မတမံလုပ်ငန်း၊ ရေယူအဆောက်အအုံလုပ်ငန်း၊ ရေထိန်းတံခါးပြွန်လုပ်ငန်း၊ ရေပိုလွှဲလုပ်ငန်း၊ ဥမင်လိုဏ် အထွက်မြောင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ နှစ်အလိုက်ဘဏ္ဍာငွေလိုအပ်ချက်နှင့် ဘဏ္ဍာငွေရရှိမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

အဆိုပါ သူဌေးရေအားလျှပ်စစ်စီမံကိန်းကို ၂၀၁၈-၂၀၁၉ ခုနှစ်တွင် စီမံကိန်းလုပ်ငန်းများ ပြီးစီးရန် သတ်မှတ်ထားကြောင်းနှင့် စီမံကိန်းလုပ်ငန်းလက်ရှိပြီးစီးမှုသည် ၃၆ ဒသမ ၃၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

အဆိုပါစီမံကိန်း၏ စက်တပ်ဆင်အားသည် ၁၁၁ မဂ္ဂါဝပ်(၃×၃၇) ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများပြီးစီးသွားပါက နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၃၈၆ သန်း ပျမ်းမျှထုတ်လုပ်နိုင်မည်ဖြစ်သည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် သံတွဲမြို့သို့ရောက်ရှိပြီး မြို့မဈေး၌ ဆိုင်ခန်းဖွင့်လှစ် ရောင်းချလျက်ရှိသည့် ဈေးသူဈေးသားများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ရောင်းဝယ်မှုအခြေအနေများကိုမေးမြန်းကာ အားပေးနှုတ်ဆက်စကားပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ငပလီသို့ရောက်ရှိပြီး ဒေသဖွံ့ဖြိုးမှုနှင့် ကမ်းခြေ၏ သာယာလှပမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အဖွဲ့ဝင်များနှင့်အတူ သံတွဲမြို့မှ မြန်မာ့လေကြောင်းဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**




ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သံတွဲမြို့ မြို့မဈေး၌ ဈေးသူဈေးသားများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ဂျပန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၅**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Tateshi HIGUCHI ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**



ထိုသို့တွေ့ဆုံရာ၌ ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများအတွက် ပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ လွှတ်တော်တွင် ဆွေးနွေးလျက်ရှိသည့် ရွေးကောက်ပွဲစနစ်များနှင့်ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများနှင့် လိုက်လျောညီထွေစွာ လုပ်ဆောင်သွားရမည့် မဲဆန္ဒရှင်ပညာပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲများကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ရွေးကောက်ပွဲကာလအတွင်း အငြင်းပွားမှုများအား ဖြေရှင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ရွေးကောက်ပွဲကျင်းပစဉ်ကာလအတွင်း ဆောင်ရွက်ထားရှိရမည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအပါအဝင် ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲများအား လွတ်လပ်၍ တရားမျှတပြီး ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် စီစဉ်ထားရှိပုံများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဒေါက်တာ ဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်၊ ဦးဝင်းကို၊ အတွင်းရေးမှူး ဦးတင်ထွန်းနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။**(သတင်းစဉ်)**

☆ **သဘာဝမှ**

အချက်အလက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ပူတာအိုအခြေချ စစ်ဗျူဟာမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပူတာအို၊ မချမ်းဘော၊ ခေါင်လန်ဖူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ စာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီများ၊ မြို့မိမြို့ဖများက ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဒေသခံများအား ဦးစားပေးဝန်ထမ်းခန့်ထားပေးနိုင်ရေး၊ ဖုန်ကန်ရာဇီဘေးမဲ့တောသည် သွားရေးလာရေးလွယ်ကူပြီး နိုင်ငံခြားသားများသွားလာရန် အဆင်ပြေ၍ ဒေသခံတိုင်းရင်းသားများအား ဧည့်လမ်းညွှန်သင်တန်းများပို့ချပေးပြီး အခြေခံခရီးသွားလုပ်ငန်းကို ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

# ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ကော်မတီများနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီများနှင့် မြို့နယ်ပညာရေးမှူးများ၏ ပညာရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်မင်း၊ ဦးတင်နိုင်သိန်းနှင့် ဒေါက်တာဒေါ်ခင်စန်းရီ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက နိုင်ငံတော်၏ တတိယအဆင့်အရှိန်အဟုန်မြှင့်တင်မှု (Third Wave) အစီအစဉ်အရ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးမှ ဆောင်ရွက်နေမှုများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီများနှင့် မကြာခဏတွေ့ဆုံ၍ ပညာရေး၊ လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက နိုင်ငံတော်က ချမှတ်ကျင့်သုံးလျက်ရှိသော ပြည်သူဗဟိုပြုမူဝါဒအရ ယနေ့တက်ရောက်လာသော အရှေ့ပိုင်းခရိုင်နှင့် တောင်ပိုင်းခရိုင်မှ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီများနှင့် တွေ့ဆုံ၍ ပညာရေးကဏ္ဍတိုးတက်ရန်အတွက် မိမိတို့မြို့နယ်အလိုက် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေး၍ ဖြည့်ဆည်းဆောင်ရွက်ရန် အဓိကရည်ရွယ်ပါကြောင်း၊ နိုင်ငံတကာအတွေ့အကြုံသင်ခန်းစာများအရ လည်းကောင်း၊ မိမိနိုင်ငံ၏ သုတေသနပြုမှု တွေ့ရှိချက်များအရလည်းကောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ အထူးသဖြင့် အခြေခံပညာကဏ္ဍတွင် ယနေ့တက်ရောက်လာသည့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုစီမံခန့်ခွဲရေးကော်မတီများက မိဘ၊ ဆရာ၊ ကျောင်းသားများပူးပေါင်း၍ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် မိမိမြို့နယ်၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရန် လိုအပ်မည်ကိုယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက အမျိုးသားပညာရေးဥပဒေရေးဆွဲဆောင်ရွက်နေမှုအခြေအနေနှင့် ဤဥပဒေကို အခြေခံ၍ ကဏ္ဍအလိုက် ဥပဒေများဖြစ်သည့် အခြေခံပညာရေးဥပဒေ၊ အဆင့်မြင့်ပညာရေးဥပဒေ၊ ဆရာအတတ်သင်ပညာရေးဥပဒေနှင့်ပုဂ္ဂလိကတက္ကသိုလ်နှင့်ကျောင်းဥပဒေများ ဆက်လက်ရေးဆွဲဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဥပဒေပါမောက္ခ(အငြိမ်းစား) ဒေါက်တာဒေါ်ခင်သန်းနွဲ့က အမျိုးသားပညာရေးဥပဒေရေးဆွဲဆောင်ရွက်မှုလုပ်ငန်းအဆင့်ဆင့်ကို လူထုလူတန်းစားအလွှာအသီးသီးနှင့် အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းအကြံဉာဏ်ရယူ၍ ဆောင်ရွက်ခဲ့မှုများ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသိမ်းကြီးက မိဘဆရာအသင်းပူးပေါင်းပါဝင်မှုဖြင့် ပညာရေးအရည်အသွေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးအစီအစဉ် ရှင်းလင်းတင်ပြခြင်း(အကြံပြုပုံစံ)ကို ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီများက မြို့နယ်အလိုက် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို အကြံပြုဆွေးနွေးခဲ့ရာ အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက တင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ **အင်တာနက်မှ**

မြန်မာအရှေ့တိုင်းဘဏ်၊ မြန်မာနိုင်ငံသားများဘဏ် စသည့် ဘဏ်များနှင့် ချိတ်ဆက်အသုံးပြုနိုင်မည်ဖြစ်သည်။ ebilling.ypay.com.mm ဝက်ဘ်ဆိုက်မှတစ်ဆင့် ငွေပေးဆောင်ရန် အဆိုပါဘဏ်များတွင် ငွေစာရင်း (Online Payment Account) ဖွင့်ထားရန် လိုအပ်ပြီး ငွေကျပ် ၁၀၀၀၀ ဖြင့် စတင်ဖွင့်လှစ်ကာ မီတာခကျသင့်ငွေ ပျမ်းမျှပမာဏ ကြိုတင်ပေးသွင်းထားရမည်ဖြစ်သည်။ အင်တာနက်အသုံးပြု လျှပ်စစ်မီတာခပေးချေမှုအတွက် မီတာတစ်လုံးလျှင် တစ်ကြိမ် ငွေပေးချေခြင်း ဝန်ဆောင်ခ ငွေကျပ် ၅၀၀ ကျသင့်မည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။ **(စံကားဝါ)**




# မြန်မာနိုင်ငံ၌ ပထမဦးဆုံး EASI Travel Union Pay Card စတင်

**ရန်ကုန် စက်တင်ဘာ ၅**

CB Bank နှင့် Union Pay International (UPI)တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် EASI Travel Union Pay Card ကို မြန်မာနိုင်ငံ၌ ပထမဦးဆုံးထုတ်လုပ်ခြင်း အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ Sedona Hotel ၌ ကျင်းပသည်။ **(ဓဝပုံ)**

"CB Bank က နိုင်ငံတကာသုံးကတ်များဖြင့် ငွေပေးချေခြင်းကိစ္စရပ်များကို လက်ခံဆောင်ရွက်ခြင်းနဲ့ နိုင်ငံတကာသုံးကတ်များကို ထုတ်လုပ်ရာတွင် ဦးဆောင်ဘဏ်တစ်ခုဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတကာသုံးကတ်များကို မြန်မာနိုင်ငံရှိ ပြည်သူများ အဆင်ပြေစွာ စတင်အသုံးပြုနိုင်အောင် မိတ်ဆက်ပေးတဲ့ဘဏ်လည်း ဖြစ်ပါတယ်"ဟု CB Bank အမှုဆောင်ဒုတိယဥက္ကဋ္ဌ ဦးကျော်လင်းက ပြောကြားသည်။

ဆက်လက်၍ "နိုင်ငံတကာတွင် အသုံးပြုနိုင်သော EASI Travel Union Pay Card ကို ထုတ်ဝေပေးသည့်အပြင် ကုမ္ပဏီများရှိဝန်ထမ်းများအား လစဉ် လစာပေးခြင်းဝန်ဆောင်မှုလုပ်ငန်း၊ Cash Management ဝန်ဆောင်မှုများ၊ နိုင်ငံတကာကုန်သွယ်မှုနှင့် သက်ဆိုင်သောဘဏ်လုပ်ငန်းဝန်ဆောင်မှုများ၊ နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ခြင်း၊ နိုင်ငံတကာသို့ ငွေလွှဲပေးပို့နိုင်ခြင်း စသည့် ငွေကြေးလုပ်ငန်းများအပြင် ယခုအခါ Mobile Banking, Internet Banking ကဲ့သို့ ဝန်ဆောင်မှုအသစ်များလည်း ပေးလျက်ရှိပါတယ်"ဟု ၎င်းကပြောသည်။

ထို့နောက် Union Pay International ဒါရိုက်တာနှင့် CB Bank IT ဌာနမှ ဒုတိယအထွေထွေမန်နေဂျာ ဦးဇေယျာအောင်က ရှင်းလင်းတင်ပြသည်။ EASI Travel Union Pay Card ကို အသက်(၁၈)နှစ်နှင့်အထက် မည်သည့်နိုင်ငံသားမဆို နိုင်ငံသားစိစစ်ရေးကတ်၊ Passport နှင့် ခရီးသွားအထောက်အထားများဖြင့် CB Bank ရုံးချုပ်နှင့် ဘဏ်ခွဲများတွင် လျှောက်ထားနိုင်ပြီး ကတ်ရသည့်အချိန်မှစ၍ ၂၄ နာရီကြာ သုံးစွဲနိုင်သည်။ ထို့အပြင် ၎င်းကတ်ကို Online, Internet e-commerce တွင်လည်း အသုံးပြုနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

# မုံရွာ-မန္တလေးကားလမ်းမကြီးပေါ်၌ သစ်ပင်ကြီးပြိုလဲ မော်တော်ယာဉ်တစ်စီးပေါ် ပိမိ၍ လူလေးဦးသေဆုံး



**ချောင်းဦး စက်တင်ဘာ ၅**

မုံရွာ-မန္တလေးကားလမ်းမကြီးအတိုင်း မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးသည် ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာအနီး ရေပိုးစားကန်ရှေ့အရောက်တွင် မော်တော်ယာဉ်ပေါ်သို့ ထနောင်းပင်ကြီး ပြိုလဲကျ၍ လူလေးဦးသေဆုံးခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၅ ရက်နံနက် ၁၁ နာရီခွဲတွင် မြစ်သားမြို့နယ် မြင်းရွာကြီးရွာမှ ယာဉ်မောင်း ဦးခင်မောင်ချင်း(၃၆)နှစ် မောင်းနှင်လာသည့် 7F/. . . . ဒိုင်နာ အဖြူရောင်ယာဉ်သည် ဖရဲစိုက်လုပ်သားများနှင့် ခရီးသည် ၁၈ ဦးတို့ဖြင့် မန္တလေးဘက်မှ မုံရွာဘက်သို့ တင်ဆောင်မောင်းနှင်လာစဉ် ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာအနီး ရေပိုးစားကန်ရှေ့ မုံရွာ-မန္တလေးကားလမ်းမကြီး မိုင်တိုင်အမှတ်(၆၀/၁)နှင့် (၆၀/၂) အကြားတွင် လမ်း၏ဝဲဘက်ရှိ ထနောင်းပင်လဲကျရာ ကားကိုပိမိခဲ့ပြီး ကားပေါ်တွင် ပါလာသူ ယာဉ်မောင်း ဦးခင်မောင်ချင်းအပါအဝင် ကိုးဦးမှာ ဒဏ်ရာရရှိခဲ့ပြီး ကိုထူးပါလေးဦးမှာ အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူ လေးဦးမှာ မြစ်သားမြို့နယ် မြင်းရွာကြီးကျေးရွာမှ ကိုထူး(၂၀)နှစ်၊ မင်းညွန့် (၂၀)နှစ်၊ ထူးအောင်(၂၀)နှစ်၊ နေဝင်းထွန်း(၁၉)နှစ်တို့ဖြစ်ပြီး ထိခိုက်ဒဏ်ရာရသူများကို ချောင်းဦးမြို့နှင့် မြင်းမူမြို့တို့ရှိ ပြည်သူ့ဆေးရုံများတွင် အတွင်းလူနာအဖြစ် ဆေးကုသခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ အခင်းဖြစ်ပွားရာနေရာသို့ စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သူဇော်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး မုံရွာခရိုင်နှင့် ချောင်းဦးမြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ချောင်းဦးမြို့နယ်နှင့် မြင်းမူမြို့နယ်တို့မှ လူမှုကူညီရေးအသင်းများက သစ်ပင်ပြိုလဲကျမှုကို လျင်မြန်စွာ ရှင်းလင်းဖယ်ရှားပေးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများအား အချိန်နှင့်တစ်ပြေးညီ လာရောက်ကူညီပေးခဲ့ကြကြောင်း သိရသည်။**(ယာပုံ)**

**ချောင်းဦး(ပြန်/ဆက်)**


## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ လက်အောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် အသုံးပြုရန်အတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) မီးစက် 5 KVA (၈၂)လုံး
(ခ) မီးအားထိန်းညှိစက် (၄၂၃)လုံး
(ဂ) မီးကြိုး(၇၀၄၄)(၃၀ကိုက်×၄၂၃ခွေ) (၁၂၆၉၀)ကိုက်
(ဃ) 5 way extension (၈၅၀)ခု

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ (၈)ရက်
တင်ဒါပိတ်မည့်ရက် - ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ (၁၇)ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၃၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)၊ ဖုန်း ၀၆၇-၄၀၄၂၃၂၊ ၀၆၇-၄၀၄၂၃၄၊ ၀၆၇-၄၀၄၂၀၉ တို့သို့လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့



## " အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ "
### ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ

အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့သည် ယခုနှစ် ၂၀၁၄-၂၀၁၅ခုနှစ်၊ ဘုရားဖူးရာသီတွင် သံဝေဇနီယလေးဌာန(အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များအား ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ နောက်ဆုံးပတ်မှစတင်၍ **"အောင်ချမ်းသာမှသင့်ဆန္ဒပြည့်ဝစေရမည်"** ဟူသောဆောင်ပုဒ်နှင့်အညီတစ်ပတ်ခြားတနင်္လာနေ့တိုင်းထွက်ခွာရန်စီစဉ်ထားရှိပါသည်။ ရန်ကုန်မှဗုဒ္ဓဂယာသို့လေယာဉ်ဖြင့်တိုက်ရိုက်သွားပြီးဗုဒ္ဓဂယာမှရန်ကုန်သို့တိုက်ရိုက်ပြန်လာသည့်(၁၁)ညအိပ်(၁၂)ရက်ခရီးဖြစ်ပါသည်။

ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဒေါ်သင်းမြင့်အောင် ကိုယ်တိုင်ဘုရားဖူးခရီးစဉ်တစ်လျှောက်လိုက်ပါ၍နွေးထွေးသောဝန်ဆောင်မှုများပေးသဖြင့်ဘုရားဖူးများကျေနပ်အားရပီတိဖြစ်ကာစိတ်အေးချမ်းသာစွာသာသနာပြုနိုင်ခဲ့ကြောင်းနှင့်ပြန်လည်လိုက်ပါရန်အဆိုပြုထားသည့်ဘုရားဖူးများ၊ ယခုနှစ်ခရီးစဉ်တွင်လိုက်ပါမည့်ဓမ္မမိတ်ဆွေများနှင့်ကြိုတင်စာရင်းပေးသွင်းထားသော ဓမ္မမိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါသည်။ထွက်ခွာမည့်ခရီးစဉ်များတွင်လိုအပ်သည့် ဘုရားဖူးအရေအတွက်ကိုဖော်ပြထားပါသည်။မိမိသွားလိုသည့်ခရီးစဉ်များကိုရရှိနိုင်ရန်အတွက်အမြန်ဆုံးဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။ထွက်ခွာမည့်ခရီးစဉ်များမှာ-

(၁) ၂၉-၉-၂၀၁၄(ပြည့်ပြီး)
(၂) ၁၃-၁၀-၂၀၁၄(ပြည့်ပြီး)
(၃) ၂၇-၁၀-၂၀၁၄( ၅ )ဦးလို
(၄) ၁၀-၁၁-၂၀၁၄( ၅ )ဦးလို
(၅) ၂၄-၁၁-၂၀၁၄(၂၀)ဦးလို
(၆) ၈-၁၂-၂၀၁၄(၃၀)ဦးလို
(၇) ၂၂-၁၂-၂၀၁၄(၁၅)ဦးလို
(၈) ၅-၁-၂၀၁၅(၂၅)ဦးလို
(၉) ၁၉-၁-၂၀၁၅(၃၀)ဦးလို
(၁၀) ၂-၂-၂၀၁၅(၃၀)ဦးလို
(၁၁) ၁၆-၂-၂၀၁၅(၂၀)ဦးလို
(၁၂) ၂-၃-၂၀၁၅(၁၅)ဦးလို
(၁၃) ၁၆-၃-၂၀၁၅(၂၅)ဦးလို
(၁၄) ၃၀-၃-၂၀၁၅(၃၀)ဦးလို
(၁၅) ၁၃-၄-၂၀၁၅(၂၅)ဦးလို (သင်္ကြန်မိတ်ရက်)

အထက်ပါခရီးစဉ်များပြောင်းလဲခြင်းမရှိပါ။မိမိသွားလိုသောခရီးစဉ်များကိုရွေးချယ်၍ **Power Palace Hotel** အမှတ်-၁၆၊ပြည်သာယာလမ်း၊ဘောက်ထော်၊ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၁-၅၅၉၇၁၉၊ ၀၁-၅၄၄၂၈၇၊ ၀၁-၄၀၀၈၁၆၊ ၀၉-၇၃၁၅၂၈၆၀၊ ၀၉-၇၃၁၅၁၃၁၃၊ ၀၉-၅၁၂၈၆၂၁ သို့အမြန်ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

သင်းမြင့်အောင်



## ပိုင်ရှင်မှ တိုက်ရိုက်ရောင်းမည်။

**ကိုယ်ပိုင်နေရန်အထူးအဆင့်မြင့်သည်။အငှားထားရျင်ရေးကောင်းရမည်။**

ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်း၊ တတိယထပ်၊ (17'x60')၊ အထူးအဆင့်မြင့်ပြင်ဆင်ပြီး၊ အိမ်ရှေ့ဗာဂျာဆွဲတံခါးမကြီး၊ အဆင့်မြင့်ကနုတ်သံပန်းအလှများနှင့် ဆန်းရှိတ်တစ်အိမ်လုံးပြည့်တပ်ဆင်၍ ပန်းကနုတ်ကျွန်းတံခါးများနှင့် PVC ပြတင်းပေါက်ကျယ်များ တအိမ်လုံးပြည့်တပ်ဆင်ထားသည်။ (အိပ်ခန်း(၂)ခန်းပါ) A/C(1)လုံး၊ မျက်နှာကျက်ကောနစ်၊ မီးအလှနှင့် အဆင့်မြင့်မီးဆိုင်းများတပ်ဆင်ထားသည်။ အဆင့်မြင့်ပါကေးခင်းပြီး၊ ကြွေပြားများ တစ်အိမ်လုံးပြည့်ခင်းကပ်၍ မီးဖိုခုံနှင့်ဗီဒိုများတပ်ဆင်ထားသည်။ ရေချိုးခန်း Pressur Pump၊ ရေပူ/ရေအေးတပ်ဆင်ပြီး ဘိုထိုင်၊ ရေမီးကိုယ်ပိုင် (အသင့်နေနိုင်) (ပွဲစား၊အကျိုးဆောင်၊ကြော်ငြာများပလိုပါ)

ကျပ်သိန်း→(560) Ph:09-5053076




## Hunger Games ဇာတ်ကားဖြင့် ကမ္ဘာ့ဂင်းနစ်စံချိန်တင်နိုင်ခဲ့သည့် ဂျနီဖာလောရင့်စ်



The Hunger Games ဇာတ်လမ်းတွဲများတွင် Katniss Everdeen အဖြစ် ပင်တိုင်ပါဝင်ခဲ့သည့် ဟောလိဝုဒ် ရုပ်ရှင်မင်းသမီးချော ဂျနီဖာလောရင့်စ်သည် ယင်းဇာတ်ကားဖြင့် ဝင်ငွေအကောင်းဆုံး အဓိကအက်ရှင်ဇာတ်ဆောင်တစ်ဦးအဖြစ် ကမ္ဘာ့ဂင်းနစ်စံချိန်တင်နိုင်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၄ ရက်က ထုတ်ပြန်ခဲ့သည့်ကမ္ဘာ့ဂင်းနစ်စံချိန်မှတ်တမ်းတွင် တေးသံရှင် မိုင်လီဆိုင်းယက်စ်ကလည်း အင်တာနက်စာမျက်နှာတွင်ရှာဖွေမှုအများဆုံးခံရသည့် ပေါ့ပ်ကြယ်ပွင့်အဖြစ် လည်းကောင်း၊ ကိုလံဘီယာကြယ်ပွင့် ရှာကီရာက ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်စာမျက်နှာတွင် like အများဆုံးရရှိသည့် အနုပညာရှင်တစ်ဦးအဖြစ်လည်းကောင်း၊ တေးသံရှင် ဘီယွန်စေးက အယ်လ်ဘမ်ထွက်ရှိပြီး ပထမသုံးရက်အတွင်းမှာပင် အင်တာနက်ဒေါင်းလုတ် အကြိမ်အရေအတွက်အများဆုံးရရှိမှုအတွက် ရောင်းချရမှုအမြန်ဆုံး fastest-selling iTunes album အဖြစ် လည်းကောင်း၊ တေးသံရှင်ကေတီပယ်ရီက တွစ်တာစာမျက်နှာတွင် followers ပေါင်း ၅၆ သန်းဖြင့် တွစ်တာတွင် အများဆုံးအဖြစ်လည်းကောင်း ကမ္ဘာ့ဂင်းနစ်စံချိန်တင်နိုင်ခဲ့ကြောင်း သိရသည်။

## အသံသွင်းစတူဒီယိုသို့ ပြန်လည်ခြေဦးလှည့်လာဦးမည့် ဘရစ်တနီစပီးယား



ယမန်နှစ် နိုဝင်ဘာလအတွင်းက အဋ္ဌမမြောက်အယ်လ်ဘမ် Britney Jean ကို ပရိသတ်ထံသို့ဖြန့်ချိခဲ့ပြီး ယင်းသည် ၎င်း၏နောက်ဆုံးအယ်လ်ဘမ်တစ်ခုဖြစ်ကြောင်း ထုတ်ဖော်ကြေညာခဲ့သည့် အမေရိကန်တေးသံရှင် ဘရစ်တနီစပီးယားက ယခုအခါ အသံသွင်းစတူဒီယိုသို့ ပြန်လည်ခြေဦးလှည့်ဦးမည်ဖြစ်ကြောင်း သိရသည်။

ဘရစ်တနီအနေဖြင့် သီချင်းသစ်များ၊ သံစဉ်သစ်များနှင့် ပြန်လည်ထိတွေ့ရန် အဆင်သင့်ဖြစ်သည့်အနေဖြင့် မိုက်ခရိုဖုန်းရှေ့တွင် သီချင်းစာသားများပါဝင်သည့် စာရွက်ကို ကိုင်ထားသည့်ဓာတ်ပုံကို စက်တင်ဘာ ၄ ရက် ညနေပိုင်းက ၎င်း၏ Instagram ၌ ပုံစာနှင့်အတူ လွှင့်တင်ခဲ့ကြောင်း သိရသည်။

**မျိုးစန္ဒာမောင်**

## ယဉ်ကျေးမှုအမွေအနှစ်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၅**

ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် အမျိုးသားစာကြည့်တိုက်(မန္တလေး) ဖွင့်လှစ်မည့် (၂၈) လမ်းနှင့် လမ်း (၇၀) ရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရုံးဟောင်းနှင့် ရုံးဝင်းဧရိယာအတွင်းရှိ အဆောက်အအုံများကို သွားရောက်စစ်ဆေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက အမျိုးသားစာကြည့်တိုက်(မန္တလေး)ကို ယခုနေရာတွင်ဖွင့်လှစ်ပါက ယခုလက်ရှိရုံးဟောင်းအတွင်းရှိ ရှေးဟောင်းပစ္စည်းများနှင့် စာရွက်စာတမ်းများကို စနစ်တကျပြောင်းရွှေ့ထားရှိရန်၊ ရုံးပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်စွာထိန်းသိမ်းထားရှိရန် မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ဝန်ကြီးချုပ်ဦးရဲမြင့်နှင့် တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူတို့နှင့် တွေ့ဆုံ၍ မန္တလေးနှင့် ပုဂံ-ညောင်ဦးဒေသရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကာကွယ်ထိန်းသိမ်းရေးကိစ္စများ၊ အမျိုးသားစာကြည့်တိုက်(မန္တလေး) ဖွင့်လှစ်ရန်စီစဉ်နေမှုနှင့် မန္တလေး ရွှေကျောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေကျောင်းအဆင့်မြင့်ပြုပြင်ခြင်းလုပ်ငန်းများဖြစ်သော ရွှေကျောင်းအား မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်း၊ Scan ဖတ်ခြင်း၊ မြေပြင်ညီတိုင်းတာ၍ ရေနုတ်မြောင်းများဖြင့် ရေများဖောက်ထုတ်ခြင်း၊ သစ်လုံးများ၏ ကြံ့ခိုင်မှုနမူနာစစ်ဆေးခြင်း၊ ဘူမိဗေဒဆိုင်ရာမြေလွှာများစစ်ဆေးခြင်း စသည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မဟာအတုလဝေယံ ကျောင်းတော်ကြီးထိန်း သိမ်းထားမှုများနှင့် ပတ်သက်၍ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး ညီလာခံကျင်းပရေးညှိနှိုင်း

**ရန်ကုန် စက်တင်ဘာ ၅**

မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး နှစ်ပတ်လည်သင်းလုံးကျွတ် ညီလာခံကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးကို အမျိုးသားဇာတ်ရုံ(ရန်ကုန်) အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးက သဘင်ပညာရှင်များ ဖောင်ဒေးရှင်း ဖွဲ့စည်းနိုင်ရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနက ရေးဆွဲထားသည့် ဖောင်ဒေးရှင်းဆိုင်ရာသင်းဖွဲ့စည်းမျဉ်းကိုလည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် တည်ဆောက်မည့် ဇာတ်ရုံများအတွက် မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးက ရေးဆွဲတင်ပြထားသည့် ဇာတ်ရုံပုံစံငယ်နှင့်တွက်ချက်မှုကိုလည်းကောင်း၊ နှစ်ပတ်လည်သင်းလုံးကျွတ်ညီလာခံကျင်းပရေးနှင့် စပ်လျဉ်းသည့်လုပ်ငန်းကိစ္စများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးကောင်း၌ အဆို၊ အက၊ အရေး၊ အတီး ပြိုင်

**မိုးကောင်း စက်တင်ဘာ ၅**

မိုးကောင်းမြို့နယ် (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မဥ္ဇူသကခန်းမ၌ ကျင်းပရာ ဆုရရှိကြသူများအား ပြိုင်ပွဲကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးမင်းဦး(ဒုတိယမြို့နယ်ပညာရေးမှူး)နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ကြကြောင်းသိရသည်။

**(ဝင်းအောင်)**

စာမူများဖိတ်ခေါ်အပ်ပါသည်။
သမိုင်းမြို့မအ.ထ.က၊(အ.ထ.က၁၊မရမ်းကုန်း)စန္ဒိမာပညာရည်ချွန်ဆု(၂၅)နှစ်အထိမ်းအမှတ်အဖြစ်"ငွေရတုဖော်ညွှန်းမြတ်မော်ကွန်း"မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ပါ၍ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်း၊ မှတ်တမ်းဓာတ်ပုံများ၊စာမူများရေးသားပေးပို့ပါရန်ဖိတ်ခေါ်အပ်ပါသည်။
(စာမူများကိုစက်တင်ဘာလ(၂၀)ရက်နေ့၂၀၁၄နောက်ဆုံးပို့ပေးကြပါရန်)
ဆက်သွယ်ရန်- 09-5011377 ၊09-5025456 sandimar.h1@gmail.com

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်၊ ဖုန်း - 09-251045021
မြန်မာပြည်လမ်း မရွေးသွားနိုင်သော
ဒီဇယ်ဆီမရွေး သုံးနိုင်သော
မြန်မာပြည်မှာ မသုံးရသေးသည့်
ဂျပန် Used Pajero V46 -လူရုပ် Eပန့်
နောက်ဆုံး နံပါတ်၊ အမည်ပေါက်ရမည်။

GOLDEN STAR Travels & Tours
☆ ပုပ္ပား(အဘထွက်ပွဲ)-ပုဂံ(စွယ်တော်လေးဆူ)နှင့် ဘုရားစုံ Sep-9
☆ တောင်ကြီး-အင်းလေး(ဖောင်တော်ဦးဘုရားပွဲ)-ပင်းတယ Oct-3,....
☆ ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင် တာချီလိတ်စုံ စင်းလုံးငှားသည်။
Ph: 209200, 430480, 544383, 09-5081580, 09-5046000

ရွှေဥဒေါင်းမင်း 09250512576,01517418 09421152677,09421122687
+(အင်းလေးဖောင်တော်ဦးပွဲ)၊ တောင်ကြီး၊ ပင်းတယ၊ ကုံလုံ၊ ကက္ကူ၊ ထမ်ဆမ်း (၄ည/၅ရက်) Guest House 75000 Oct 3,7
+ပုဂံ(စွယ်တော်လေးဆူ၊ ပြည့်ငါးပြည့်)၊ ညောင်ဦး၊ ပုပ္ပါး (၁ည/၂ရက်) Hotel 75000
အမှတ်-၁၂၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်ညဈေးအနီး

ATTOLLO Travel & Tours
အက်တိုလို ခရီးသွားဝန်ဆောင်မှုကုမ္ပဏီ
ချင်းမိုင်-ချင်းရိုင်-ရွှေတြိဂံ-မယ်ဆိုင်
(၃ညအိပ်၄ရက်ခရီးစဉ်) Sept - 25
ခရီးစဉ်စုံစမ်းရန် ၀၁-၃၈၉၁၈၇၊ ၀၉-၃၂၁၀၉၁၃၈

(၁၀)တန်းအောင် O.O.W Class III နှင့်
MMMC ကျောင်းဆင်း Class III သင်တန်း
Capt. San Moe Aung (Master Mariner, Fleetwood,U.K.)
H.N.D in Nautical Science (Fleetwood, U.K.), M.N.I (U.K.) နှင့်
O.O.W သင်ကြားမှုဝါရင့်ကပ္ပတိန်ကြီးများ၊ Ph.D Instructor များက
ထိရောက်စွာ၊ စေတနာပြည့်ဝစွာဖြင့် သင်ကြားပေးနေပါပြီ။
Class III ၁၀ တန်းအောင် - သင်တန်းကြေး (၂၈ သိန်း)
Class III MMMC ကျောင်းဆင်း - သင်တန်းကြေး (၂၅ သိန်း)
13th Oct စပါမည်။
Ferry စီစဉ်ထားပါသည်။
ECDIS, RADAR သင်တန်းများအား ပုံမှန်ပြန်လည်ဖွင့်လှစ်နေပါပြီ။
SUCCESS MARITIME ACADEMY
ကျောင်းတည်နေရာ facebook: Success Maritime Academy
No.8, Shwe Mar Lar Yeikmon, Bayintnaung Road, Kamayut Tsp.
Ph: 0973142658, 0932363702 Hot Line: 01-531347

Win & San
Diamonds and Fine Jewelry
ဦးဝင်းနိုင် + ဒေါ်စမ်းစမ်း
"မိုးရာသီအထူးအစီအစဉ်အဖြစ်" တော်ဝင်စင်တာရှိ Win & San Diamonds and Fine Jewelry မှ WHITE GOLD, YELLOW GOLD ဖြင့်ပြုလုပ်ထားသော Micro စက်ထည်၊ လက်ထည်ဒီဇိုင်းအသစ်အဆန်းများအပြင် မြန်မာ့တွင်းထွက် ကျောက်မျက်ရတနာမျိုးစုံဖြင့် ပြုလုပ်ထားသည့် လက်ဝတ်ရတနာများနှင့် ဖြူသန့်စိန် အကြွေဆိုဒ်မျိုးစုံကို မိတ်ဟောင်းမိတ်သစ်များအတွက် တမူထူးခြားသော အထူးလျှော့ဈေး 5% to 25% ဖြင့် ရောင်းချပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ဖိတ်စာမရောက်ရှိသော မိတ်ဆွေများလည်း လာရောက်ကြည့်ရှုအားပေးနိုင်ပါသည်။
Promotion Date : 5.9.2014, 6.9.2014, 7.9.2014
Show Room (2) ❖ အမှတ် (၄၅)၊ အခန်း (၁၀၂)၊ မြေညီထပ်၊ တော်ဝင်စင်တာ၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ Ph : 8600111 (Ext - 1027), 09-500-6683

**အားကစား**

# ဖိလစ်ပိုင်ဖိတ်ခေါ်ပြိုင်ပွဲ ဗိုလ်လုပွဲ မြန်မာနှင့် ဖိလစ်ပိုင်တို့ ယနေ့ကစားမည်

သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

**မနီလာ စက်တင်ဘာ ၅**

၂၀၁၄ ဖိလစ်ပိုင်ငြိမ်းချမ်းရေးဖလားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲအဖြစ် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့သည် စက်တင်ဘာ ၆ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဗိုလ်လုပွဲမတိုင်မီ တတိယနေရာလုပွဲကို ကျင်းပမည်ဖြစ်ပြီး ပါလက်စတိုင်းနှင့်တရုတ်(တိုင်ပေ)တို့ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

စက်တင်ဘာ ၃ ရက်က ကျင်းပခဲ့သော ဆီမီးပွဲစဉ်များတွင် မြန်မာအသင်းနှင့်အိမ်ရှင်ဖိလစ်ပိုင်အသင်းတို့မှာ ခြေစွမ်းပြပြီး ဂိုးပြတ်နိုင်ပွဲများရရှိခဲ့သည်။ မြန်မာအသင်းမှာ ပါလက်စတိုင်းအသင်းကို AFC Challenge Cup ပြိုင်ပွဲ၌ ရှုံးနိမ့်ခဲ့ရသည့် ရှုံးကြွေးကို ပြန်ဆပ်နိုင်ခဲ့ခြင်းဖြစ်ပြီး လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ကျော်ဇေယျာဝင်းက နှစ်ဂိုး၊ တင်ဝင်းအောင်နှင့်နန္ဒာလင်းကျော်ချစ်တို့က တစ်ဂိုးစီ သွင်းယူခဲ့သည်။ အိမ်ရှင်ဖိလစ်ပိုင်အသင်းမှာမူ တရုတ်(တိုင်ပေ)အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းနှင့်ဗိုလ်လုပွဲတွင် တွေ့ဆုံနေသည့် ဖိလစ်ပိုင်အသင်းမှာ ယခုနောက်ပိုင်းတွင် သိသိသာသာတိုးတက်လာသည့်အသင်းဖြစ်သည်။ မြန်မာအသင်းမှာ ဖိလစ်ပိုင်အသင်းကို အနိုင်ယူပြီး ဆုဖလားခြေစစ်ပွဲအကြို အောင်မြင်မှုရယူနိုင်မလားဆိုတာ. . . .



**မြန်မာအသင်းနှင့်ဖိလစ်ပိုင်အသင်းတို့ ၂၀၁၂ ခုနှစ်က သုဝဏ္ဏကွင်းတွင် ခြေစမ်းကစားနေစဉ်။**

# ရွန်းနီမှာ ကွင်းလယ်၌သာ ကစားသင့်ကြောင်း မန်ယူကစားသမားဟောင်း ပေါလ်စခိုးပြောကြား

အင်္ဂလန်အသင်းခေါင်းဆောင် ရွန်းနီသည် ယူရို ၂၀၁၆ ဝင်ခွင့်အတွက် ယှဉ်ပြိုင်ကစားမည့် ဆွစ်ဇာလန် အသင်းနှင့်ပွဲစဉ်တွင် ကွင်းလယ်၌သာ ကစားသင့်ကြောင်း မန်ယူကစားသမား ဟောင်းတစ်ဦးဖြစ်သူ ပေါလ်စခိုးက ပြောကြားခဲ့သည်။

စက်တင်ဘာ ၃ ရက်က အင်္ဂလန် အသင်းချစ်ကြည်ရေးခြေစမ်းပွဲကစား ခဲ့သည့် နော်ဝေအသင်းနှင့် ပွဲစဉ်တွင် တိုက်စစ်မှူး ရွန်းနီ၏ ပင်နယ်တီ သွင်းဂိုးဖြင့် အင်္ဂလန်အသင်း အနိုင် ရရှိခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အင်္ဂလန် အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်အနေ ဖြင့် ဘေဆယ်မြို့ စိန့်ဂျာကော့ပက် ကွင်းသို့ သွားရောက်ကစားရမည့် ဆွစ်ဇာလန်အသင်းနှင့် ပွဲစဉ်တွင်မူ ရွန်းနီအား ကွင်းလယ်ပိုင်းအတွက် အဓိကပွဲထွက်ရမည့် ကစားသမား အဖြစ်ထည့်သွင်းသင့်ကြောင်း အင်္ဂလန် အသင်းအတွက် ၆၆ ပွဲပါဝင်ကစားပေး ခဲ့သည့် ပေါလ်စခိုးက ပြောကြား ခဲ့သည်။

အင်္ဂလန်အသင်းသည် အသင်း ခေါင်းဆောင် စတီဗင်ဂျာရတ် လက် ရွေးစင်ကစားသမားဘဝမှ အနားယူ ခဲ့ပြီးနောက် ကွင်းလယ်မှ ဘောလုံး ဖြတ်တင်ပေးပို့နိုင်သည့် ကွင်းလယ် ကစားသမားမရှိ ဖြစ်ခဲ့ရသည်။ သို့ရာ တွင် တိုက်စစ်မှူးရွန်းနီမှာ တိုက်စစ်မှူး များ ဂိုးသွင်းနိုင်ရေးအတွက် ဘောလုံး ဖြတ်တင်ပေးနိုင်မည့် ကစားသမား ဟု မိမိအနေဖြင့် ထင်မိကြောင်း ပေါလ်စခိုးက ပြောကြားခဲ့သည်။ အင်္ဂလန်အသင်း၏ ကွင်းလယ်ပိုင်း တွင် ဝီရှိုင်းယားနှင့် အန်ဒါဆန်တို့ ရှိနေသော်လည်း ကွင်းလယ်ပိုင်းတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ကစားနိုင်စွမ်းမရှိ သေးကြောင်း ပေါလ်စခိုးက ပြောကြား ခဲ့သည်။ **[ငွေကြယ်]**



# ဝဲလ်ဘက်ကို အာဆင်နယ်သို့ မန်ယူ မရောင်းသင့်ဟုဆို

မန်ယူအသင်းသည် တိုက်စစ်မှူး ဝဲလ်ဘက်အား ပရီမီယာလိဂ်ပြိုင်ဘက် အာဆင်နယ်အသင်းသို့ ရောင်းချ လိုက်ခြင်းမှာ အမှားတစ်ခုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း မန်ယူကွင်းလယ်ကစား သမားဟောင်း ပေါလ်စခိုးက ထုတ်ဖော် ပြောကြားလိုက်သည်။

အင်္ဂလန်တိုက်စစ်မှူး ဝဲလ်ဘက် သည် အပြောင်းအရွှေ့ဈေးကွက်ပိတ် မည့်ရက်တွင် ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ဖြင့် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်ပြီး အာဆင် နယ်အသင်းအနေဖြင့် ဒူးဒဏ်ရာ ပြဿနာကြုံတွေ့နေသည့် တိုက်စစ်မှူး ဂီရောက်သည် လေးလကြာအနားယူရ မည်ဖြစ်၍ ၎င်းနေရာတွင် အစားထိုး သည့်အနေဖြင့် တိုက်စစ်မှူး ဝဲလ်ဘက် ကို ခေါ်ယူလိုက်ခြင်းလည်း ဖြစ်သည်။

မန်ယူအသင်းသည် တိုက်စစ်မှူး ဝဲလ်ဘက်အား ရောင်းထုတ်ကာ မိုနာကို အသင်းမှ ကိုလံဘီယာကြယ်ပွင့် ဖယ်လ်ကာအိုအား အငှားစာချုပ်ဖြင့် ပြန်လည်ခေါ်ယူခဲ့သည်။ **[ငွေကြယ်]**

# ယူရို ၂၀၁၆ ခြေစစ်ပွဲ အုပ်စုပွဲစဉ်(၁)

စက်တင်ဘာ ၈ ရက်ညနှင့် ၉ ရက် နံနက်ပိုင်းတွင် ၂၀၁၆ ယူရိုခြေစစ်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု G မှ ရုရှား၊ အုပ်စု C မှ စပိန်၊ အုပ်စု E မှ အင်္ဂလန်တို့လို အသင်းကြီးများ၏ ပွဲစဉ်များ ပါဝင်နေသည်။ အုပ်စုအဖွင့်ပွဲကို အသင်းကြီးများအနေဖြင့် အကောင်းဆုံး ပုံစံနှင့်ဖွင့်လှစ်နိုင်မလားဆိုသည်မှာ စိတ်ဝင်စားစရာ ဖြစ်နေပါသည်။

**ရုရှား-လီချန်စတိန်း ည ၁၀း၃၀ ၈-၉-၂၀၁၄**

ရုရှားအသင်းသည် ယူရိုခြေစစ်ပွဲအဖြစ် နောက်ဆုံး ရှစ်ပွဲကစားခဲ့ရာ နိုင်ပွဲခြောက်ပွဲ၊ သရေနှစ်ပွဲကျခဲ့၍ ယူရို ခြေစစ်ပွဲဆိုလျှင် ရုရှားတို့ရလဒ်ကောင်းခဲ့သည်ဟုပြော နိုင်သည်။ ရုရှားသည် ၂၀၁၄ ကမ္ဘာ့ဖလားအုပ်စုပွဲသုံးပွဲမှာ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးပြီး အုပ်စုအဆင့်နှင့်ပင်ပြိုင်ပွဲမှထွက်ခဲ့ ရ၍ ယခုယူရိုခြေစစ်ပွဲတွင် အကောင်းဆုံးပုံစံပြန်ရအောင် ပြင်ဆင်နေသည်။ စက်တင်ဘာ ၃ ရက်က အဇာဘိုင် ဂျန်နှင့်ခြေစမ်းပွဲတွင် လေးဂိုးပြတ်အနိုင်ရလဒ်ရယူနိုင်ခဲ့ သည့်အတွက် ယခုပွဲမှာ ယုံကြည်မှုအပြည့်အဝဖြင့် ကစား သွားပေလိမ့်မည်။ လီချန်စတိန်းကလည်း နောက်ဆုံး ၁၇ ပွဲဆက် နိုင်ပွဲပျောက်နေသည့်အသင်းဖြစ်နေသလို ရုရှားနှင့်နောက်ဆုံး သုံးကြိမ်ထိပ်တိုက်တွေ့ဆုံမှုတွင် တစ်ပွဲမှအနိုင်မရခဲ့ ရှုံးပွဲများနှင့်ကြုံတွေ့ခဲ့ရသည်။ လက်ရှိ ခြေစွမ်းပိုင်းအသာရနေသည့် အိမ်ရှင်ရုရှားအုပ်စုအဖွင့် ပွဲစဉ်ကို အနိုင်ရလဒ်နှင့် ဖွင့်သွားမည်ဖြစ်သည်။ တိုက်စစ်မှူး ခါစာကော့ဗ်၏ဂိုးသွင်းနိုင်စွမ်းကိုတော့ စိတ်ဝင်တစား စောင့်ကြည့်ရပေလိမ့်မည်။

**စပိန်-မက်ဆီဒိုးနီးယား နံနက် ၁း၁၅ ၉-၉-၂၀၁၄**

နောက်ဆုံးသုံးကြိမ်ထိပ်တိုက်တွေ့ဆုံမှုမှာ စပိန်ကို မက်ဆီဒိုးနီးယားတို့ လုံးဝမယှဉ်နိုင်ခဲ့ပါ။ ယခုပွဲတွင်လည်း စပိန်ကို ယှဉ်နိုင်ရန် မက်ဆီဒိုးနီးယားတို့ ခက်ခက်ခဲခဲ ကြိုးစားရဖွယ်ရှိနေပါသည်။ ပြင်သစ်ကို ၁-၀ ဂိုးဖြင့် ရှုံးခဲ့ သည့် ခြေစမ်းပွဲက အားနည်းချက်၊ လိုအပ်ချက်တွေကို စပိန်နည်းပြ ဒဲလ်ဘောစကေးအနေဖြင့် ပြင်ဆင်အားဖြည့် ပြီး အကောင်းဆုံးပုံစံနှင့်ပွဲထွက်ယှဉ်ပြိုင်မည်မှာ သေချာ ပေါက်ဖြစ်နေ၍ အိမ်ရှင်တို့ အောင်ပွဲခံမည့်ပွဲဟု သုံးသပ် မိပါသည်။

**ဆွစ်ဇာလန်-အင်္ဂလန် နံနက် ၁း၁၅ ၉-၉-၂၀၁၄**

ပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်ရှုံးထွက် ပွဲမှာ တောင်အမေရိကထိပ်တန်းအသင်းကြီး အာဂျင် တီးနားကို အချိန်ပိုရောက်မှ ရှုံးနိမ့်ခဲ့ရသည့် ဆွစ်ဇာလန် အသင်းသည် လက်ရှိမှာလည်း စုဖွဲ့မှုအားအကောင်းဆုံးပုံစံ နီးနီးရရှိနေဆဲဟု ပြောနိုင်သည်။ အင်္ဂလန်အသင်းသည် နောက်ဆုံးကစားခဲ့သည့် နော်ဝေနှင့်ခြေစမ်းပွဲတွင် အသင်းခေါင်းဆောင်သစ် ရွန်းနီ၏ ပင်နယ်တီဂိုးဖြင့် အနိုင်ရသော်လည်း အားနည်းချက်များရှိနေဆဲဖြစ်သည်။ နှစ်သင်းနောက်ဆုံးသုံးကြိမ် ထိပ်တိုက်တွေ့ဆုံမှုတွင် အင်္ဂလန်တို့အသာရခဲ့ပြီး နှစ်သင်းပေါင်းသွင်းဂိုးလည်းများ ခဲ့ပါသည်။ ယခုပွဲမှာတော့ အင်္ဂလန်တို့အသာရရန် ခက်ခဲ ဖွယ်ရှိနေသော်လည်း နှစ်သင်းပေါင်း သွင်းဂိုးများဦးမည်ဟု သုံးသပ်မိသည်။

**[ဝင်းထွန်းဦး]**

# ဖီအိုရင်တီးနားအသင်းအတွက်သာ အာရုံစိုက်ကစားသွားမည်ဖြစ်ကြောင်း ကွာဒရာဒိုပြောကြား

ဖီအိုရင်တီးနားအသင်း၏ ကိုလံဘီယာကွင်းလယ်လူ ကွာဒရာဒိုက မိမိ အနေဖြင့် အသင်းအပြောင်းအရွှေ့ကိစ္စများအပေါ် အာရုံစိုက်နေမည်မဟုတ်ဘဲ မိခင်ကလပ်အသင်းတွင်သာ အစွမ်းကုန်ပေးဆပ်သွားမည်ဖြစ်ကြောင်းပြော ကြားခဲ့သည်။ ကွာဒရာဒိုမှာပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကိုလံဘီယာ အသင်းအတွက်ခြေစွမ်းပြသခဲ့သူဖြစ်ပြီး အသင်းအား ကွာတားဖိုင်နယ်သို့ ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ထို့ပြင် နွေရာသီအပြောင်းအရွှေ့ ကာလက ၎င်းအား မန်ယူ၊ ဘိုင်ယန်မြူးနစ်၊ အင်တာမီလန်စသည့် ဥရောပ အင်အားကြီးကလပ်များက ခေါ်ယူရန်ပစ်မှတ်ထားခဲ့သော်လည်း အပြောင်း အရွှေ့မှာ ဖြစ်မြောက်လာခဲ့ခြင်းမရှိပေ။ ထို့ကြောင့် ကွာဒရာဒိုမှာ မိမိအနေဖြင့် ဥရောပထိပ်သီးကလပ်များသို့ ပြောင်းရွှေ့ခွင့်မရရှိခဲ့သည့်အတွက် စိတ်ပျက်နေ ခြင်းမရှိကြောင်း၊ ဖီအိုရင်တီးနားအသင်းတွင်သာ ပျော်ရွှင်မိကြောင်း ပြောကြားခဲ့ ခြင်းဖြစ်သည်။ ကွာဒရာဒိုမှာ ၂၀၁၁ ခုနှစ်က အူဒီးနီးစ်အသင်းမှ ဖီအိုရင်တီးနား အသင်းသို့ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အသင်းအတွက် ၆၈ ပွဲပါဝင်ကစားကာ ၁၆ ဂိုးသွင်းယူပေးထားခဲ့ကြောင်း သိရသည်။ **[ကိုရဲ]**


Robinson Business School, Yangon တွင်
ဆွစ်ဇာလန်နိုင်ငံ Victoria University မှတိုက်ရိုက်ချီးမြှင့်ပေးအပ်သော
နိုင်ငံတကာအသိအမှတ်ပြု စီးပွားရေးဘွဲ့များကို အချိန်တိုအတွင်းတက်ရောက်သင်ယူနိုင်ပါပြီ

ROBINSON Business School

Official Partner of

Fast Track MBA
Master of Business Administration
General Management
Hospitality Management

Int'l BBA
Bachelor of Business Administration
IGCSE / တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်။

သင့်အတွက် Scholarship သိန်း ၂၀

09-4319 6211
09-4200 53536

RBS City Campus
#206-E, Level-2, La Pyayt Wun Plaza, Alan Pya Pagoda Rd, Dagon Tsp, YGN. www.rbsmm.com



The VOICE Weekly
Vol.10, No.34
ထွက်ပြီ

The Voice Weekly ပရိသတ်များအတွက်
အထူးမေတ္တာလက်ဆောင်
ယနေ့ထုတ် The Voice Saturday သတင်းစာအခမဲ့ရယူပါ။

- ပြည်သူများ၏အမုန်းတော်ခံ တုတ်၊ ဒိုင်းများ၏နောက်ကွယ်မှ ထူးမခြားနား မြေစာပင်များဘဝ ချက်နှာဖုံးဆောင်းပါးရှည်၊
- နေရှင်နယ်ဒါရိုက်တာရဲ့ ကတိတွေကြောင့် ဘာမှမသိဘဲဝင်ပြိုင်ခဲ့တယ် ဆိုတဲ့ မေမြတ်နိုး၊ ကိုရီးယားကတရားစွဲခိုင်းပေမယ့် မလုပ်ပါဘူးလို့ ဆိုလာတဲ့ ဒေါ်လှနုထွန်းတို့နဲ့ သရုပ်အရှုပ်တော်ပုံ အမေး၊ အဖြေ
- နိုင်ငံရဲ့ တကယ့်အကျိုးစီးပွားကိုကာကွယ်ဖို့ ဘယ်သူမှာတာဝန်အရှိဆုံးလဲ၊
- ရပ်/ကျေးအုပ်ချုပ်ရေးမှူးကို ဘယ်သူရွေးမှာလဲ၊
- တိုင်းပြည်အနာဂတ်အတွက် လူငယ်တွေကို ဘာလုပ်ရမလဲသုံးသပ်ချက် ဆောင်းပါး၊
- ပင်လုံညီလာခံ ဘယ်အချိန်ထပ်လုပ်မှာလဲ သတင်းဆောင်းပါး၊
- မှန်ကင်းတစ်လှည့်၊ ထင်းတစ်လှည့်... မုံလုံတစ်လှည့်၊ ငါးပျံတစ်လှည့် MPT နဲ့ အော်ရီဒူး၊ တယ်လီနောအားပြိုင်ပွဲ၊
- EU သံအမတ်ကြီးနှင့် အမေး၊ အဖြေ၊
- ပြဿဒ်ကိုမီးလောင်နိုင်တဲ့ အမှိုက်ရာဇဝင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းဆောင်းပါး၊
- တယ်လီနောရဲ့ တေးသွားငွေကြယ်ပွင့်ဆုရှင်ရဲ့ ဘဝစာတ်ကြောင်း၊
- အနောက်ဘက်စည်းရိုးက တရားမဝင်ကျူးကျော်အခြေချမှု
- ကမ္ဘောဒီးယားရဲ့ နိုင်ငံရေးအကျပ်အတည်းပြေလည်သွားပြီလား၊
- အရှေ့တောင်အာရှက ဒီမိုကရေစီချန်ပီယံ အင်ဒိုနီးရှားစစ်တပ် အပြောင်းအလဲ၊

# ရန်ကုန်-မန္တလေး အမြန်ကားလမ်းပေါ်တွင် ယာဉ်တိမ်းမှောက်၊ နိုင်ငံခြားသားသုံးဦးသေဆုံး

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်တွင် စက်တင်ဘာ ၃ ရက် ညနေ ၆ နာရီခန့်က မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသည့် ကိုယ်ပိုင်ယာဉ်တစ်စီးမှာ ရှေ့ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့ရာ ယာဉ်ပေါ်ပါတရုတ်နိုင်ငံသားသုံးဦး နေရာတွင်ပင် သေဆုံးသွားသည့် ယာဉ်တိမ်းမှောက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဇော်နိုင်ထွန်း(၄၅)နှစ် မောင်းနှင်သည့် 6H/----Alpha Toyota အဖြူရောင်ယာဉ်သည် တရုတ်နိုင်ငံသားသုံးဦးအားတင်ဆောင်၍ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ်(၃၁၆/၆) အနီးတွင် ယာဉ်၏ရှေ့ဝဲဘက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ ယာဉ်မှာ တိမ်းမှောက်ခဲ့သည်။ ယာဉ်ပေါ်တွင်လိုက်ပါ စီးနင်းလာသည့် CHEN RUN ROI (၄၆) နှစ် ကွမ်တုန်ပြည်နယ် တရုတ်နိုင်ငံသားတွင် ဦးခေါင်း ပေါက်ပြဲဒဏ်ရာဖြင့် နေရာတွင် သေဆုံးခဲ့သည်။ CHEN XIMU (၄၀) နှစ် တရုတ်နိုင်ငံသားမှာ ယာချိုစောင်း ပေါက်ပြဲ၊နှာခေါင်းသွေးထွက်၊ ဒဏ်ရာများဖြင့် နေရာတွင်ပင် သေဆုံးသွားခဲ့သည်။ CHEN YUEQIU (၄၁) နှစ် တရုတ်နိုင်ငံသားမှာ ရင်ဘတ်ဝဲ/ယာ ပွန်းပဲ့ဒဏ်ရာ၊ လက်မောင်းပွန်းပဲ့ဒဏ်ရာ၊ ဝဲ၊ယာ ချိုစောင်းပွန်းပဲ့ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားခဲ့သည်။

သေဆုံးသူ တရုတ်နိုင်ငံသားသုံးဦးကို မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်း စစ်ဆေးရန် မိတ္ထီလာ သီးကုန်းအမြန်လမ်းရဲတပ်ဖွဲ့မှ ဆောင်ရွက်ခဲ့သည်။ ယာဉ်မောင်းဇော်နိုင်ထွန်းတွင်လည်း ဦးခေါင်းထိပ် သွေးထွက်ပေါက်ပြဲ၊ ဝဲမျက်ခုံးဖူးရောင်၊ နှာခေါင်းသွေးထွက်ဒဏ်ရာများရရှိပြီး မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပို့အပ်ခဲ့သည်။

သီးကုန်းအမြန်လမ်းရဲစခန်းမှ ယာဉ်တိမ်းမှောက်မှုကို ယာဉ် (ပ)၁၂/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၄(က)/၃၃၈ ဖြင့် အမှုဖွင့်ပြီး ရဲအုပ်ရဲစိုးက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ **(၁၁၁)**

# နာရေးပို့ပြန်လာသည့် မီနီဘတ်(စ်)နှင့် ဆိုင်ကယ်တိုက်မိ ဆိုင်ကယ်မောင်းသူ သေဆုံး

**ရန်ကုန် စက်တင်ဘာ ၅**

နာရေးပို့ပြန်လာသော မီနီဘတ်(စ်) ယာဉ်နှင့် ကယ်ရီဆိုင်ကယ်တိုက်မိပြီး ဆိုင်ကယ်ယာဉ်မောင်းမှာ နေရာတွင် သေဆုံးပြီး နောက်မှကယ်ရီစီးနင်းလိုက်ပါသော အမျိုးသားတစ်ဦး ဒဏ်ရာများ ရရှိသဖြင့် မြောက်ဥက္ကလာပဆေးရုံသို့ပို့လိုက်ရသည့် ယာဉ်တိုက်မှု မြောက်ဥက္ကလာပသစ္စာပန်းလမ်းပေါ်တွင် ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ စက်တင်ဘာ ၃ ရက် ညနေ ၅ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးနေ ယာဉ်မောင်း ကိုအောင်မြင့်စိုး(၃၇)နှစ် မီနီဘတ်(စ်)နီဖြူ ယာဉ်အမှတ် 4G/-- ယာဉ်ဖြင့် နာရေးပို့ပြီး သစ္စာပန်းလမ်းအတိုင်း မောင်းနှင်လာစဉ် မြောက်ဥက္ကလာပ မြဥယျာဉ်စိုက်ပျိုးရေးခြံ ခိုင်ရွှေဝါလမ်းနေ မောင်တင်ဦး(၂၉)နှစ် (ကယ်ရီ) မောင်းနှင်လာသော ဆိုင်ကယ်အမှတ် ၂၅(ယ)/--- နီနက်ဖြင့် တိုက်မိရာ ဆိုင်ကယ်မောင်းသူမှာ နေရာတွင်ပင် သေဆုံးခဲ့သည်။ ဆိုင်ကယ်နောက်မှ စီးနင်းလိုက်ပါလာသော မြောက်ဥက္ကလာပ မြဥယျာဉ်စိုက်ပျိုးရေးခြံ အောင်သပြေလမ်းနေ ကိုမောင်မောင် (၃၈)နှစ်မှာ ဒဏ်ရာရရှိပြီး မြောက်ဥက္ကလာပဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေရသည်။

ဖြစ်ပွားရာသို့ မြောက်ဥက္ကလာပ ယာဉ်ထိန်းရဲတပ်ဖွဲ့ အစုအဖွဲ့(၄၂)မှ ရဲအုပ် ကျော်မိုးလာရောက်စစ်ဆေးပြီး ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၃၅)**

# ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၆၇) ရပ်ကွက်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၃ ရက် ည ၁၁ နာရီ ၅၅ မိနစ်က ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် (၆၇) ရပ်ကွက်၌ မူးယစ်ဆေးဝါး ရောင်းဝယ်သူတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကျော်ကျော်ဝင်း၊ တပ်ကြပ်တင်ဆန်းနှင့် ရဲတပ်ဖွဲ့များ၊ သက်သေရာအိမ်မှူး ဦးကျော်မင်းနိုင်၊ ဦးစောနိုင်တို့နှင့်အတူ (၆၇) ရပ်ကွက် ဆိပ်ကမ်းသာလမ်းမ ဦးကျော်မင်း (၄၁) နှစ် နေထိုင်သော ကျူးကျော်နေအိမ်သို့ ရှောင်တခင်ဝင်ရောက်ရှာဖွေစစ်ဆေးရာ ၎င်းနေအိမ် အိပ်ခန်း ခုတင်ခေါင်းအုံးအောက်မှ အပြာရောင် ပလတ်စတစ်အိတ်အတွင်းထည့်လျက် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ပန်းရောင် ၁၆၁ ပြားနှင့် အစိမ်းရောင် ရူးသွပ်ဆေးပြား နှစ်ပြားပါ အိတ်တစ်အိတ်၊ အပြာရောင်ကပ်ခွာအိတ်အတွင်း ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ ပြားနှင့် အစိမ်းရောင် စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြားပါ အိတ်တစ်အိတ်၊ ပလတ်စတစ်အိတ်အကြည်ဖြင့် ထည့်ထားသော WYစာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား သုံးပြား တစ်အိတ် စုစုပေါင်း ၃၆၃ ပြား (၃၆ ဒသမ ၃ ဂရမ်)ကို သက်သေများရှေ့တွင် ရှာဖွေသိမ်းဆည်းရမိ၍ ဦးကျော်မင်း (၄၁)နှစ်အား ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။ **(၅၀၂)**

# ဆိပ်ကြီးအရှေ့ရပ်ကွက်တွင် သင်္ဘောကျင်းလုပ်သားနှစ်ဦးဓာတ်လိုက်ခံရ၊ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ

**ဆိပ်ကြီးခနောင်တို စက်တင်ဘာ ၅**

ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်းရှိ ဆိပ်ကြီးအရှေ့ရပ်ကွက်တွင် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် သင်္ဘောကျင်းလုပ်သားနှစ်ဦးဓာတ်လိုက်ခံရသဖြင့် တစ်ဦးသေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆိပ်ကြီးခနောင်တိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဆိပ်ကြီးခနောင်တိုပြည်သူ့ဆေးရုံသို့ အမျိုးသားနှစ်ဦး ဓာတ်လိုက်ခံရသဖြင့် တစ်ဦးမှာဒဏ်ရာရရှိပြီး အခြားအမျိုးသားတစ်ဦးမှာ သေဆုံး၍ရောက်ရှိလာကြောင်း သတင်းအရ စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီတွင် သွားရောက်စစ်ဆေးရာ ဒဏ်ရာရရှိသူမှာ ဆိပ်ကြီးခနောင်တိုမြို့နယ်နေ ကိုချစ်ကို(၁၈)နှစ်ဖြစ်ကြောင်းသိရပြီး အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ် ကုသမှုခံယူလျက်ရှိကာ သေဆုံးသူမှာ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်နေ ကိုကျော်မင်းထွန်း (၂၇)နှစ်ဖြစ်ပြီး ၎င်းတို့နှစ်ဦးသည် သင်္ဘောကျင်းလုပ်သားများ ဖြစ်ကြကြောင်း၊ စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီခွဲခန့်တွင် ဆိပ်ကြီးအရှေ့ရပ်ကွက် နဝရတ်သင်္ဘောလွှန်းကျင်းရှိ လွှန်းတင်ပြင်ဆင်ထားသော စီဘီဖလက်တဲ့ ကျောက်တင်သင်္ဘော ဝမ်းဗိုက်တွင် လွှန်းတုံးခု၍ ပြုပြင်ဆောင်ရွက်နေစဉ် ပေါက်နေသည့် လျှပ်စစ်ဝါယာကြိုးနှင့် ထိနေသော လျှပ်စစ်စီးဝင်နေသည့် သင်္ဘောကိုယ်ထည်ကို ၎င်းတို့၏ ကျောပြင်နှင့်ထိမိခဲ့သဖြင့် ဓာတ်လိုက်ခံခဲ့ရခြင်းဖြစ်သည်။ ထိုသို့ဓာတ်လိုက်ခံရသဖြင့် ကိုချစ်ကိုတွင် ဝဲဘက်လက်ခုံနှင့် ကျောပြင်ဝဲဘက်ခြမ်းတို့တွင် ပွန်းပဲ့ဒဏ်ရာ တစ်ချက်စီရရှိခဲ့ပြီး ကိုကျော်မင်းထွန်းမှာ ကျောပြင်၌ ညိုမည်းစုတ်ပြဲဒဏ်ရာများ ရရှိကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဆိပ်ကြီးခနောင်တို မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၇/၂၀၁၄ ဖြင့် စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၄၀)**

**သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

ရတနာမိုး ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး
မြတ်စွာဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်
(၁၄)ညအိပ် (၁၅)ရက်ခရီးစဉ်
(၁၁)ညအိပ် (၁၂)ရက်ခရီးစဉ်
(၇)ညအိပ် (၈)ရက်ခရီးစဉ်
(၄)ညအိပ် (၅)ရက်ခရီးစဉ်
ဖော်ပြပါခရီးစဉ်များကို Oct လမှ စ၍ လစဉ်ပို့ဆောင်ပေးပါမည်။ Hotel စရိတ်ငြိမ်းဖြင့် ခရီးစဉ်များကို တာဝန်ယူစီစဉ်ပို့ဆောင်ပေးပါမည်။
❖ (၁၇)ညအိပ် (၁၈)ရက် (နယူးဒေလီ-ရေခဲတောင်ခရီးစဉ်)
❖ (၇)ညအိပ် (၈)ရက် (ဂယာ-နယူးဒေလီ-မွန်ဘိုင်းခရီးစဉ်)
သီရိလင်္ကာ ဗုဒ္ဓမြတ်စွယ်တော်ဖူးခရီးစဉ် ဟိုတယ်/စရိတ်ငြိမ်း 16 Sep
ရန်ကုန်ရုံးချုပ် ☎ 01 - 377352, 246239, 09 - 73029315, 73198845, 30330800
မန္တလေးရုံးခွဲ 09-444026228, 09-444027228 ပြင်ဦးလွင်ရုံးခွဲ ☎ 085-29769, 09-33317787

အပတ်စဉ် စနေနေ့ထုတ်
" နိုင်ငံတကာကုမ္ပဏီကြီးများရဲ့ နယ်ပယ်ပေါင်းစုံမှ အလုပ်အကိုင်အခွင့်အရေးများကို သိရှိချင်တယ်ဆိုရင် ဂျော့ဆီကာဂျာနယ်ကို အခုပဲဖတ်ရှုလိုက်ပါ "
အလုပ်အကိုင်မွေ့ရာ
JOB seekers ဂျော့ဆီကာ
www.myanmarjobseekers.com,
www.facebook.com/myanmarjobseekers
Hot Line : 01 2304678

ရွှေပင့်ကူ (၈.၉.၂၀၁၄ထွက်မည့်)
အဘအောင်မင်းခေါင်ထွက်ပွဲ
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ
(စက်လှေ၊ တဆင့်ကား၊ တည်းခိုခ)
တစရိတ်ငြိမ်း အလှူကားဖြင့် ထွက်မည်။
၃ညအိပ် ၄ရက် ခရီးစဉ် ၅၅၀၀၀/-ကျပ်
0973130346,09254049377

ပြည့်စုံရတနာ(၆၂)ကြိမ်မြောက်အဘအောင်မင်းခေါင်ထွက်ပွဲ
အဘထွက်ပွဲနှင့်ပုပ္ပားသီးသန့် (၃)ရက်
အဘထွက်ပွဲနှင့်ပုဂံစွယ်တော်လေးဆူပခုက္ကူ(၄)ရက်
အဘထွက်ပွဲနှင့်မန္တလေးမုံရွာစစ်ကိုင်းမရွှေဘိုပြင်ဦးလွင်(၆)ရက်
အမှတ်(၄)၊ကျောက်မြောင်းဈေး 09-73159071,09-250269946

EDULINK
အင်္ဂလိပ်စာကို Native Speaker နဲ့ သင်ချင်ပါသလား



Enroll Now! September လအတွက် တန်းခွဲသစ်တွေ လက်ခံနေပါပြီ။
Contact Mail: info@edulinkaustralia.com
www.facebook.com/edulink.aus
Address: Building 4, Junction Square, Kamaryut Township, Yangon.
Contact: 09 4211 19895, 09 731 62586

## လှိုက်လှဲစွာဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း

RedLink Communications Co., Ltd. မှ Vice Chairman & Co-Founder ဦးမင်းဆွေလှိုင်၏ ဇနီးဒေါက်တာ ဒေါ်အေးသီရိကျော်သည် ၄.၉.၂၀၁၄ (ကြာသာပတေး) နေ့တွင် ရွှေဂုံတိုင် Women Centre ၌ ဒုတိယမြောက် သမီးလုရတနာလေးအား အောင်မြင်စွာ မွေးဖွားကြောင်းသိရှိရပါသဖြင့် RedLink ကုမ္ပဏီဝန်ထမ်းများမှ လှိုက်လှဲစွာဂုဏ်ယူ ဝမ်းမြောက်မိပါသည်။

Board of Directors' နှင့် ဝန်ထမ်းများ
RedLink Communications Co., LTd.

# MPT မှ ရောင်းချပေးသည့် ၁၅၀၀ ကျပ်တန် ဖုန်းဆင်းကတ်များ မြိတ်တွင် ဝယ်ယူသူများပြား



**မြိတ်၊ စက်တင်ဘာ ၅**

မြန်မာ့ဆက်သွယ်ရေးမှ ထုတ်ဝေသည့် တယ်လီဖုန်းဆင်းကတ်များ မြိတ်မြို့တွင် စတင်ရောင်းချလျက်ရှိရာ လာရောက်ဝယ်ယူလိုသူများပြားလျက်ရှိကြောင်း သိရသည်။

ထိုသို့ရောင်းချရာတွင် မိုဘိုင်းဖုန်း ဟန်းဆက်အရောင်းဆိုင်အချို့မှာ ဆိုင်မှဟန်းဆက်ဝယ်ယူပါက ဆင်းကတ်အခမဲ့ပေးစနစ်ဖြင့် ရောင်းချပေးပြီး ငွေဖြည့်ကတ် ကျပ်တစ်သောင်းတန် ကတ်တစ်ခုစီကို ဖြည့်သွင်းရောင်းချကြောင်း သိရသည်။

အဆိုပါဆိုင်များ၌ ညနေ ၄ နာရီခန့်တွင် ဆင်းကတ်ကုန်သွားကြောင်းနှင့် ဟန်းဆက်မရောင်းချဘဲ ဆင်းကတ်သီးသန့်ရောင်းချသော ဆိုင်တစ်ဆိုင်တွင် ဆင်းကတ် ၁၀၀ ရောင်းချရာ ဝယ်ယူလိုသူများ ကြိတ်ကြိတ်တိုးတန်းစီလျက်ရှိကြောင်း သိရသည်။

"ဟန်းဆက်ရောင်းတဲ့ဆိုင်တွေကလည်း ဆင်းကတ်ကို ဟန်းဆက်နဲ့တွဲရောင်းတယ်။ ဟန်းဆက်ကလည်း ယခင်ဈေးထက် တစ်သောင်းဝန်းကျင်လောက် ဈေးတင်ထားတယ်။ ဒါ့ပြင် ငွေဖြည့်ကတ်ကလည်း တစ်သောင်းတန်တစ်ကတ် ထပ်ဖြည့်ဝယ်ရတယ်ဆိုတော့ အခြေခံလူတန်းစားတွေအနေနဲ့ အခုလို ဆင်းကတ်သီးသန့်ရောင်းတဲ့ဆိုင်ကို ပိုတိုးပြီးဝယ်ကြရတာပေါ့။ တကယ်လို့သာ ဆိုင်တိုင်းက ဆင်းကတ်သီးသန့်ပဲရောင်းမယ်၊ ဟန်းဆက်နဲ့တွဲမရောင်းဘူးဆိုရင် ဝယ်သူရောင်းသူအားလုံး အဆင်ပြေသွားမယ်။ ဝယ်သူကလည်း ဘယ်ဆိုင်ဝယ်ဝယ် အတူတူဆိုတော့ ခုလိုတစ်ဆိုင်တည်းမှာ လူတွေစုပြုံပြီး တိုးဝယ်တော့မှာမဟုတ်ဘူး"ဟု ဖုန်းကတ်ဝယ်ယူလိုသူတစ်ဦးက ပြောသည်။

မြိတ်မြို့နယ်တွင် အဆိုပါဖုန်းဆင်းကတ်များကို နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း ဖုန်းဆင်းကတ်ရောင်းချသည့် ဆိုင်များထံမှသိရသည်။ **မြိတ်ခရိုင်(ပြန်/ဆက်)**

# ဩဂုတ်လအတွင်း ရန်ကုန်တွင် မီးလောင်ကျွမ်းမှု ၁၄ ကြိမ်ဖြစ်ပွား

**ရန်ကုန် စက်တင်ဘာ ၅**

ယခု ၂၀၁၄ ခုနှစ် ဩဂုတ်လတစ်လတာအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် မီးလောင်ကျွမ်းမှုဖြစ်စဉ်ပေါင်း ၁၄ ကြိမ် ဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါမီးလောင်ကျွမ်းမှု ၁၄ ကြိမ်တွင် မီးဖိုမီးတစ်ကြိမ်၊ ပေါ့ဆမီး သုံးကြိမ်၊ လျှပ်စစ်နှင့်ပတ်သက်ဖြစ်ပွားသော လောင်ကျွမ်းမှုရှစ်ကြိမ်၊ မသမာသူရှို့မီး နှစ်ကြိမ်တို့ ပါဝင်ကာယင်းဖြစ်စဉ်များကြောင့် အိမ်ခြေ/အဆောက်အအုံ တစ်လုံး ဆုံးရှုံးပြီး ဒဏ်ရာရသူခြောက်ဦးရှိခဲ့သည်ဟု သိရသည်။

"မိုးတွင်းကာလမိုးတွေရွာနေပေမယ့်လည်း မီးလောင်ကျွမ်းမှုဖြစ်စဉ်တွေဖြစ်ပွားနေလျက်ရှိတာတွေ့ရပါတယ်။ မီးဘေးအန္တရာယ်ကို အမြဲသတိပြုကြပါလို့နှိုးဆော်ချင်ပါတယ်"ဟု မီးသတ်အရာရှိတစ်ဦးက ရှင်းပြသည်။

ရန်ကုန်မြို့ အပါအဝင် မြို့ပြကြီးများ၌ လောင်ကျွမ်းသည့်မီးလောင်ကျွမ်းမှုများတွင် လျှပ်စစ်ဝါယာရှော့ခ်ဖြစ်ကာလောင်ကျွမ်းသည့် မီးလောင်ကျွမ်းမှုများပြားခြင်းကြောင့်လည်း နေအိမ်အဆောက်အအုံကြီးများ အပါအဝင် ဒေသခံ များမှာ ဟောင်းနွမ်း ဆွေးမြေ့နေသည့် လျှပ်စစ်ဝါယာ ကြိုးများကို သုံးစွဲနေမှုမှမရှောင်ရှားခြင်း၊ အိမ်တွင်းလျှပ်စစ်ပြုပြင်ရာတွင်လည်း လျှပ်စစ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူများကိုသာ ခေါ်ယူကာလုပ်ဆောင်စေ ခြင်းတို့ကို လုပ်ဆောင်သင့်ကြောင်း သိရသည်။

**(၆၈၀)**

# ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်

**မြန်အောင်၊ စက်တင်ဘာ ၅**

မြန်အောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကျောင်းထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများကို စက်တင်ဘာ ၃ ရက်က တာခွတဲကြီးကုန်းကျေးရွာအုပ်စု တာခွရွာနှင့် ကောင်းမြတ်တောကျေးရွာတို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာနွယ်နီလွင်ဦးဆောင်သောအဖွဲ့သည် တာခွကျေးရွာ ဘိုးရာဇာစာကြည့်တိုက်တွင် စာအုပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပြီး ကောင်းမြတ်တောကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်၊ ခဲတံ၊ ထီးနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကောင်းမြတ်တောကျေးရွာတွင် မိခင်နှင့်ကလေးများ ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ လူမှောင်ခို လူကုန်ကူးမှုအန္တရာယ်အကြောင်းနှင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ဝင်းမိုလ်**

# မိုင်းခတ်ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်စက်လှူဒါန်း

**မိုင်းခတ်၊ စက်တင်ဘာ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့၊ ပြည်သူ့ဆေးရုံတွင် အစီအစဉ်ဖြင့် ငွေကျပ်ခြောက်သိန်းခွဲတန်ဖိုးရှိ အောက်ဆီဂျင်စက်တစ်လုံး လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစဲကီကော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်၊ မြို့နယ်လက်ထောက်ဆရာဝန် ဒေါက်တာသက်ခိုင်မင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်က အဖွင့်အမှာစကားပြောကြားသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစဲကီကော်က အောက်ဆီဂျင်စက်လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး အောက်ဆီဂျင်စက်ပေးအပ်လှူဒါန်းရာ မြို့နယ်လက်ထောက်ဆရာဝန်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# သီပေါမီးသတ်တပ်ဖွဲ့စခန်းအား ကြည့်ရှုစစ်ဆေး

**သီပေါ၊ စက်တင်ဘာ ၅**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန အမှတ် (၁) ပြည်နယ်/တိုင်းဒေသကြီး မီးသတ်ဦးစီးရုံးများ ကွပ်ကဲမှုဌာနခွဲ (မန္တလေး) ညွှန်ကြားရေးမှူး ဦးကြည်ဝင်းသည် တွဲဖက်ပြည်နယ်မီးသတ်ဦးစီးမှူး(လားရှိုး) ဦးဇော်ဝင်းထွန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၃ ရက် မွန်းလွဲ ၃ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့မီးသတ်တပ်ဖွဲ့စခန်းသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ ရှေးဦးစွာ ညွှန်ကြားရေးမှူးသည် မီးသတ်တပ်ဖွဲ့နှင့် မီးသတ်ယာဉ်များ၏ ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်းက မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ၊ မီးသတ်ပိုက်အခြေအနေများနှင့် မီးသတ်ယာဉ်များ ကြံ့ခိုင်မှုအခြေအနေများ၊ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ စီစဉ်ဆောင်ရွက်ထားရှိမှုများကို လက်တွေ့ရှင်းလင်းပြသရာ ညွှန်ကြားရေးမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့သည်။

**စိုင်းသာလှိုင်**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရွှေပြည်သာမြို့နယ်၊ ဝါးတစ်ရာကျေးရွာ ကမ်းပတ်တာဖောက်လုပ်ရာတွင် ပါဝင်သည့် ဦးကျော်ဝင်း[၁၂/မဘန(နိုင်)၀၆၂၉၉၆]သည် မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်(၃၂)၊ အကျယ်အဝန်း ပေ(၄၀×၆၀) မြေကွက်ရရှိခဲ့ပါသည်။ ဖော်ပြပါ မြေကွက်သည် မြေချပါမစ်မထုတ်ယူရသေးပါ၍ ပါမစ်ထုတ်ယူခွင့်ပြုပါရန် အရပ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူထားသူ ဦးအင်ပို့(ခ)ကိုလတ်[၁၂/ဗဟန(နိုင်)၀၇၉၈၇၄]မှ ၎င်းပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်၊ ရပ်ကွက်ထောက်ခံစာများ ပူးတွဲတင်ပြ၍ ပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ဤရုံးသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေချပါမစ်ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြေယာရုံးခွဲ(၁၁)၊ မြေနှင့်အခွန်ဌာနခွဲ၊ ရွှေပြည်သာမြို့နယ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

(၄၇)နှစ်မြောက်
**အောင်ဆန်း (ရ)**
၃. ၁၀. ၂၀၁၄ သောကြာ ညနေ
တရားရုံးချုပ်ဓမ္မာရုံမှာ

**အင်္ဂလိပ်စာ** တတ်လိုသော်နှင့် **WEBS** ၏ရုပ်တည်ချက်
WEBS ရှိ အင်္ဂလိပ်စာသင်တန်းအားလုံးကို တက်ရောက်ပြီးပါက အင်္ဂလိပ်စာနှင့်ပတ်သက်၍ မည်သည့်သင်တန်းကိုမှ ထပ်မံ၍ တက်ရောက်ရန် မလိုတော့ပါ။ အစ၊ အလယ်၊ အဆုံး အလုံးစုံ ပြီးပြည့်ကောင်းမွန်အောင် စီစဉ်ထားပါသည်။ သင်တန်းတစ်ခုပြီးတိုင်း အင်္ဂလန်နိုင်ငံ Cambridge တက္ကသိုလ်က အောင်လက်မှတ်ရရှိမည်။
WEBS World-class English & Business School 09 5151398
A World-class Learning Experience
➤ Four Skills ➤ Cambridge Exams 63 (3-A) ၊လှည်းတန်း။ လှည်းတန်းလမ်းမကြီး။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၃၂၀)၊ မြေကွက်တည်နေရာအမှတ်(၃၂၀)၊ မင်းခေါင်(၁)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်အမာ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား တောင်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၃၄/၁၄)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်(၄၀/၁၄)၏အမိန့်နှင့် ၂၃-၇-၂၀၁၄ရက်စွဲပါ ဘီလစ်ခန့်စာတို့ကို တင်ပြပြီး အမည်ပေါက် ဒေါ်အမာ(ကွယ်လွန်)၏ သားသမီးများဖြစ်ကြသော တရားပြိုင်နှင့် တရားရုံးတို့ကိုယ်စား ဘီလစ် ဒေါ်နန့်ဆန်းသိန်း[၁၂/မရက(နိုင်)၀၄၇၆၁၆]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၃)၊ ဧရိယာ(၀.၀၆၂)ဧက၊ မြေကွက်တည်နေရာအမှတ်(၃)၊ ဗိုလ်အောင်ကျော်လမ်း၊ (၂)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ရှိ ဦးမောင်မောင်လေး (MMN-114031)+ဒေါ်တင်မြင့်(MMN-114032)+ဒေါ်ဆွေဆွေမာ(MYGN-၀၀၁၈၂၂) (၃)ဦး အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား ဦးမောင်မောင်လေး ကွယ်လွန်သဖြင့် ၎င်း၏ ဇနီးတော်စပ်သူဖြစ်ပြီး အမည်ပေါက်(၁)ဦးလည်းဖြစ်သည့် ဒေါ်တင်မြင့်နှင့် ပူးတွဲအမည်ပေါက်ဖြစ်သူ ဒေါ်ဆွေဆွေမာတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၈၈၆၈/၂၀၁၄(၂၆-၃-၂၀၁၄)၊ ၈၉၈၈/၂၀၁၄(၂၈-၃-၂၀၁၄)တို့ဖြင့် ရရှိသူ ဦးကြီးမြင့်[၁၂/အစန(နိုင်)၁၁၉၄၀၄]မှ သေစာရင်း၊ ကျမ်းကျိန်လွှာနှင့်ထပ်ဆင့်ကျမ်းကျိန်လွှာ (၂)စောင်တို့တင်ပြ၍ ပိုင်ဆိုင်+အရောင်း မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဍ)၊ မြေကွက်အမှတ်(၁၁၀၆ဒ်)၊ မြေကွက်တည်နေရာအမှတ်(၁၁၀၆ဒ်)၊ သုဓမ္မာလမ်း၊ (ဍ)ရပ်ကွက်၊ ဒေါ်ခင်ထွေးမေ[၁၂/ဥကမ(နိုင်)၁၃၉၅၁၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မိခင်ဖြစ်သူ ဒေါ်ခင်ထွေးမေနှင့် ဖခင်ဖြစ်သူ ဦးဘမြင့် ကွယ်လွန်သဖြင့် ၁။ ဒေါ်မာမာမြင့်[၁၂/ဥကမ(နိုင်)၁၂၄၉၀၂]၊ ၂။ ဒေါ်သီဂီမြင့် [၁၂/ ဥကမ(နိုင်)၁၄၀၂၂၃]၊ ၃။ ဦးရဲမြင့်[၁၂/ဥကမ(နိုင်)၁၄၄၂၄၈]၊ ၄။ ဒေါ်ခင်ထွေးမြင့်[၁၂/မရက(နိုင်)၀၃၀၉၆၀]တို့က သားသမီးအရင်းများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၉/က)၊မြေကွက်အမှတ်(၁၄/က)၊ မြေကွက်တည်နေရာအမှတ်(၁၄/က)၊ဝါဦးကျောင်းလမ်း၊ စဥ့်ငူရပ်ကွက်၊အင်းစိန်မြို့နယ် ဒေါ်သိန်းရီ အမည်ပေါက် မြေပိုင်မြေ၊ အိမ် ရာမြေအား အမည်ပေါက် ဒေါ်သိန်းရီ ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးတင်မောင်(ခ)ဦးမောင်မောင်(၁၂/အစန(နိုင်)၀၀၇၀၄၉ က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းမိတ္တူတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃၊ မြေကွက်အမှတ်-၁၁၈၀၊ မြေကွက်တည်နေရာအမှတ် (၁၁၈၀)၊ (၄၃) ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် (ဦးရဲဆွေ NBN-၁၅၆၉၃၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးရဲဆွေ ကွယ်လွန်သဖြင့် ဒေါ်ဖွားထိန် (ခ) ဒေါ်မြင့်မြင့်မာ (၁၂/ကမရ(နိုင်) ၀၃၄၇၆၆)က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ် အမှတ်-၁၇၂၁၃/၁၁ (၂၃-၉-၁၁) ဖြင့် ဦးဝင်းဇော် (၁၄/ကလန (နိုင်) ၀၀၃၆၇၂) မှ ကိုယ်စားလှယ် ရယူ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၄၄၁/က)၊ မြေကွက်တည်နေရာအမှတ်(၄၄၁/က)၊ ၁၄လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်မြသိန်း၊ ဒေါ်တင်တင်အုန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကို အမည်ပေါက် ဒေါ်မြသိန်းနှင့် ဒေါ်တင်တင်အုန်းတို့အား တရားပြိုင်ထား၍ (တရားလို)ဒေါ်နုနုအေးမှ စွဲဆိုသော တောင်ဥက္ကလာပမြို့နယ်တရားမရုံး၊ တရားမကြီးမှုအမှတ်(၆၈/၁၄)၏စီရင်ချက်၊ ဇာရီမှုအမှတ်(၄၅/၁၄)၏အမိန့်နှင့် တောင်ဥက္ကလာပမြို့နယ် တရားရုံး၏ ၂၃-၇-၂၀၁၄ ရက်စွဲပါ ဘီလစ်ခန့်စာတို့ကို တင်ပြပြီး တရားရုံးဘီလစ် နန့်ဆန်းသိန်း[၁၂/မရက(နိုင်)၀၄၇၆၁၆]က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အတွေးအမြင်ဆောင်းပါး

# ပညာဖြင့် လူ့စွမ်းအားမြင့်

**à aomfvmat;**

ပညာရေးကို အခြေပြု၍ ထွက်ပေါ်လာသော အသိပညာရှင် အတတ်ပညာရှင်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ လူ့အဖွဲ့အစည်းတစ်ခုအတွင်း၌ တန်ဖိုးအရှိဆုံးအရာသည် ပြည်သူ့စွမ်းအားဖြစ်ပေသည်။ ပြည်သူများအားလုံး အသိပညာအတတ်ပညာ မြင့်မားခြင်းဖြင့် ကမ္ဘာ့အထွတ်အထိပ်သို့ ရောက်နိုင်သည်။ သို့ဖြစ်၍ နိုင်ငံတော်အတွက်အားထားရမည့် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးရပေမည်။ ထို့ကြောင့် ပတ်ဝန်းကျင်၌ လူသားစွမ်းအားစုများ လေ့ကျင့်ပျိုးထောင်ပေးသည့် (Human Resources Development Program) လုပ်ငန်းဖြစ်သော ပညာရေးအတွေးအခေါ် မြော်မြင်မှုကို ရှင်သန်အောင်သင်ကြားမည့် ပညာရေးနည်းစနစ်ထွန်းတောက်စေရန် အစဉ်ကြိုးပမ်းရမည်ဖြစ်ပါသည်။

မြန်မာ့ပညာရေးအစသည် မြန်မာ့ရိုးရာပညာရေးစနစ်၊ မြန်မာ့အမျိုးသားပညာရေးစနစ်ဖြစ်သော ဘုန်းတော်ကြီးကျောင်းပညာရေးဖြစ်သည်။ ရှေးမြန်မာတို့ ပညာသင်ကြားရာ စာသင်ကျောင်းများသည် ဘုန်းတော်ကြီးကျောင်းများဖြစ်ပြီး အရည ဝါသီတောကျောင်းများမှာ သာသနာ့အဆုံးအမကို ဆောက်တည်ကျင့်သုံးစေခဲ့၍ ဂါမဝါသီပွဲကျောင်းမှာ လောကုတ္တရာ စာပေများသာမက သင်္ချာပညာ၊ နက္ခတ်ပညာ၊ ရာဇဝင်ပုံပြင်၊ ရာဇသတ်၊ ဓမ္မသတ်၊ ဆေးပညာစသည့် လောကီစာပေအတတ်ပညာများနှင့် လက်မှုပညာအသက်မွေးမှုပညာတို့ကို ကျယ်ပြန့်စွာသင်ကြားပို့ချပေးခဲ့သည်။ မြို့တိုင်း၊ ရွာတိုင်း၌ ဘုန်းကြီးကျောင်းရှိပြီး ကလေးများအား ရွာဦးကျောင်းသို့ပို့ကာ ပညာသင်ကြားစေခြင်းဖြင့် မြန်မာနိုင်ငံတွင် စာမတတ်သူ ဦးရေ နည်းပါးခဲ့သည်။

ဘုန်းကြီးကျောင်းပညာရေး၊ ကိုလိုနီခေတ်ပညာရေး၊ လွတ်လပ်ရေးခေတ်ပညာရေးမှသည် မျက်မှောက်ခေတ်၌ နည်းပညာအသုံးပြုကဏ္ဍတွင် မြန်မာ့ပညာရေးစနစ်သည် အီလက်ထရွန်နစ်ပညာရေးနယ်ပယ်သို့ ဝင်ရောက်နေပြီဖြစ်သည်။

မြန်မာတစ်ပြည်လုံးရှိ အခြေခံပညာကျောင်းများတွင် Multimedia စာသင်ခန်းများ ဖွင့်လှစ်ပေးပြီး ကျောင်းသား၊ ကျောင်းသူများ ကွန်ပျူတာအသုံးပြုတတ်လာစေရန် လေ့ကျင့်ပေးခဲ့သည်။ အဆင့်မြင့်ပညာကဏ္ဍတွင် သင်ခန်းစာများကို Data Broadcasting စနစ်ဖြင့် ထုတ်လွှင့်နိုင်ပြီဖြစ်သည်။ ထုတ်လွှင့်သင်ခန်းစာများကို လက်ခံနိုင်သော Learning Center များလည်း ထူထောင်ပြီးဖြစ်ပေသည်။

နိုင်ငံခြားဘာသာစကားကို ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် သင်ကြားနည်းအမျိုးမျိုးနှင့် Cyber English, Global English, Dynamic English စသောသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ မျက်မှောက်ခေတ်ပညာရေးသည် ခေတ်မီ IT နည်းပညာဖြင့် သင်ယူခွင့်ရရှိခြင်း၊ အဖက်ဖက်မှ ပံ့ပိုးကူညီခြင်းများဖြင့် ကမ္ဘာ့နိုင်ငံများ၏ ပညာရေးခရီးတွင် နောက်ကျန်ရစ်ခြင်းမရှိအောင် အားထုတ်လျက်ရှိသည်။

> ## ပညာရေးနယ်ပယ်၏ အသက်သွေးကြောပမာ အဓိက အရေးပါသောလုပ်ငန်းစဉ်မှာ သင်ကြားရေးနှင့် . . .

ပညာရေးနယ်ပယ်၏ အသက်သွေးကြောပမာ အဓိက အရေးပါသောလုပ်ငန်းစဉ်များမှာ သင်ကြားရေးနှင့် သုတေသနလုပ်ငန်းတို့ဖြစ်ပေသည်။ သင်ကြားရေးနှင့် နီးနွှယ်လျက်ရှိသည့် အကျိုးပြုသုတေသနများကို ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်နှင့် သက်ဆိုင်ရာဘာသာရပ်နယ်ပယ် အသီးသီးတို့၌ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ ပညာရေးနယ်ပယ်အတွင်း၌ သင်ကြားရေးနှင့်သုတေသနကို ဟန်ချက်ညီညီလုပ်ဆောင်သင့်သည်။ သို့မှသာ သင်ကြားရေးမှသည် သုတေသနစိတ်ဓာတ်များ နိုးကြားလာစေပြီး ဘက်စုံထူးချွန်သည့် လူတော်လူကောင်းများ ပေါ်ထွန်းစေနိုင်သကဲ့သို့ သုတေသနလုပ်ငန်းများ၏ အကျိုးများမှာလည်း သင်ကြားရေးကဏ္ဍကို ပိုမိုဖွံ့ဖြိုးကာ နိုင်ငံတော်၏ ပညာရေးအစဉ်အလာ မြင့်မားလာစေနိုင်ပေမည်။

ယနေ့ခေတ်သည် ပညာခေတ် Age of Knowledge ဖြစ်သည်။ ပညာရေးလူ့အဖွဲ့အစည်းတစ်ခုလုံးသည် ပညာခေတ်ကို စိန်ခေါ်မှုများရင်ဆိုင်နိုင်ရန် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်အပ်ပေသည်။ ထိုသုတေသနများကို ဆောင်ရွက်ရာ၌ ပညာရပ်ဆိုင်ရာ အခြေခံသုတေသန Basic Research တို့ကို အစဉ်တစိုက် လေ့လာ ကြိုးပမ်းနေမှသာ ပညာရေးမျှော်မှန်းချက်ပန်းတိုင်သို့ရောက်၍ အနာဂတ်လူ့ဘောင်မှာ တိုးတက်သာယာမည်ဖြစ်ပါသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှရရှိသော ရှေ့ပြေးလူဦးရေစာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၁ သန်းကျော်ရှိကြောင်း ဗဟိုသန်းခေါင်စာရင်း ကော်မရှင်က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ သုံးသပ်ချက်တွင် သန်းခေါင်စာရင်းမကောက်သည်မှာ နှစ် ၃၀ ကြာပြီဟု ယေဘုယျ ဆိုနိုင်သော်လည်း ယခုကောက်ယူမှုသည် မြန်မာ့သမိုင်းတစ်လျှောက် ပြည့်စုံမှုအရှိဆုံးဟုဆိုချင်ကြောင်း ရှင်းလင်းတင်ပြထားသည်။

နိုင်ငံ၏တိုးပွားလာသော လူဦးရေနှင့်အညီ ဖြစ်ထွန်းပေါ်ပေါက်လာသည့် ပညာရေးဌာနများသည် ပညာထုတ်ကုန် (Knowledge Product) များဖြစ်သော ပညာတတ်များမွေးထုတ်ရာနေရာဖြစ်ပေသည်။ ပညာခေတ်တွင် အရည်အသွေးမြင့်မားသော လူတော်လူကောင်းများကို စဉ်ဆက်မပြတ် မွေးထုတ်ပေးရမည်ဖြစ်သည်။

ထိုသို့မွေးထုတ်နိုင်ရန်အတွက် မိမိတို့၏လူ့စွမ်းအားအရင်းအမြစ်တစ်ခုလုံးကို ပညာရေးလူ့အဖွဲ့အစည်း (Knowledge Society) ဖြစ်ရန် အားထုတ် ကြိုးပမ်းကြရမည် ဖြစ်ပါသည်။

# ရမည်းသင်းမြို့နယ်တွင် သွားလာသယ်ယူပို့ဆောင်ရေးအတွက် မြင်းလှည်းများယနေ့ထက်တိုင်အသုံးပြုဆဲဖြစ်

**ရမည်းသင်း၊ စက်တင်ဘာ ၅**

သွားလာရေးနှင့် ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေးအတွက် မြင်းယာဉ် (မြင်းလှည်း)များကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း ယနေ့ထက်တိုင် အသုံးပြုလျက်ရှိကြောင်းသိရသည်။

ယင်းသို့ သွားလာရေး သယ်ယူပို့ဆောင်ရေးအတွက် မြင်းလှည်းများကို စံပြသိမ်ကုန်း၊ ဆည်ကြီး၊ ညောင်အိုင်၊ ရွှေမြင်တင်၊ မြင်းနား၊ အင်ကြင်းကန်၊ အင်ဇင်း၊ အလယ်ကုန်း အစရှိသော ရွာများတွင် အသုံးပြုလျက်ရှိရာ သိမ်ကုန်းနယ်ဘက်တွင် မြင်းလှည်းအစီးရေအများဆုံးဖြစ်ကြောင်း သိရသည်။

မြင်းလှည်းတစ်စီးလျှင် လူ ၁၀ ဦးတင်နိုင်ပြီး ရမည်းသင်းမြို့မှ ရွှေမြင်တင်တောင်တော်အထိ လူတစ်ဦးလျှင်ငွေကျပ် ၇၀၀၊ ရမည်းသင်းမြို့မှ စံပြသိမ်ကုန်းရွာအထိ လူတစ်ဦးလျှင် ငွေကျပ် ၃၀၀ မြင်းလှည်းခပေးရပြီး ဆန်တစ်အိတ်၊ ဆီတစ်ပုံး၊ ဈေးတောင်းတစ်တောင်း အစရှိသော ကုန်ပစ္စည်းများကိုလည်း လူတစ်ယောက်ခအတိုင်း ပေးရသည်။

စင်းလုံးပြတ်ငှားပါက ခရီးစဉ်အကွာအဝေး၊ အသွားအပြန်၊ စောင့်ရမည့်အချိန်ကိုတွက်၍ ငွေကျပ် ၆၀၀၀ မှ ငွေကျပ် ၁၀၀၀၀ ဝန်းကျင်ပေးရသည်။ ပုံမှန်ပြေးဆွဲပါက တစ်ခေါက် (အသွားသို့မဟုတ် အပြန် ခရီးစဉ်တစ်ကြောင်း)လျှင် လူနှင့် ကုန်ပစ္စည်းတင်ဆောင်မှုအပေါ် မူတည်၍ ငွေကျပ် ၅၀၀၀ မှ ငွေကျပ် ၁၀၀၀၀ ဝန်းကျင်ပေးရကြောင်းသိရသည်။

ယခင်က မြို့နယ်အတွင်း၌ မြင်းလှည်းများ များပြားသော်လည်း ယခုအခါ လုပ်ငန်းမကောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီများ ပေါ်များလာခြင်း၊ သုံးဘီးဆိုင်ကယ်များ၊ ထော်လာဂျီများ အစားထိုးဝင်ရောက်လာ၍ ဝင်ငွေနည်းသောကြောင့် မြင်းလှည်းများဖြုတ်ကာ အခြားလုပ်ငန်းများ ပြောင်းလဲလုပ်ကိုင်လာကြသည်။ သီးနှံပေါ်ချိန်တွင် တစ်နေ့ နှစ်ခေါက်၊ သုံးခေါက် ပြေးဆွဲရ၍ လုပ်ငန်းကောင်း ဝင်ငွေပိုသည် ဖြစ်သော်လည်း ယခုလရာသီတွင် တစ်နေ့ တစ်ခေါက်သာ ပြေးဆွဲရသည်။ နွေရာသီများတွင် အလှူပွဲများ ပေါ်များသောကြောင့် အလှူဝတ်ဆံလှည့်ရာတွင် မောင်ရှင်လောင်းစီးရန်အတွက် မြင်းအငှားလိုက်ရသောကြောင့် ဝင်ငွေရကာ ခရီးစဉ်အကွာအဝေးပေါ်မူတည်၍ ငွေကျပ် ၈၀၀၀ မှ ငွေကျပ် ၁၅၀၀၀ ဝန်းကျင် ရရှိကြောင်းမြင်းလှည်းမောင်းသူတစ်ဦးက ပြောသည်။ **(လှိုင်သန်းတင့်)**



ခင်မေဦး စစ်ဆင်ရေး
ရဲဘော်ဘခက်
ထွက်ပြီ
အားမာန်သစ်စာပေ၊ ၀၁-၃၉၄၆၈၅၊ ၀၉-၅၇၀၄၁၀၆၈

ဆယ်တန်းအောင်မြင်ထားသူများ၊ A.G.T.I, B-Tech အောင်မြင်ထားသူများနှင့် မည်သည့်ဘွဲ့ရမဆို တက်ရောက်နိုင်သည်။
အင်ဂျင်နီယာဒီပလိုမာ (သင်တန်းသစ်) များနှင့် IT ဒီပလိုမာ သင်တန်းများ
City & Guilds
Engineering
☑ Welding
☑ Fabrication
☑ Fabrication & Welding
☑ Mechanical Manufacturing
☑ Electrical & Electronic
☑ Maintenance
☑ Civil (Construction)
☑ Air-Con & Refrigeration
☑ Electrical Installation
☑ Plumbing
စက်တင်ဘာ (၂၄)ရက်တွင် Foundation သင်တန်းများစမည်။
စက်တင်ဘာ (၂၄)မတိုင်မီ အပ်နှံပါက 20% Off
IT
☑ Software Developer(IT)
☑ IT System Support (IT)
ဘော်ဒါဆောင် ရှိသည်၊
TECH Training Centre
အမှတ်(၁၁)အောင်မြေသာစည်လမ်း၊ဆင်ရေတွင်းမှတ်တိုင်၊ကမာရွတ်၊
☎ 01 523579, 01 2304055, 09 49341594, 09 73043681

Myanmar THAMES International
စီးပွားရေး စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်း
Diploma In Business
NCC Education (UK) မှတိုက်ရိုက်ပေးအပ်သော Diploma လက်မှတ်ရရှိပါမည်၊
2nd Floor, Myay Ni Gone Plaza, Tel: 525971,706740,501450,0973147379

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ-၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ်-၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ်-၂၀၁၃) နှင့် Certificate ရ
ဖျံ-၅-ကောင် အမှတ်တံဆိပ် သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှတစ်ဆင့်
တစ်ပြည်လုံးသို့ဖြန့်ချိလိုက်ပါပြီ။
ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(ဓာနယ်ဇင်း)၁၁၂/၀၂၁၄
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)၊ ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။
အမှတ်-၁၂၄၊ ၄၂ လမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၀၁ ၃၉၂၅၉၄၊ ၀၉ ၄၂၁၀၀ ၇၈၆၉။

# ကိုယ်ထူကိုယ်ထ ကျေးရွာမြေသားလမ်းမှ ဂဝံမြေသားလမ်းအဖြစ် ခင်းကျင်းမှုပြီးစီး

**ပဲခူး၊ စက်တင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)၊ ပဲခူးမြို့၏ အရှေ့ဘက် လေးမိုင်ခန့်ဝေးသော အိုးဘိုကျေးရွာ၊ စိုင်တီကျေးရွာ၊ ကတွင်းခြံကျေးရွာနှင့် တောင်သူစုကျေးရွာများမှ ကျေးလက်နေပြည်သူ၊ ဝန်ထမ်း၊ ကျောင်းသားများ အသုံးပြုသွားလာလျက်ရှိသည့် မူလမြေသားလမ်းအား ဂဝံလမ်းအဖြစ် ကိုယ်ထူကိုယ်ထလမ်းဖောက်လုပ်မှုပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မိုးရာသီကာလအတွင်း မိုးရေတိုက်စားမှုကြောင့် ကျင်းများ၊ ချိုင့်များ ဖြစ်ပေါ်လျက်ရှိသည့် အဆိုပါမြေသားလမ်းမှာ ကျေးလက်နေပြည်သူတို့ လမ်းအသုံးပြုရာ၌ လမ်းပန်းချောမွေ့ခြင်းမရှိဘဲ သွားရေးလာရေး ဒုက္ခရောက်နေကြရသည်။ တောင်သူစုကျေးရွာအဝင်ထိပ်မှ ပဲခူးမြို့ဆင်ခြေဖုံး မွန်စံပြရပ်ကွက်အဝင်အထိ လမ်းအရှည် ပေ ၁၂၀၀၊ အကျယ် ပေ ၂၀ ရှိသည့် မူလမြေသားလမ်းအပေါ် ဂဝံထပ်ပိုးလွှာခင်းခြင်းဖြစ်ကြောင်း သိရသည်။

ငွေစာရင်းရှင်းတမ်းအရ ကျောက်သယ်ယာဉ်တစ်စီးလျှင် ကျောက်ဖိုးနှင့် သယ်ဆောင်ခ ကျပ် ၅၀၅၀၀ နှုန်းဖြင့် ၁၅ စီးအတွက် ကျပ် ၇၅၇၅၀၀ ကုန်ကျစရိတ်ရှိကြောင်း၊ လုပ်အားခ ကုန်ကျစရိတ်မရှိခြင်းမှာ တောင်သူစုကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းဦးမှ ဦးစီး၍ ရွာသူရွာသားများက စေတနာ့ဝန်ထမ်း လုပ်အားပေးဖောက်လုပ်ခဲ့ခြင်းကြောင့် ဖြစ်သည်။ အဆိုပါကျေးလက်နှင့်မြို့ပြ ဆက်သွယ်သည့် ကိုယ်ထူကိုယ်ထ ဂဝံလမ်းအား အလှူရှင် တောင်သူစုကျေးရွာ ပရဟိတဘုန်းတော်ကြီးကျောင်းတိုက် ပဓာနနာယက နယ်လှည့်တရားပြ ဓမ္မကထိကဆရာတော် ဘဒ္ဒန္တဥူးကိတ္တိမှ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းသည် မိုးတွင်း၌ မိုးရေဒဏ်ကြောင့် လမ်းသားများ ပျက်စီးခဲ့ရာ လမ်းအသုံးပြုသူဒေသခံများ အခက်အခဲရှိ၍ ဂဝံလမ်းချောဖြစ်ပေါ်လာသည့်အတွက် အိုးဘိုကျေးရွာ၊ စိုင်တီကျေးရွာ၊ ကတွင်းခြံကျေးရွာနှင့် တောင်သူစုကျေးရွာများအပြင် လမ်းပေါ်ရှိ ရဲတပ်ဖွဲ့ဝင်အိမ်ရာ၊ စည်ပင်ဝန်ထမ်းအိမ်ရာနှင့် အိုးအိမ်စီမံကိန်းအိမ်ရာတို့မှ ပဲခူးမြို့ပေါ် ကျောင်းများတွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ၊ ဈေးရောင်းဈေးဝယ်ဖောက်ကားကြသူများ၊ ရုံးဝန်ထမ်းများအတွက် အဓိကအသုံးဝင် အထောက်အကူပြုပေးနိုင်သည့် ပေါင်းကူးလမ်းတစ်လမ်းအဖြစ် ပေါ်ထွန်းလာခဲ့သည်။

ထို့အပြင် ရှေးဟောင်းသမိုင်းဝင် စိန်သာလျောင်းရုပ်ပွားတော်မြတ်၊ ရွှေဖရုံမယ်စေတီ၊ ငြိမ်းအေးသူစေတီနှင့် မြွေမကြီးစောနန်းဝေစေတီတော်များ စံပယ်ကိန်းဝပ်တော်မူရာ သာသနိကဘုရားကျောင်းကန်များသို့ ဘုရားဖူးမည့်မော်တော်ယာဉ်များ ကောင်းမွန်သွားလာနိုင်မည်ဖြစ်သည်။ **မင်းစစ်သူ(ပဲခူး)**

# စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်များရှိ ဝါစိုက်တောင်သူများအား ချည်မျှင်ရှည်ဝါ မျိုးသန့်မျိုးစေ့များ အခမဲ့ပေးအပ်



**မိတ္ထီလာ၊ စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် မိတ္ထီလာခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်ရှိ ဝါစိုက်တောင်သူများအား ချည်မျှင်ရှည်ဝါ မျိုးသန့်မျိုးစေ့များ အခမဲ့ဖြန့်ဖြူးပေးအပ်ပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက မိတ္ထီလာမြို့နယ် တောမကျေးရွာ ဈေးကုန်းကျောင်းတိုက်ဓမ္မာရုံတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုပေးအပ်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးတင့်ဝေသုံက အဖွင့်အမှာစကားပြောကြားပြီး မိတ္ထီလာမြို့နယ်မှ ဝါစိုက်တောင်သူ ၁၅ ဦးအား ချည်မျှင်ရှည်ဝါမျိုးသန့်မျိုးစေ့ ပိဿာ ၆၀ ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်တို့က ပေးအပ်ပြီး သာစည်မြို့နယ်မှ ဝါစိုက်တောင်သူ ၁၅ ဦးအား မျိုးစေ့ ပိဿာ ၆၀ ကို သာစည်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေ၊ ခရိုင်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအေးလွင်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

၎င်းနောက် ဝါစိုက်တောင်သူအားလုံးကိုယ်စား မိတ္ထီလာမြို့နယ် တောမကျေးရွာအုပ်စု ရေချိုကျေးရွာမှ ဝါစိုက်တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းသို့ ထောက်ပံ့ပေးအပ်ရခြင်းမှာ ကျေးရွာနေဒေသခံတောင်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ လယ်ယာလုပ်ငန်း အရင်းအနှီးများ လျှော့နည်းသက်သာစေရေး၊ စက်မှုသီးနှံများ ပိုမိုစိုက်ပျိုးထွက်ရှိရေး စသည့် ရည်ရွယ်ချက်များဖြင့် မိတ္ထီလာနှင့် သာစည်မြို့နယ်တို့မှ ဒေသခံဝါစိုက်တောင်သူ စုစုပေါင်း ၃၀ တို့အား ဧက ၆၀ တွင် စိုက်ပျိုးနိုင်ရန် ချည်မျှင်ရှည်ဝါ စီးပွားဖြစ်မျိုးသန့်မျိုးစေ့စုစုပေါင်းပိဿာ ၁၂၀ ကို ယခုကဲ့သို့ အခမဲ့ဖြန့်ဖြူးပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# ကွန်ကရစ်ရေစည်နှင့် ဆေးဝါးများ ထောက်ပံ့လှူဒါန်း

**ဖျာပုံ၊ စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့၊ အမှတ်(၁၈)ရပ်ကွက်ရှိ ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာသို့ ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ ဂါလန် ၄၀၀ ဆံ့ ကွန်ကရစ်ရေစည်နှင့် ဘိုးဘွားများအတွက် လိုအပ်သည့် ဆေးဝါးများ ထောက်ပံ့လှူဒါန်းခြင်းကို စက်တင်ဘာ ၂ ရက် မွန်းလွဲပိုင်းက အဆိုပါဘိုးဘွားရိပ်သာတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဖျာပုံမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးရာဂျူး(ခ) ဦးအောင်ခိုင်ဝင်းနှင့် ဇနီးဒေါ်နီလာမိုးမိသားစုက ဘိုးဘွားရိပ်သာတွင် အသုံးပြုရန်အတွက် ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ ဂါလန် ၄၀၀ ဆံ့ ကွန်ကရစ်ရေစည်တစ်လုံးနှင့် ဘိုးဘွားများလိုအပ်သည့် ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများနှင့် ဘိုးဘွားများက လက်ခံရယူခဲ့ကြသည်။

ဖျာပုံမြို့ရှိ ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာကို ကနိလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ တည်ထောင်သူ ကနိပရဟိတဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) က ၁၉၉၁ ခုနှစ် မတ် ၂၇ ရက်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ခိုကိုးရာမဲ့ဘိုးဘွား ၂၀ ကျော်ကို စောင့်ရှောက်ထားရှိကြောင်း၊ စက်တင်ဘာ ၆ ရက်တွင် စေတနာရှင်များက စုပေါင်း၍ ဖျာပုံကန်တော်မင်္ဂလာဘိုးဘွားရိပ်သာ စတင်တည်ထောင်စဉ်ကတည်းက နေထိုင်လာခဲ့ပြီး ယနေ့တိုင် သက်ရှိထင်ရှားရှိသည့် အဘွားဒေါ်ဖွားရှင်၏ မွေးနေ့ နှစ်တစ်ရာပြည့်ကုသိုလ်ပြုပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လာမည့်အောက်တိုဘာ ၁ ရက်တွင် ဘိုးဘွားရိပ်သာထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် စေတနာရှင်များပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာသို့ ဆက်သွယ်လိုပါက ဒု-ဥက္ကဋ္ဌ ဦးတင်အေး ဖုန်း-၀၉၈၅၉၀၅၈၉၊ အတွင်းရေးမှူး ဦးသိန်းလှိုင် ဖုန်း-၀၉၂၅၀၁၂၃၁၂၀ များသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# သမဝါယမဘဏ်(CB Bank)၏ ငွေလွှဲလုပ်ငန်းခွဲကောင်တာသစ် ဖွင့်လှစ်

**တောင်ငူ၊ စက်တင်ဘာ ၅**

မြို့ပေါ်နှင့် ကျေးလက်ဒေသနေပြည်သူလူထု အချိန်မရွေး၊ နေရာမရွေး အဆင်ပြေချောမွေ့စွာ ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သမဝါယမဘဏ် (CB Bank) မှ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ကုန်သည်ကြီးလမ်း၊ အမှတ် ၁၇/၁၂၆ (က)ရှိ သမာဓိရောင်းဝယ်ရေးတွင် ငွေလွှဲကိုယ်စားလှယ် ကောင်တာသစ်ဖွင့်ပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် တောင်ငူ ဘဏ်ခွဲမန်နေဂျာ ဒေါ်အိအိဝင်းက တောင်ငူ ငွေလွှဲကိုယ်စားလှယ် ဦးကျော်လှ(သမာဓိ) အား ကိုယ်စားလှယ်ဆောင်ရွက်ခွင့်လက်မှတ် ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲသို့ ဖိတ်ကြားထားသူများ၊ ဘဏ်မန်နေဂျာနှင့် ဝန်ထမ်းများတက်ရောက်ကြသည်။ ငွေလွှဲလုပ်ငန်းများကို ပိတ်ရက်မရှိ မိုဘိုင်းဖုန်းများဖြင့် ဆောင်ရွက်နိုင်သည့်အတွက် မိနစ်ပိုင်းအတွင်း မိမိပေးပို့လိုရာဒေသများသို့ ငွေများအချိန်မီရောက်ရှိနိုင်ကြောင်း သိရသည်။ **(၁၂၉)**

အင်းလေးချစ်သူ (Travel & Tours)
အဆင့်မြင့်ဘုရားဖူး ခရီးသွားလုပ်ငန်း
* ပုဂံ၊ပုပ္ပါး၊စွယ်တော်လေးဆူ၊ပခုက္ကူ (၃ညအိပ်၄ရက်) (Sep-9,Oct-7) - 109,000
* တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကုံလုံ၊ထမ့်စန်း (၄ရက်)(Oct-17,31) - 119,000
အဆင့်မြင့် ( Hotel ၊ စားသောက်ဆိုင်) တောင်တက်ကားခ၊ စက်လှေခ
(စားရိတ်ငြိမ်း) ၊လက်မှတ်များကိုအိမ်အရောက်ပို့ဆောင်ပေးပါမည်။
inlaylover.travelntour@gmail.com/Ph: 09-33412625 , 09-73085550

မျက်မှောက်နိုင်ငံရေးကို စိတ်ရင်းသန့်သန့် အတွေးရှင်းရှင်းဖြင့် ဝေဖန်ပြထားသော
စာအုပ်...
ရှေ့မတိုးမှာ စိုးပါသည်
ဦးတင်ဦး(ကျူရှင်)
မရှိမဆောင်းပါးများ
WISDOM HOUSE စာအုပ်တိုက်၊ ☎ ၀၁ ၅၄၅၀၃၆၊ ၀၉ ၅၀၅၈၅၃၃

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/နွယ်အေး)၊ မြေကွက်အမှတ် (၂၈၀/၆၂)၊ မြေကွက်တည်နေရာအမှတ်(၆)၊ အောင်သီတာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဦးသိန်းထွန်း၊ ဒေါ်ကြည်မြင့်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် (၂)ဦးအနက် ဦးသိန်းထွန်း(ဖခင်)နှင့် ဒေါ်သန်းရှင်(မိခင်)တို့ ကွယ်လွန်သဖြင့် ၎င်းတို့၏တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်သန်းရွှေ [၁၂/ဒပန(နိုင်)၀၁၁၃၂၃]နှင့် ကျန်ပူးတွဲ အမည်ပေါက် ဒေါ်ကြည်မြင့် [၁၂/ဒပန(နိုင်)၀၁၀၄၂၀]တို့ ပူးတွဲ၍ ကျမ်းကျိန်လွှာနှင့် သေစာရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ပါကြောင်း**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄/၆)၊ မြေကွက်အမှတ်(၄၇/ခ)၊ မြေကွက်တည်နေရာ(၄၇/ခ)၊ စံပယ်(၄)လမ်း၊ဦးမြစောအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြစော(၁၂/ရပသ(နိုင်)၀၂၀၄၇၆)မှ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်နှင့်ရဲစခန်းထောက်ခံစာ၊ တရားရုံး ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၃/ရန်ပြေ)၊မြေကွက်အမှတ်- ၁၀၇၁/က၊ မြေကွက် တည်နေရာ အမှတ်- ၁၀၇၁/က ၊ ရန်ပြေ(၁၈) လမ်းအနောက်၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်ရာဂျမား) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဒေါ်ရာဂျမား (မိခင်) နှင့် ဦးချင်နယား (ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ၁။ ဦးခင်လှ (၁၂/ဒပန(နိုင်)၀၄၅၅၄၇)၊ ၂။ဒေါ်သန်းသန်းနွယ် (၁၂/ဒပန(ပြု) ၀၀၀၈၀၉) ၃။ ဦးလှထွန်း (၁၂/ဒပန (ပြု) ၀၀၀၀၆၆)၊ ၄။ ဒေါ်သန်းသန်းစိုး (၁၂/ ဒပန (ပြု) ၀၀၀၇၄၄)တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၆၃၈)(၂၄-၃-၁၄) ရသူ ဒေါ်တင်တင်အုံး (၁၂/ သကတ (နိုင်) ၀၃၄၁၂၃)မှ ဂရန်ပျက်စီးကြောင်းကျမ်းကျိန်လွှာ၊ သေစာရင်း၊ကျမ်းကျိန်လွှာတင်ပြ၍ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် (၁၂၈၇/ဘီ)၊ မြေကွက်တည်နေရာအမှတ် (၁၂၈၇/ဘီ)၊ ၃ရန်ပြေ (၂၀)လမ်း၊ ၃/ ရန်ပြေ ရပ်ကွက်၊ သာကေတမြို့နယ် ဦးမြမောင် အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြမောင် (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်စန်းရီ [၁၂/သကတ(နိုင်)၀၄၀၆၂၁]မှ သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက် အမှတ်(၄)၊ မြေကွက်အမှတ်-၈၉၇၊ မြေကွက်တည်နေရာအမှတ်-၈၉၇၊ စာဂလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်စန်းရီ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဇနီး(ဒေါ်စန်းရီ) ကွယ်လွန်သဖြင့် ဦးတင်မြင့် [၁၂/ဥကတ(နိုင်)၀၄၃၅၀၈]က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အပိုင်ပေးစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက် (၁၅၆)၊ မြေကွက်အမှတ်(၅၉၆)၊ မြေအမည်ပေါက် ဦးအောင်မြင့် [၁၂/သဃက(နိုင်) ၀၆၇၆၃၀)၏ မြေကွက်အား သမီးဖြစ်သူ မဖြူနှင်းဝေ [၁၂/ဒဂရ(နိုင်) ၀၁၂၇၈၀]မှ ရုံးခွဲမှတ်ပုံတင်စာရင်းဝင်ခွင့် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ချက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ၎င်းမြေကွက်အား ရုံးခွဲမှတ်ပုံတင်စာရင်းသွင်းခြင်းကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ (၈)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆/အနောက်)၊ မြေကွက်အမှတ် (၄၄၄/ခ)၊ မြေကွက်တည်နေရာအမှတ်(၄၄၄/ခ)၊ ရွှေပြည်သာလမ်း၊ ၆ အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် [ဦးမွတ်တရား(ခ)ဦးခင်မောင်] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်-ဦးမွတ်တရား(ခ) ဦးခင်မောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ခင်တင့်(ခ)ဗာသမား (ISN- 087345)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၉၂၀/၂၀၁၄)ရသူ ဦးဇော်နိုင်(S/OKA-133095) မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော် အရှည်တည်တံ့ရေး ရှင်းလင်းတင်ပြမည်

**ပြည်၊ စက်တင်ဘာ ၅**

စေတီတော်မြတ်ကြီး အရှည်တည်တံ့၍ အများပြည်သူ ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်ရေးအတွက် တောင်တော်တည် ငြိမ်ကြံ့ခိုင်ရန် ထိန်းသိမ်းဆောင်ရွက်ခြင်း၊ ရင်ပြင်တော် တိုးချဲ့ခြင်းနှင့် ဓမ္မာရုံအသစ်တည်ဆောက်ခြင်း လုပ်ငန်း ကြီးသုံးရပ်ကို ဆောင်ရွက်လျက်ရှိရာ ထိုလုပ်ငန်းကြီး သုံး ရပ်နှင့်စပ်လျဉ်း၍ အများပြည်သူသိရှိ ကြည်ညိုသဒ္ဓါ ပွား များနိုင်ရန် တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရှင်းလင်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီ၌ ရင်ပြင်တော် ကျားပျံဓမ္မာရုံတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ခြင်းသည် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော် စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့အနေဖြင့် ဩဝါဒါစရိယဆရာတော်ကြီး များ၏ ဩဝါဒကိုခံယူ၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယခုရက်ပိုင်းတွင် အဆိုပါစေတီတော်အရှည်တည်တံ့ ရေးလုပ်ငန်းစဉ်သုံးရပ်အနက် တောင်တော် ထိန်းသိမ်းရေး ဆောင်ရွက်မှုအဖြစ် တောင်တော်ကြီးအား ဘိလပ်မြေ သွင်းခြင်းကို (Myanmar Geo Specialist Co.,Ltd) မှ တာဝန်ယူ၍ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြည်)**

## အောင်ပညာရေးဖောင်ဒေးရှင်း(သုံးခွ)မှ တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးပေးအပ်မည်

**သုံးခွ၊ စက်တင်ဘာ ၅**

သုံးခွမြို့မဟာအတုလဝေယံ သာသနာ့ဗိမာန်တော်ကြီး၌ ဦးအောင် သန်း-ဒေါ်လှရီမိသားစုရန်ကုန်မြို့မှ ကျပ်သိန်း ၅၀၀ မတည်၍ အခြား စေတနာရှင်ပြည်သူများ၏ လှူဒါန်း ငွေများဖြင့် တည်ထောင်ခဲ့သော 'အောင်' ပညာရေးဖောင်ဒေးရှင်း (သုံးခွ)မှ တက္ကသိုလ်ပညာသင် ထောက်ပံ့ကြေးများကို ၂၀၁၄- ၂၀၁၅ ပညာသင်နှစ်မှစ၍ ထောက် ပံ့လှူဒါန်းမည်ဟု သိရသည်။

လျှောက်ထားလိုသူများသည် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို အမှတ်ကောင်းကောင်း ဖြင့် အောင်မြင်ပြီး အသက်မွေးဝမ်း ကျောင်းတစ်ခုခုကို တက်ရောက်ရန် ဆင်းရဲနွမ်းပါး၍ ငွေကြေးချို့တဲ့သူ ဖြစ်ပြီး သုံးခွမြို့နယ်အတွင်း နေထိုင်သူ ဖြစ်ရမည်ဟု သိရသည်။

လျှောက်ထားလိုပါက ဆရာညို ၀၅၆-၄၀၅၆၅၊ ဒေါ်စိန်စိန်ဝင်း ၀၅၆-၄၀၂၂၅၊ ဒေါ်သီသီဝင်း ၀၉- ၄၃၀၈၁၉၈၆၊ ဒေါ်တင်တင်ဝင်း ၀၉-၄၂၀၁၅၈၁၂၀၊ ဒေါ်မျိုးမျိုးပိုင် ၀၉-၄၂၀၀၂၉၃၄ သို့ စက်တင်ဘာ လကုန် နောက်ဆုံးထား၍ လျှောက် ထားနိုင်ကြောင်းသိရသည်။

၎င်းဖောင်ဒေးရှင်းကို ရန်ကုန်တိုင်း ဒေသကြီး၊ သုံးခွမြို့နယ်တွင် ဧပြီ ၂၇ ရက်က စတင်တည်ထောင်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## သတင်းတို

### အပန်းဖြေမြို့များ လုပ သန့်ရှင်းရေး ဆွေးနွေး

နိုင်ငံခြားသားခရီးသွားဧည့်သည် များ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးကန် သို့ လေ့လာရေးခရီး သွားရာတွင် ခေတ္တအပန်းဖြေအနားယူကြသည့် ကလော၊ အောင်ပန်းနှင့် ဟဲဟိုးမြို့ များ လုပသန့်ရှင်းမှုရှိစေရန်နှင့် မြို့နယ်စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းများဆွေးနွေးပွဲကို စက် တင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီ က မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးကော် မတီဥက္ကဋ္ဌ ဦးနန္ဒာလှမြင့်က ရှင်း လင်းဆွေးနွေးခဲ့သည်။ **(ကြေးမုံ)**

# မြဝတီဘဏ်လီမိတက် ဘဏ်ခွဲ ထားဝယ်မြို့တွင် ဖွင့်လှစ်

**ထားဝယ်၊ စက်တင်ဘာ ၅**

ပြည်သူလူထုအတွင်း ဘဏ်လုပ် ငန်းဝန်ဆောင်မှုကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် မြဝတီ ဘဏ်လီမိတက်(ထားဝယ်) ဘဏ်ခွဲ ကို စက်တင်ဘာ ပထမပတ်တွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ် မြို့၊ ပိန္နဲတောရပ်၊ ရေလမ်းတွင် ဖွင့် လှစ်ခဲ့ကြောင်းသိရသည်။


ဖွင့်ပွဲအခမ်းအနားသို့ တနင်္သာရီ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး ချုပ် ဦးမြတ်ကိုနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင် ကျော်၊ မြဝတီဘဏ်လီမိတက်(ရုံးချုပ်) မှ ဒုတိယမန်နေဂျင်း ဒါရိုက်တာ ဦးယုလွင်၊ အထွေထွေမန်နေဂျာ ဒေါ်မာလာမြင့်နှင့် တာဝန်ရှိသူများ မြဝတီဘဏ်လီမိတက်(ထားဝယ်)မှ မန်နေဂျာ ဦးမြမင်းသန့်နှင့် ဝန်ထမ်း များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ် များ၊ လုပ်ငန်းရှင်များ၊ ဖိတ်ကြားထား သော ဧည့်သည်တော်များ တက် ရောက်ခဲ့ကြသည်။

ထားဝယ်မြို့တွင် ဖွင့်လှစ်သော မြဝတီဘဏ်လီမိတက်(ထားဝယ်) ဘဏ်ခွဲသည် ၃၇ ခုမြောက် ဘဏ်ခွဲ ဖြစ်ကြောင်းသိရသည်။

မြဝတီဘဏ်ခွဲတိုင်းတွင် ဩဂုတ် ၁ ရက်မှစ၍ သတ်မှတ်အတိုးနှုန်း ဖြစ် သည့် ငွေစုဘဏ်အပ်ငွေပေါ်တွင် တစ်နှစ်လျှင်အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်း၊ စာရင်းသေ အပ်ငွေ စာရင်းအပေါ် တစ်လ၊ နှစ်လ၊ သုံးလ၊ ခြောက်လ၊ ကိုးလ၊ ၁၂ လ (တစ်နှစ်) အထိ ၉ ရာခိုင်နှုန်းမှ ၁၀ ရာခိုင် နှုန်းအထိ ပေးအပ်သွားမည်ဖြစ် ကြောင်း သိရသည်။

၎င်းအပြင် ငွေစုသူများ၏ သဘော ဆန္ဒနှင့်အညီ အကျိုးကျေးဇူးများရှိ စေရန် နှစ်သက်ရာ သက်တမ်းကာလ အမျိုးမျိုးအား စိတ်ကြိုက်ရွေးချယ်၍ စာရင်းသေအပ်ငွေ စာအုပ်ဖွင့်လှစ် စုဆောင်းနိုင်ရန် ဝန်ဆောင်မှုပေး လျက်ရှိကြောင်း သိရသည်။

**ဖိုးရွှေသွန်း–ထားဝယ်**




# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မတ္တရာ၊ စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တွင် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်း အနားကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးအစည်းအဝေးကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက မတ္တရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်က အမှာစကားပြောကြားပြီး မြို့နယ်လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအဖွဲ့ဒုတိယ ဥက္ကဋ္ဌရဲမှူးညီညီက အခမ်းအနားပြုလုပ်ရခြင်းနှင့် ပတ်သက်၍ရှင်းလင်းဆွေး နွေးခဲ့သည်။

ထို့နောက် မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲအရလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသော အားဖြင့် "လူသားအချင်းချင်းစာနာလို့ လူကုန်ကူးမှုတိုက်ဖျက်စို့" ခေါင်းစဉ်ဖြင့် ကဗျာ၊ စာစီစာကုံး၊ နံရံကပ်စာစောင်၊ ဝတ္ထုတို၊ဝတ္ထုရှည်၊ ပန်းချီပြိုင်ပွဲ၊ အထက် တန်းအဆင့်၊ အလယ်တန်းအဆင့်ပြိုင်ပွဲများကို စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီတွင် အ. ထ. က (၁) ၌ ကျင်းပမည်ဖြစ်သည်။ ဝတ္ထုတိုနှင့် ဝတ္ထုရှည် စာမူများအား အဆိုပါနေ့ရုံးချိန်အတွင်း မြို့နယ်ပညာရေးမှူးရုံးတွင် အချိန်မီ ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်လိုသူများသည် စက်တင်ဘာ ၁၀ ရက်တွင် စာရင်းပေးသွင်းရမည် ဖြစ်ကြောင်းသိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၃၁)၊ မြေကွက်တည်နေရာအမှတ်(ည)၊ အောင်တံခွန်(၆)လမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဦးအောင်မင်း(AG-၃၂၈၃၁၀)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်မင်း(ဖခင်)ကွယ်လွန်သဖြင့် ၁။ဦးအောင်ကိုကို[၁၂/တမန(နိုင်)၀၄၄၀၆၀]၊ ၂။ဦးသန်းဌေး ထွန်းအောင်[၁၂/ဗဟန(နိုင်)၀၀၁၁၅၈]တို့က သားများတော်စပ်ကြောင်း ကျမ်းကျိန် လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက် ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ဖခင် အမည်မှန်**

အထက(၁)လမ်းမတော်၊ ဆဋ္ဌမတန်း(B)တွင် ပညာသင်ကြားနေသော မမေယွန်းလဲ့မင်း၏ဖခင်အမည်မှန်မှာ ဦးဘုန်းနေစိုး [၁၂/ဗဟန(နိုင်)၀၇၄၇၇၂)] ဖြစ်ပါကြောင်း။

ဦးဘုန်းနေစိုး

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၈ယ/၇၇၁၅၆၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးအေးလွင်[၉/ပဘန(နိုင်) ၁၆၀၈၂၇]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရမည်းသင်း)

## အများသိစေရန်ကြေညာ

၁၆-၈-၂၀၁၄ ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ ၁၆ ပါ အများသိစေရန် ကြေညာချက်တွင် ဒေါ်ချယ်ရီမြင့်မှ ကွန်တော် ဦးစောအောင်နိုင်လွင်(ခ)William [၁၂/ ဆကခ(နိုင်)၀၀၉၆၇၅]အပေါ် သတင်းစာမှတစ်ဆင့် အကြင်လင်မယားအဖြစ်မှ တာဝန်မယူ ကွာရှင်းပြတ်စဲကြောင်း ကြေညာချက်အား ကွန်တော် ဦးစောအောင်နိုင်လွင်(ခ)William [၁၂/ ဆကခ(နိုင်)၀၀၉၆၇၅]မှ လက်ခံသဘောတူပြီး အကြင်လင်မယားအဖြစ်မှ ကွာရှင်း ပြတ်စဲပါ ကြောင်းနှင့် လက်ထက်ပွားပစ္စည်းများခွဲဝေရရှိရေးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစောအောင်နိုင်လွင် [၁၂/ဆကခ(နိုင်)၀၀၉၆၇၅]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၆အေ၊ မြေကွက်အမှတ် V ၅၆၊ မြေကွက်တည်နေရာအမှတ် ၁၀၆၊ ဌာနာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးထွန်းမြင့် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးထွန်းမြင့်နှင့်ဇနီး ဒေါ်တင်မြတို့ ကွယ်လွန် သဖြင့် (၁)ဦးတင်မြင့်[၁၂/ကမတ(နိုင်)၀၃၅၁၄၅]၊ (၂)ဦးကြည်စမ်း[၁၂/ကမတ(နိုင်)၀၃၅၅၂၀]၊ (၃)ဒေါ်ခင်ခင်ဆွေ[၁၂/ကမတ(နိုင်)၀၃၅ ၉၀၆]၊ (၄)ဒေါ်ခင်ခင်မြင့်[၁၂/ကမတ(နိုင်) ၀၃၅၉၀၇]တို့က သားသမီးများ တော်စပ် ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက် ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် -၇/အရှေ့၊ မြေကွက်အမှတ် (၅၅/ခ)၊ မြေကွက်တည်နေရာအမှတ်(၅၅/ခ)၊ အောင်သပြေလမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတ မြို့နယ်၊ (ဦးသိန်း)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးသိန်း(ဖခင်)နှင့် ဒေါ်တင်(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦး တည်းသော သားဖြစ်သူ ဦးထွန်းရှိန်[၁၂/ သကတ(နိုင်)၀၅၈၃၅၇]ထံမှ အထွေထွေကိုယ် စားလှယ်လွှဲစာအမှတ်(၁၀၉၀၄/၂၀၁၄)ရသူ ဒေါ်မြင့်မြင့်ရီ [၁၂/သကတ(နိုင်)၀၈၂၈၇၅]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံ သော အထောက်အထားများဖြင့် (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ် (၂၂၇)၊ မြေကွက်တည်နေရာအမှတ်(၂၂၇)၊ မဟာဆွေလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်၊ ဒေါ်ကြည်ကြည်သင်း CI-၀၀၄၈၀၇ အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက် ဒေါ်ကြည်ကြည်သင်း တရားရုံးကိုယ်စား ဘီလစ် ဒေါ်လဲ့လဲ့ခိုင် [၁၃/တကန(နိုင်)၀၀၃၄၁၉]မှ တရားမကြီးမှု အမှတ်-၆၈/၁၄(၂၇-၆-၂၀၁၄)နှင့် တရားမ ဇာရီမှုအမှတ်-၇၄/၁၄(၁၅-၇-၂၀၁၄) တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၂)၊ မြေကွက်အမှတ်(၂၂၈)၊ မြေကွက်တည် နေရာ အမှတ်(၂၂၈)၊ မဟာဆွေလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ဒေါ်ငွေးငွေးသိန်း MAG-၀၁၁၁၉၉ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ငွေးငွေးသိန်း တရားရုံးကိုယ်စား ဘီးလစ် ဒေါ်လဲ့လဲ့ခိုင် ၁၃/တကန(နိုင်)၀၀၃၄၁၉ မှ တရားမကြီးမှုအမှတ်–၆၇/၁၄ (၂၅–၆–၂၀၁၄) နှင့် တရားမဇာရီမှုအမှတ်–၇၅/၁၄ (၁၅–၇–၂၀၁၄) တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက် ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၉(B)၊ မြေကွက်အမှတ်၈၄၊ မြေကွက် တည်နေရာအမှတ်-၅၅၊ ဈေးလမ်း၊ မြေနီကုန်း မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ဒေါ်ခင်နွဲ့ အမည်ပေါက် နှစ်(၆၀)မြေအား အမည်ပေါက် မိခင် ဒေါ်ခင်နွဲ့နှင့် ဖခင် ဦးသိန်းကြွယ် ကွယ်လွန် သဖြင့် (၁)ဒေါ်ခင်ဆွေမြင့်[၁၂/စခန(နိုင်) ၀၄၂၇၀၁]၊ (၂)ဒေါ်မာလာကြွယ်[၁၂/စခန(နိုင်) ၀၄၂၄၃၀၊ (၃) ဦးရွှေဝင်း[၁၂/စခန(နိုင်)၀၄၃၃ ၉၂]၊ (၄) ကွယ်လွန်သူဦးစိုးတင့်၏ဇနီး ဒေါ်အေး အေးမြင့်[၁၂/စခန(နိုင်)၀၄၂၅၆၀]တို့က သား သမီးများနှင့် ချွေးမတော်စပ်ကြောင်း ကျမ်းကျိန် လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အ- တွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ CG၊ မြေကွက်အမှတ် ၃၇၊ မြေကွက်တည်နေရာ အမှတ် ၁၆၊အနောက်မြို့ပတ်လမ်း၊ဗဟန်းမြို့နယ်(ဦးတင်စော) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်စော ၁၂/ဗဟန(နိုင်)၀၅၃၇၀၇ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၇၁၉၃/ ၂၄၊ ၆၊ ၂၀၁၄ ရသူ ဦးမြင့်ဆောင် ၁၂/ဗဟန(နိုင်) ၁၀၃၆၇၂ က Power မရုပ်သိမ်းကြောင်း ကျမ်းကျိန် လွှာ/ဂရန်ပျောက်ဆုံးကြောင်းရဲစခန်း၊ ရပ်ကွက် ထောက်ခံစာကျမ်းကျိန်လွှာတို့တင်ပြ၍ မြေငှား စာချုပ်ဂရန်မိတ္တူ လျှောက်ထားလာရာ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ဆေးကုမ္ပဏီအရောင်းမြှင့်တင်မှုတွင် အခမဲ့ကျန်းမာရေးစစ်ဆေးမှုဖြင့် ပြုလုပ်မှုများရှိလာ

**မန္တလေး၊ စက်တင်ဘာ ၅**

အခမဲ့ကျန်းမာရေးလက်ရှိပြုလုပ်နေသောကုမ္ပဏီမှာ MEGA ဖြစ်ပြီး စစ်ဆေးမှုများ၊ ဝန်ဆောင်မှုပေးမှုများ၊ ကျန်းမာရေးဗဟုသုတပေးမှုများကို လူငယ်တိုင်း စိတ်ဝင်စားကာ သဘောကျကြောင်း သိရသည်။

စစ်ဆေးမှုအဖြေလွှာအရ လိုအပ်သောဆေးဝါးများကို အလိုရှိပါက အလွယ်တကူရရှိနိုင်အောင် ကူညီပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိကာလ မန္တလေးမြို့တွင် ဆေးကုမ္ပဏီများ ဆေးအမျိုးမျိုး ဈေးကွက်ထိုးဖောက်မှုတွင် Health check list form များဖြင့် အခမဲ့စစ်ဆေးပေးလာကြသည်။ ထိုသို့ စစ်ဆေးမှုတွင် စက်များ အရန်သင့်ပါလာပြီး ပေါင်ချိန် သကဲ့သို့ ပြုလုပ်ပေးကြသည်။ ထိုစစ်ဆေးမှုအပြီးတွင် စစ်ဆေးမှုမှတ်တမ်း ချက်ချင်းထွက်ကာ လိုအပ်ချက်များကို အဖြေချက်ချင်းထုတ်ပေးလေ့ရှိသည်။

ကျန်းမာရေး စစ်ဆေးလွှာကိုလည်း လူငယ်များက သိမ်းဆည်းကာ မိမိအတွက်လိုအပ်သည်များကို အလေးထား လိုက်နာဆောင်ရွက်မှုများလည်း ရှိလာသည်။ လက်ရှိကာလ မန္တလေးမြို့ ဆေးဝါးဈေးကွက် အရောင်းမြှင့်တင်သည့်လုပ်ငန်းတွင် ကျန်းမာရေးစစ်ဆေးလွှာနှင့် ကျန်းမာရေးဗဟုသုတပေးခြင်းများကို အထူးနှစ်သက်လျက်ရှိကြောင်း သိရသည်။

စစ်ဆေးလွှာတွင် အလေးချိန်၊ အသက်၊ အရပ်တို့ကို မှတ်သားကာတိုင်းတာထားသည်။ တိုင်းတာမှုတွင် ခန္ဓာကိုယ်တွင်လိုအပ်နေသော ဓာတ်များ၊ ပိုနေသောဓာတ်များ၊ လက်ရှိဖြစ်နေသောရောဂါ အခြေအနေများကို တွက်ချက်ပေးထားသည်။ ထိုစစ်ဆေးလွှာပါအချက်များကို ကြည့်ကာ လိုအပ်သောဆေးဝါးများ၊ စားသုံးသင့်သောဓာတ်စာများ ဆေးဝါးများကို တွက်ချက်ညွှန်ကြားကာ အသိပေးထားသည်။

ဖွံ့ဖြိုးတိုးတက်လာသောခေတ်တွင် ပြည်သူများ ကျန်းမာရေးဗဟုသုတများ ကြွယ်ဝလာကြသည်။ သတင်းစာဂျာနယ်၊ ရုပ်သံလိုင်းများ ပေါ်များလာခြင်းကြောင့် ကျန်းမာရေးအသိ ကြွယ်ဝလာသည်ဟုလည်း ဆိုနိုင်မည်ဖြစ်သည်။

ထို့အတူပင် လူမှုကူညီရေးအသင်းများ၊ ပရဟိတအသင်းများ၊ ပရဟိတ ကျန်းမာရေးဆေးပေးခန်းများ၊ နယ်လှည့်၍ စေတနာဖြင့် ဆေးဝါးကုသပေးနေသော တိုင်းရင်းဆေးပညာများမှ အားတက်သရောလုပ်ဆောင်လာကြသည်ကို တွေ့ရသည်။

ယခုအခါ ဆေးကုမ္ပဏီများသည် သတင်းစာတွင် ကြော်ငြာခြင်း၊ တီဗွီရုပ်သံလိုင်းများတွင် ကြော်ငြာခြင်းများအပြင် ကုမ္ပဏီများသို့ လိုက်လံကာ ဈေးကွက်ထိုးဖောက်ရင်း ကျန်းမာရေးစစ်ဆေးပေးမှုများ၊ ကနဦးမေတ္တာလက်ဆောင်ဆေးဝါးပေးခြင်းများကိုလည်း ပြုလုပ်လာကြကြောင်းသိရသည်။

**တိမ်တမန်**

# သက်ကြီးစစ်မှုထမ်းဟောင်းများ၊ မသန်စွမ်းစစ်မှုထမ်းဟောင်းများနှင့် ကျောင်းသား/သူများအား ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော်၊ စက်တင်ဘာ ၅**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ထောက်ပံ့ပေးအပ်သည့် ပညာသင်ထောက်ပံ့ကြေး ထပ်ဆင့်ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ပျဉ်းမနားမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ သက်ကြီးစစ်မှုထမ်းဟောင်းများ၊ မသန်စွမ်းစစ်မှုထမ်းဟောင်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာသာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့နာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ နေပြည်တော်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နာယက နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ထောက်ပံ့ပေးအပ်သည့် ပညာသင်ထောက်ပံ့ကြေး ထပ်ဆင့်ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် သက်ကြီးစစ်မှုထမ်းဟောင်းများ၊ မသန်စွမ်းစစ်မှုထမ်းဟောင်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံ့ဂုဏ်ရည်စစ်မှုထမ်းဟောင်းများနှင့် မော်ကွန်းဝင်စစ်မှုထမ်းဟောင်းများကို ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၅၄ ဦးတို့အတွက် ထောက်ပံ့ငွေများကို ၎င်းတို့၏ကိုယ်စား အဖွဲ့ဝင်ငါးဦးထံ အမှတ်(၂)တပ်မတော်တန်းမြင့်လေ့ကျင့်ရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်နိုင်ဝင်းက လည်းကောင်း၊ ပျဉ်းမနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများကို အထက်တန်းအဆင့် ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀၊ အလယ်တန်းအဆင့် ကျောင်းသားတစ်ဦးလျှင် ကျပ် ၁၅၀၀၀ နှင့် မူလတန်းအဆင့် ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်းကျောင်းသား၊ ကျောင်းသူဦးရေ ၇၈၁ ဦးတို့အတွက် ငွေကျပ် ၁၂၃၉၅၀၀၀ ကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းဦးစီး ဗိုလ်မှူးကြီး မင်းနောင်၊ နေပြည်တော် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိ (ပထမတန်း)စစ်ရေး ဒုတိယဗိုလ်မှူးကြီး မင်းဦးနှင့် ပျဉ်းမနားတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး အောင်ဇော်မိုးတို့ကလည်းကောင်း၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦးနှင့် မိဘမဲ့စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးလေးဦးတို့ကို ပျဉ်းမနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီး အေးမင်း (ငြိမ်း)က လည်းကောင်း ထောက်ပံ့ငွေများ အသီးသီးပေးအပ်ခဲ့ကြသည်။




ဆက်လက်၍ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀၀)မှ ဆေးကုသရေးပါရဂူများနှင့် ဆေးမှူးများက အသက် ၇၅ နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၉၀ နှင့် မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၅၄ ဦးတို့ကို ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ရွှေကုက္ကို**

# မင်းဘူးခရိုင်ရဲတပ်ဖွဲ့ အရာထမ်းစွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းဖွင့်

**မင်းဘူး၊ စက်တင်ဘာ ၅**

နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး တတိယအဆင့်အရှိန်အဟုန်မြှင့်တင်ရေး အရာထမ်းစွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်ပွဲအခမ်းအနားကို မင်းဘူးခရိုင်ရဲတပ်ဖွဲ့မှ မင်းဘူးခရိုင်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၁ ရက်က ကျင်းပခဲ့ရာ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မင်းဘူးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ မင်းဘူးခရိုင်ရဲတပ်ဖွဲ့မှ အရာထမ်းသင်တန်းသား ၁၃ ဦး အပါအဝင် စုစုပေါင်း ၂၉ ဦး တက်ရောက်ခဲ့ကြသည်။ သင်တန်းကာလမှာ စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၈ ရက်အထိဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်လျက်ရှိပြီး နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုကို First Wave အဖြစ် မြင်သာချောမွေ့စွာ ပြောင်းလဲနိုင်ခဲ့ကြောင်း၊ ဒုတိယအဆင့် Second Wave အဖြစ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု အစိုးရယန္တရားတိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုကဏ္ဍတို့ကို မဟာဗျူဟာလုပ်ငန်းစဉ်များအဖြစ် ချမှတ်ပြီး အရှိန်မြှင့်တင် ဆောင်ရွက်ပေးခဲ့ကြောင်း။

ယခုအချိန်တွင် ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေးကို ရေရှည်အခြေခံအုတ်မြစ်ခိုင်မာရေးအတွက် ချမှတ်ပေးရမည့်အပိုင်းနှင့် ပြည်သူတို့၏ လူမှုစီးပွားဦးစားပေးလိုအပ်ချက်များကို ချက်ချင်းဆောင်ရွက်ပေးရမည့်အပိုင်းများကို တတိယအဆင့်Third Wave အဖြစ် အရှိန်မြှင့်တင်ပြီး လုပ်ငန်းစဉ်ငါးရပ်နှင့် ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများကို တတိယအဆင့် အရှိန်မြှင့်တင်မှု Third Wave လုပ်ငန်းစဉ် (၁) မှ (၅) အထိ လမ်းညွှန်ချက်များအား သိရှိနိုင်ရေးအတွက် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မင်းဘူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်ထွန်းက ပြောကြားခဲ့သည်။

**သန်းဌေး**

## ငှားမည်

ဘောက်ထော်၊ ဖွံ့ဖြိုးအောင်အိမ်ရာ၊ RC 2½ တိုက်သစ်၊ (8)MBR, (1)BR, Air Con(12)လုံး၊ ကြိုးဖုန်း(၁)လုံး၊ 25KVA မီးစက်(၁)လုံး၊ Power Meter၊ ဂျိုးဖြူရေ၊ အဝီစိရေ၊ ကား(၁၀)စီးဆံ့၊ မြေ ပေ(၆၅×၉၅)၊ အိမ် ပေ(၅၁×၄၅)၊ တစ်အိမ်လုံးပါကေးခင်း၊ အပေါ်ဆုံးထပ်တွင် ကျယ်ဝန်းသော ဝရန်တာပါရှိ(နိုင်ငံခြားသားအထူးသင့်တော်)

(၁လ-၆၈သိန်း၊ ညှိနှိုင်း)

ဖုန်း-၀၉-၇၃၁၅၁၄၅၅၊ ၀၉-၅၀၂၉၉၂၀၊
၀၉-၄၃၀၁၈၉၁၁၊ ၀၉-၄၅၀၀၂၂၀၄၄

Yes!! English School
** Always say Yes!! to English. **
4 skill English classes
★ Basic
★ Elementary
★ Intermediate
★ Advanced
★ IELTS,TOEFL, SAT
Starting On September
7,8,10,14,16,17,21,23,27.
၂၃၊လှည်းတန်းလမ်းမ။ Ph : 01-511778
09-73033648

## ဒေါ်ဒေစီ(ခ)ဒေါ်စန္ဒာ[၁၂/မဂတ(နိုင်)၀၁၆၇၆၆]အား သွာနုတ္တသမီးအဖြစ်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဒေါ်အကျူး[၁၂/မဂတ(နိုင်)၀၄၁၃၀၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်အကျူးသည် မိမိ၏သမီး(၄)ဦးအား မိမိသက်ရှိထင်ရှားရှိစဉ်၌ အမွေအဖြစ် သတ်မှတ်ခွဲဝေပေးရန် စီစဉ်နေစဉ် ကျွန်ုပ်၏အမှုသည်ပိုင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၅-လမ်း၊ အမှတ်-၄၉(၃-လွှာ/ယာ)တိုက်ခန်းကို သမီးဖြစ်သူ ဒေါ်ဒေစီ(ခ)ဒေါ်စန္ဒာမှ မိခင်ဖြစ်သူထံမှ ငွေကျပ်သိန်း(၁၅၀)ဖြင့် ဝယ်ယူထားပါသည်ဟု မမှန်စာချုပ်ဖန်တီး ပြုလုပ်တင်ပြခြင်း၊ မိခင်အား အခန်းသို့ဝင်ရောက်မရအောင် တားဆီးပိတ်ဆို့ခြင်း၊ မိခင်ဖြစ်သူမှ ခွင့်မလွှတ်နိုင်သော ရိုင်းပြသည့်ပြုမူပြောဆိုမှုများ ပြုလုပ်ခဲ့ခြင်းတို့ကြောင့် ယနေ့မှစ၍ ဒေါ်ဒေစီ(ခ)ဒေါ်စန္ဒာအား သွာနုတ္တသမီးအဖြစ် သတ်မှတ်ကာ အမွေပြတ်စွန့် လွှတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အကျူး၏လွှဲအပ်ညွှန်ကြားချက်အရ-ဦးမျိုးမြင့်အောင် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၅၈)
အမှတ်-၉/၁၁၊ အခန်း-၃၀၆(၄-လွှာ)၊ ၃၆-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၁၆၉၄၁၉

## ရောင်းမည်

ပဲခူး၊ ဥဿာမြို့သစ်၊ ဟံသာဝတီလေဆိပ်အနီး၊ ဗထူးလမ်း၊RC 2 ထပ်တိုက်သစ်၊ မြေ ပေ(၁၀၀×၁၃၅)၊ အိမ် ပေ(၅၀×၂၄)၊ အုတ်တံတိုင်း ခတ်၊ လမ်း(၃)လမ်းထောင့်၊ ပါကေးခင်း၊ ကြိုးဖုန်း(၁)လုံး၊ ဂရန်အမည် ပေါက်၊ မြံအတွင်းယိုးဒယားပိန္နဲပင်၊ မြကျောက်သရက်ပင်၊ သနပ်ခါးပင်၊ သစ်မွှေးပင်၊ အုန်းပင်များပါဝင်သည်။

(သိန်း-၅၀၀၀၊ ညှိနှိုင်း)

ဖုန်း-၀၉-၇၃၁၅၁၄၅၅၊ ၀၉-၅၀၂၉၉၂၀၊
၀၉-၄၃၀၁၈၉၁၁၊ ၀၉-၄၅၀၀၂၂၀၄၄

## အမြန်ရောင်းမည်

သယ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်လမ်းမ၊ တိုက်ခန်း ပထမထပ်၊ ပေ(၂၃×၅၄)။

ဖုန်း-၀၉-၅၁၁၀၈၈၅

## ရောင်းရန်ရှိသည်

လက်ရှိအသုံးပြုနေသော WIRAKA-M-1 Original SNOOKER TABLE (ပစ္စည်းစုံ) ရောင်းရန်ရှိသည်။


ဖုန်း-၀၉-၄၉၃၁၇၂၆၅၊ ၀၉-၇၃၀၇၇၄၃၀၊ ၀၉-၃၂၂၀၀၄၂၆

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပုဇွန်တောင်မြို့နယ်၊ ၂-ရပ်ကွက်၊ ၅၅-လမ်း၊ အမှတ်-၁၁၊ ပထမထပ်တွင် နေထိုင်သူ ဒေါ်ဝါဆန်ဗာ(ခ)ဒေါ်လှမြင့်(MTNT-02361)၏ သမီးအငယ်ဆုံးဖြစ်သူ မအေးအေးစိုး(PZDG-01815)သည် မိခင်ကြီး၏ အရေးကြီးစာရွက်စာတမ်းများကို ရယူသွားပြီး စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ခဲ့သဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက် သော မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ မိခင်ဒေါ်ဝါဆန်ဗာ(ခ)ဒေါ်လှမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စုစုဖြိုး (LL.B,D.B.L) ဒေါ်ချိုရီ(စဉ်-၁၉၁၁) (B.Sc,H.G.P,R.L,D.B.L)
အထက်တန်းရှေ့နေ(စဉ်-၃၇၆၄၇) ဒေါ်ခင်အိအိအောင်(စဉ်-၇၆၆၄)(LL.B,D.I.L)
တရားလွှတ်တော်ရှေ့နေများ
အမှတ်-၁၃၂၊ ၅၁-လမ်း၊ ပထမထပ်၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၀၃၁၇၆၊ ၂၉၅၉၇၅၊ ၀၉-၇၃၂၃၇၀၉၆၊ ၀၉-၅၄၀၄၉၄၁

ဖတ်စရာ



# အသက်ရှည်ဆေး

"မြင်းခွာရွက်ကလေးနဲ့ ဆီးရောဂါကာကွယ်ရအောင်" လယ်တောမှ မြင်းခွာရွက်သည် သွေးအားကောင်း၍ အာနိသင်ပိုထက်သည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် မြင်းခွာပင်ပေါက်ကလေးများစိုက်ပျိုးနိုင်သည်။ မြင်းခွာရွက်ကို အာဟာရအဖြစ်သုပ်စားလျှင် အရသာကောင်းစွာ စားသုံးနိုင်သည်။ ဆေးဖက်ဝင်အပင်ဖြစ်၍ ဆီးအောင့်၊ ဆီးကျင်၊ ဆီးနည်းဝေဒနာရှင်များ မြင်းခွာရွက်သတ္တုရည်ကို သောက်သုံးခြင်းဖြင့် ဆီးရောဂါ ဝေဒနာပျောက်ကင်းကြောင်း လက်တွေ့အသုံးပြုသူများက ပြောသည်။

အညောင်းထိုင်သူများ၊ ခေါင်းကိုက်၊ ဇက်ထိုး၊ မျက်စိမှုန်သူများ၊ အပူချိန်များသူများ၊ ဆီးချုပ်၊ ဝမ်းချုပ်ဖြစ်သူများ မြင်းခွာရွက်ကို ထမင်းစားသည့်အခါ ဟင်းနှင့် တို့စားလျှင်သော်လည်းကောင်း၊ မြင်းခွာရွက်ကို ရေစင်စင်ဆေးကြောပြီး မြေပဲဆန်၊ ကြက်သွန်တို့နှင့် သုပ်စားလျှင်သော်လည်းကောင်း၊ မြင်းခွာရွက်ကို ပဥ္စငါးပါးကျိုသောက်လျှင် သော်လည်းကောင်း၊ ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်ကန်၍ ကျန်းမာရေးကောင်းစေပါသည်။

အသားအရေ လှပလိုသူများ၊ အသားအရေမွဲခြောက်နေသူများပါ သောက်သုံးသင့်သည်။ အသားအရေလှပစိုပြည်ရုံမက မြင်းခွာရွက်ကို အသက်ရှည်ဆေး၊ အဆိပ်ပြေဆေး အဖြစ်အသုံးပြုနိုင်သည်။

လူတို့သည် ဓာတုပစ္စည်းများကို များစွာသုံးနေရသဖြင့် အဆိပ်သင့်လူသားများ ဖြစ်ရကာ ရောဂါမျိုးစုံ၊ အဖု၊ အကျိတ်၊ အနာ၊ ဆီးမမှန်၊ ဝမ်းမမှန်၊ အသည်းပျက်စီးခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ အဝလွန်ခြင်း၊ ဟော်မုန်းဓာတ်များလွန်ခြင်း၊ နည်းလွန်းခြင်းစသည့်ရောဂါများ တစ်ခုပြီးတစ်ခုဝင်ရောက်လာကာ ဆေးရုံ၊ ဆေးခန်းများတွင် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကျဆင်းပျက်ပြားသည်အထိရောဂါဝေဒနာခံစားနေရသူ များစွာကို တွေ့မြင်နိုင်သည်။

ရှေးလူကြီးများ၏ ရှေးထုံးကိုလည်း မပယ်နှင့် ဆိုသည့်စကားလို ရှေးလူကြီးများ စားသုံးသော အစားအစာများသည် အစာလည်းဆေး ဆေးလည်းအစာအဖြစ် ရာသီဥတု သုံးမျိုးလုံးနှင့် ကိုက်ညီအောင် စားသုံးကြကြောင်း၊ မိမိအိမ်တွင် မြင်းခွာရွက်ပင် စိုက်ပျိုးထားခြင်းဖြင့် ကျန်းမာရေး စီးပွားရေး၊ လူမှုရေး အထောက်အကူပြုနိုင်သည်။ **ခင်ခင်သိမ့်(မန်း)**

# ကူရှည်ကျေးရွာတွင် လူထုအသိပညာပေး ကွင်းဆင်းဆောင်ရွက်

**ဆိပ်ဖြူ၊ စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းဦးဆောင်၍ ဌာနဆိုင်ရာများပါဝင်သော ကျေးလက်နေပြည်သူများ အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၃ ရက်မွန်းလွဲ ၁ နာရီတွင် ကူရှည်ကျေးရွာ အုပ်စုရွာလယ်ဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံအသိပညာပေးပွဲတွင်ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြို့နယ်အတွင်း မှုခင်းများလျော့နည်းကျဆင်းရေးအတွက် လူကုန်ကူးမှုပပျောက်ရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းလိုက်နာရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်သူဗဟိုပြုသောရဲလုပ်ငန်းစနစ်အောင်မြင်စေရေး၊ တရားမဝင်သစ်ထုတ်လုပ်မှု လျော့နည်းရေး၊ သဘာဝသစ်တောများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ သီးနှံအထွက်တိုးရေး၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး တို့ကိုအသီးသီးဆွေးနွေးပြောကြားခဲ့သည်။

ဒေသခံပြည်သူများအနေဖြင့် ယခုကဲ့သို့ ဌာနဆိုင်ရာများမှ လူထုအတွင်း ကွင်းဆင်း၍ အသိပညာပေးခြင်းကို အထူးကျေးဇူးတင်ရှိကြောင်းနှင့်ကျေးရွာများ၌ သီးနှံများစိုက်ပျိုးထားရှိမှု အခြေအနေများနှင့် မိုးစပါးစိုက်ပျိုးရာတွင် မြေအောက်ရေနှင့် စိမ့်စမ်းရေ တင်စနစ်တို့ဖြင့် စိုက်ပျိုးထားရှိမှုများကို ပြန်လည်တင်ပြကြသည်။

ဂုဏ်အသိပညာပေးဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်ဇံကျော်၊ မြို့နယ်သစ်တောဦးစီးမှူးဦးဝင်းမြင့်၊ မြို့နယ်စိုက်ပျိုးရေးအရာရှိ ဒေါ်ဌေးဌေးအေးတို့က အသိပညာပေး ဆွေးနွေးခဲ့ပြီး ကူရှည်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**စိုးလင်းနိုင်** (IPRD)

# အင်းစိန်မြို့နယ် နာရေးကူညီမှုအသင်း စိန်ရတနာသို့ မော်တော်ယာဉ်တစ်စီး ပေးအပ်လှူဒါန်း

**ရန်ကုန်၊ စက်တင်ဘာ ၅**

အင်းစိန်မြို့နယ်ပေးဆပ်သူတို့ဆုံဆည်းရာ စိန်ရတနာ နာရေးကူညီမှုအသင်းသို့အလှူရှင် ဒေါ်ရှုလေ မိသားစုမှ ကွယ်လွန်သူဦးအောင်အင်းလှိုင်(ခ) ဦးထွန်းရအား ရည်စူး၍ Super Custom ကားတစ်စီးကိုနိဗ္ဗာန်ယာဉ်အဖြစ်အသုံးပြုရန်ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂ ရက်မွန်းလွဲ ၁ နာရီက စိန်ရတနာ နာရေးကူညီမှုအသင်းရုံးတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင်အလှူရှင်မိသားစုများမှပေးအပ်လှူဒါန်းရာ စိန်ရတနာ နာရေးကူညီမှုအသင်း ဒုတိယဥက္ကဋ္ဌ (၁) ဦးအေးသိန်း၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးကျော်သန်း၊ အတွင်းရေးမှူး ဦးသောင်းကြည်၊ နာယက ဦးဝင်းမြင့်တို့က လက်ခံရယူသည်။

**မြင့်ဦး(အင်းစိန်)**

# ကလေး၊ ကလေးဝ၊ မင်းကင်းမြို့နယ်များရှိ တောင်သူလယ်သမားများထံသို့ ရေစုပ်စက်များ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်

**ကလေး၊ စက်တင်ဘာ ၅**

နိုင်ငံတော်အစိုးရမှ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် ဘက်စုံကဏ္ဍစုံအသီးသီးမှ အထူးအားပေးထောက်ပံ့ကူညီမှုများ ပြုလုပ်လျက်ရှိရာ ယခုနှစ်တွင် ကလေးခရိုင်အတွင်းရှိ တောင်သူများထံသို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရေစုပ်စက်များကို ဒုတိယအကြိမ်အဖြစ် အခမဲ့ထောက်ပံ့ကူညီပေးခဲ့ကြောင်း သိရသည်။

ယခင်နှစ် ပထမအကြိမ်တွင် ရေစုပ်စက်များကို ကလေးမြို့နယ်အတွက် ခြောက်လုံး၊ ကလေးဝမြို့နယ်အတွက် ငါးလုံး၊ မင်းကင်းမြို့နယ်အတွက် ခြောက်လုံး အခမဲ့ ထောက်ပံ့ပေးအပ်ခဲ့ပြီး ယခုဒုတိယအကြိမ်တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပထမအကြိမ်ကဲ့သို့ပင် ကလေးမြို့နယ်အတွက်ခြောက်လုံး၊ ကလေးဝမြို့နယ်အတွက်ငါးလုံးနှင့် မင်းကင်းမြို့နယ်အတွက်ခြောက်လုံးကို အခမဲ့ထပ်မံပေးအပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ရေစုပ်စက်အခမဲ့ပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်၊ ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးမောင်ထူး၊ ကလေး၊ ကလေးဝနှင့် မင်းကင်းမြို့နယ်များမှ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ကလေးခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌတို့က သက်ဆိုင်ရာမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများထံသို့ ရေစုပ်စက်များနှင့် ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထားများ ပေးအပ်ခဲ့သည်။ **ဂျိုးနက်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၄၂၃/ခ)၊ မြေကွက်တည်နေရာအမှတ် (၄၂၃/ခ)၊ (၁၀)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ (ဦးသန်းအောင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသန်းအောင်(ဖခင်)နှင့် ဒေါ်တင် (မိခင်)တို့ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းမြင့်[၁၂/ဥကတ(နိုင်)၀၁၂၅၅၄]၊ ဒေါ်အေးအေးနွဲ့[၁၂/ဥကတ(နိုင်)၀၁၅၆၁၃]၊ ဒေါ်အေးအေးလှ[၁၂/ဥကတ(နိုင်)၀၁၅၇၀၁]၊ ဒေါ်မာမာချို (S/OKA-093078)တို့က သမီးအရင်းများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း တင်ပြ၍ ၎င်းတို့၏ ကိုယ်စားလှယ်လွှဲစာရသူ GP ဒေါ်မြင့်မြင့်ခိုင်[၁၂/သဃက(နိုင်)၁၇၂၃၃၉]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း ယနေ့ထက်တိုင် ပါဝင်ရုပ်သိမ်းသေးခြင်းမရှိကြောင်း ကိုယ်စားလှယ်လွှဲစာ (၂၀၂၈၃/၁၄)နှင့် ကျမ်းကျိန်လွှာ (၈၂၈၉/၁၄၊ ၁၁-၈-၁၄)တို့တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅အီး၊ မြေကွက်အမှတ် ၂၆B/၁၊ မြေကွက်တည်နေရာအမှတ် ၃၀(က)၊ ဗားဂရာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ C.Ramgas Wamy Moodalliar အမည်ပေါက်ဂရန်ရှိ မြေပိုင်မြေအား ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၆၈/၁၂ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမဇာရီမှုအမှတ် ၃၈/၁၄ဖြင့် တရားရုံးကိုယ်စားဒေါ်စောယုမွန်(ဘီလစ်) [၁၂/သကတ(နိုင်)၁၄၅၁၁၇] မှ အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/ပုသိမ်မြေ)၊ မြေကွက်အမှတ်(၃၃)၊ မြေကွက်တည်နေရာအမှတ် (၃၃)၊ပုသိမ်မြေ(၁)လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးအောင်တင်သန်း၊၁၂/ဒပန(နိုင်)၀၁၀၃၉၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးအောင်တင်သန်း (ကိုယ်တိုင်)မှဂရန်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်နှင့် ကိုယ်တိုင်ကတိဝန်ခံချက်များ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/တောင်၊ မြေကွက်အမှတ်-၇၈၂/က၊ မြေကွက်တည်နေရာအမှတ်-၇၈၂/က၊ အောင်သစ္စာ (၆)လမ်း၊ အနောက်၊(၄)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးထွန်းကြည်၊ ဒေါ်ဖွားဦး) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ဖွားဦး(ဇနီး)ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦး ဖြစ်သူ (ခင်ပွန်း) ဦးထွန်းကြည် (၁၂/သကတ (နိုင်) ၀၇၆၇၂၁) ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် $\frac{၁၉၀၂၇/၁၄}{၁၄\text{-}၇\text{-}၂၀၁၄}$ ရသူ ဒေါ်ခင်သူနွယ်စိုး (၁၂/လမတ (နိုင်) ၀၀၁၀၂၉) မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/တောင်)၊ မြေကွက်အမှတ်(၇၄၉/ခ)၊မြေကွက်တည်နေရာအမှတ်(၇၄၉/ခ)၊ အောင်မေတ္တာလမ်း၊ ၄/တောင်ရပ်ကွက် သာကေတမြို့နယ်၊ ဦးကြည်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးကြည်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်လှသန်း[၁၂/သကတ(နိုင်)၀၇၆၁၇၀]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၈၄၈၂/၂၀၁၄) ရသူ ဦးကြင်ဝင်း [၁၂/ခရန(နိုင်)၀၈၉၃၃၄]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂ (နွယ်အေး)၊ မြေကွက်အမှတ် ( ၂၂၂ )၊ မြေကွက်တည်နေရာ အမှတ် ( ၂၂၂ )၊ မာလာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးမောင်ဘ (C.P ၀၅၆၂၇၇) အမည်ပေါက်၊ နှစ် (၆၀) ဂရန်မြေအား ဒေါပုံမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ်-(၂၅/၂၀၁၃) တွင် တရားလို ဦးလှဌေးက တရားပြိုင် ဦးမောင်ဘ၊ ဒေါ်ဇလေခါအပေါ် မြေနှင့်အိမ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု စွဲဆိုရာ စရိတ်နှင့်တကွ ပလပ်ကြောင်း တစ်ဖက်သတ်ဒီကရီချမှတ်လိုက်သည့် (၂၄-၂-၂၀၁၄) ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီကို ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမအယူခံမှုအမှတ်-(၃၇/၂၀၁၄) တွင် အယူခံမှုကို ခွင့်ပြု၍ မူလဒေါပုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-(၂၅/၂၀၁၃) တွင် ချမှတ်ခဲ့သော (၂၄-၂-၂၀၁၄) ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး မြေနှင့်အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေရန် စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် (၂၉-၅-၂၀၁၄) ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီနှင့် ဒေါပုံမြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ်-(၉/၂၀၁၄) တွင် ချမှတ်သော အမိန့်တို့အရ တရားရုံး ဦးမောင်ဘ၊ ဒေါ်ဇလေခါ ကိုယ်စား ဒေါပုံမြို့နယ်တရားရုံး ဘီလစ် ဦးဆောင်းလွင်ဦးက အရောင်းအဝယ် စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း (တောင်)ရပ်ကွက်၊ အမှတ်(၆၀)၊ ဂန္ဓမာလမ်းနေ ဦးစိုးပိုင်-ဒေါ်စပယ်စိုးတို့၏သား မောင်အောင်ရဲနိုင် [၁၂/စခန(နိုင်)၀၆၆၈၆၈]သည် မိဘတို့ဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးစိုးပိုင်-ဒေါ်စပယ်စိုး

## ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ တိုက်(၂၁)၊ (၉)လမ်း၊ လှိုင်မြို့နယ်နေ ကျွန်ုပ်၏ ဇနီးဖြစ်သူ ဒေါ်တင်တင်ရီ [၁၂/လမန(နိုင်)၁၃၃၉၀၉]သည် မိမိအား စိတ်အနှောင့်အယှက်ဖြစ်စေသည့် အပြုအမူများကို ပြုလုပ်နေသဖြင့် ထိုသို့ မပြုလုပ်ရန် မိမိမှ အကြိမ်ကြိမ်ဖျောင်းဖျပြောဆိုသော်လည်း နားထောင်ခြင်းမရှိဘဲ ၎င်း၏ ဆန္ဒအတိုင်း ဆက်လက်ပြုလုပ်ပြီး ၂၆-၈-၂၀၁၄ ရက်တွင် နေအိမ်မှ ငွေနှင့်ရွှေထည်ပစ္စည်းများကို ယူဆောင်၍ အပြီးအပိုင်ဆင်းသွားပါသဖြင့် ယခုကြော်ငြာချက်ပါသည့် နေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း ၎င်းနှင့်ပတ်သက်၍ နောက်နောင် ပေါ်ပေါက် လာမည့် ကိစ္စအရပ်ရပ်ကို လုံးဝတာဝန်ယူဖြေရှင်းမည် မဟုတ်ကြောင်းအများသိစေရန် ကြေညာ အပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ) ဦးခင်မြင့်[၁၂/လမန(နိုင်)၁၁၈၇၂၁]

## ဝမ်းနည်းကြေကွဲခြင်း

### ဦးဟန်ညွန့်(ပဲခွယ်ကုန်း)

**အသက် (၈၅)နှစ်**

ဗိုလ်ကြီးကောင်းဆက်နိုင် - မကြူကြူခိုင် (Admin Manager) Victoria Hypermart(ဘုရင့်နောင်) နှင့် မနီနီခိုင်(Admin Manager) Victoria Shopping Mall (လှိုင်သာယာ) တို့၏ ဖခင်ဖြစ်သူ ဦးဟန်ညွန့် သည် ၂.၉.၂၀၁၄ ရက် (အင်္ဂါနေ့)၊ နံနက် (၇း၀၅) အချိန် ပဲခွယ်ကုန်းရှိ နေအိမ်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

Super One & Victoria
CEO ၊ MD နှင့်
Company ဝန်ထမ်းများမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

### ဦးမောင်မောင် (၆၈)နှစ်

**B.E (Text) 64' Intake RIT**

သူငယ်ချင်း ဦးမောင်မောင်သည် ၃၁-၈-၂၀၁၄ ရက် ည ၉း၃၀ နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၆၄ နှင့် ၁၉၆၅ ပထမနှစ်
ရန်ကုန်စက်မှုတက္ကသိုလ်
ကျောင်းသား/သူဟောင်းသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ကိုဇော်ဇော်မိုး(ခ)ကိုတီးတီး(မြိတ်)

**အသက်(၃၉)နှစ်**

**Director, Pho La Min Trading Co.,Ltd.**

ဦးကြည်ဝေ၊ ဒေါ်ရပ်ကော်တို့၏သားသမက်၊ မနုနုကြည်(ခ)မမီးနု၏ခင်ပွန်း ကိုဇော်ဇော်မိုး(ခ)ကိုတီးတီးသည် ၁၁-၈-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးကျော်ကျော်သိန်း-ဒေါ်ရီရီဝင်း
မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးသိန်းဇံမောင်(ခ)ညီးချေ(စစ်တွေ)

**အသက်(၃၂)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အလုပ်အမှုဆောင်၊ Inn Punk Wa Co.,Ltd. ၏ မန်နေဂျင်းဒါရိုက်တာ ဦးဦးဘိုးသိန်းနှင့် ဒေါ်မန္တဲ့ခင်တို့၏သား ဦးသိန်းဇံမောင်(ခ)ညီးချေသည် ၂၉-၈-၂၀၁၄ ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ကိုကျော်မင်းဦး (၄၇)နှစ်

**Service Manager**

**မြပန်ဝါ ကုမ္ပဏီလီမိတက်**

ဒေါ်မေသန္တာအောင်၏ခင်ပွန်း၊ သား မောင်အောင်ကောင်းမြတ်၊ သမီး မဖူးပွင့်ကဗျာဦး၏ဖခင် ကိုကျော်မင်းဦးသည် ၂-၉-၂၀၁၄ ရက် ည ၈း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ဇော်-ဒေါ်နန်းကေသီလွင်**

**အမည်မှန်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အထက(၁)နဝမတန်းမှ အဖ ဦးတင်ကိုကို၏သား မောင်ဆန်းဝင်းအား မောင်စန်းဝင်းဟုခေါ်ပါရန်။

**မောင်စန်းဝင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်သက်ထား(မြိတ်)

**အသက်(၈၅)နှစ်**

ဒေါ်သန်းသန်းဆင့်(ခ)အကယ်ဒမီရုပ်ရှင်သရုပ်ဆောင် မေသန်းနု၏ မိခင် ဒေါ်သက်ထားသည် ၂၉-၈-၂၀၁၄ ရက် မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Super Coffeemix မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်သက်ထား(မြိတ်)

**အသက်(၈၅)နှစ်**

အကယ်ဒမီများရှင် မေသန်းနု၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်သက်ထား(မြိတ်)သည် ၂၉-၈-၂၀၁၄(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် အစ်မ၏မိသားစုနှင့်အတူထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်ကြီးအောင်မျိုးသူ-မလှမျိုးသဥ္ဇာနွယ်**

## ဦးကျော်(ခ)ဦးကျော်ဆင့်(လျှပ်စစ်ပရဆေးဆိုင်)

**အသက်(၉၀)**

သူငယ်ချင်း လဲ့လဲ့ခိုင်(လ/ထ ကထိက ၊ ငြိမ်း၊ YUFL)၏ ဖခင်ကြီးသည် ၂၇-၈-၂၀၁၄(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၂-၈၆
ဓာတုဗေဒ (ကြည့်မြင်တိုင်နယ်မြေ)မှ
သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးမရန်အောင် အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ Capt ဗိုလ်မှူးခွန်အောင်(ငြိမ်း)(Yangon Airways)နှင့် ဒေါ်ဂျေခါန်သောင်တို့၏ချစ်လှစွာသော ဖခင်ဖြစ်သူ ဦးမရန်အောင် အသက်(၈၁)နှစ်သည် ၃၀-၈-၂၀၁၄ ရက်တွင် မြစ်ကြီးနားမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၇) ဗိုလ်လောင်းသင်တန်း
သူငယ်ချင်းများနှင့်မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ကိုကျော်မင်းဦး (၄၇)နှစ်

**Service Manager**

**မြပန်ဝါ ကုမ္ပဏီလီမိတက်**

ဒေါ်မေသန္တာအောင်၏ခင်ပွန်း မောင်အောင်ကောင်းမြတ်၊ သမီး မဖူးပွင့်ကဗျာဦးတို့၏ဖခင် ကိုကျော်မင်းဦးသည် ၂-၉-၂၀၁၄ ရက် ည ၈း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြပန်ဝါကုမ္ပဏီမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးမောင်မောင် (B.E.Textile) 1970, D.M.A

**အသက်(၆၈)နှစ်**

**ဒုတိယစက်ရုံမှူး(ငြိမ်း) (ချည်မျှင်နှင့်အထည်အချောကိုင်စက်ရုံပလိပ်)**

ဦးမောင်မောင်သည် ၃၁-၈-၂၀၁၄ ရက်(တနင်္ဂနွေနေ့)တွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ချည်မျှင်နှင့်အထည်အင်ဂျင်နီယာများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ စစ်ကိုင်းတောင်ရိုး ကျော်စန်းချောင်၊ ရေတော်ကျောင်းတိုက် ဒါယကာကြီး

### ဦးကျော်(ခ)ဦးကျော်ဆင့် အသက်(၉၀)နှစ်

လျှပ်စစ်ပရဆေးဆိုင်

**ဦးဌေးလွင်-ဒေါက်တာခင်မြင့်သန်း**(ကလေးအထူးကုဆရာဝန်ကြီး၊ မိတ္တီလာပြည်သူ့ဆေးရုံကြီး) တို့၏ ဖခင်သည် (၂၇-၈-၂၀၁၄ )တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေ။

**Class Of 1987 IM(1) သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်လှအေး(ထားဝယ်)

**အသက်(၇၀)**

ထားဝယ်မြို့၊ ပိန္နဲတောရပ်နေ ဦးအုန်းခိုင်၏ဇနီး ဒေါ်လှအေး ကွယ်လွန်ကြောင်း သိရပါ၍ မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းသိန်းနှင့် သဇင်မိတ္တူမိသားစု၊ ရန်ကုန်မြို့။**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ဂျူးလီယက်လှ(နမ္မတူ) အသက်(၆၇)နှစ်

**ဧည့်လမ်းညွှန်၊ မြန်မာခရီးသွားလုပ်ငန်းဌာန
(Tourist Burma)**

မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း(MTGA)၏ ကန်တော့ခံနာယကတစ်ဦးဖြစ်သူ ဆရာမဒေါ်ဂျူးလီယက်လှသည် ၃၁-၈-၂၀၁၄ ရက် ညတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း(MTGA)**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ဂျူးလီယက်လှ (၆၇)နှစ်

**မြန်မာခရီးသွားလုပ်ငန်းဌာန
ဧည့်လမ်းညွှန်(Tourist Burma)**

အစဉ်တစိုက် လက်တွဲခဲ့ရာမှ ခွဲခွာသွားတဲ့ သူငယ်ချင်းအတွက် ဒို့တွေ အထူးကြေကွဲဝမ်းနည်းရပါတယ်။ အမှတ်တရတွေကို အမှတ်ရရင်း သတိရနေကြမယ့်။

**Tourist Burma ဧည့်လမ်းညွှန်ရောင်းရင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာ ဒေါ်အေးအေးမြင့် (၆၁)နှစ်

**ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ ဘူမိဗေဒဌာန၊ တောင်ငူတက္ကသိုလ်**

၃၁-၈-၂၀၁၄ ရက်(တနင်္ဂနွေနေ့)တွင် တောင်ငူမြို့ တော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၇၆-ဘူမိဗေဒဘွဲ့ရ
သူငယ်ချင်းများ**

**မိခင် အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ရွှေညောင်ပင်ကျေးရွာ အထက်တန်းကျောင်းခွဲ ဒသမတန်းမှ မောင်ကျော်သူရ၏မိခင်အမည်မှန်မှာ ဒေါ်ခိုင်ခိုင်မြင့်[၁၂/ခရန(နိုင်)၀၅၀၈၁၆]ဖြစ်ပါကြောင်း။

**ဒေါ်ခိုင်ခိုင်မြင့်[၁၂/ခရန(နိုင်)၀၅၀၈၁၆]**

## အထူးကျေးဇူးတင်ရှိခြင်း

### ဦးသန်းထွန်း (၄၅)နှစ်

**A.G.T.I(1992) ရန်ကုန်**

၂၇-၈-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)တွင် ပင်လုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားသော ဦးသန်းထွန်းအား နာမကျန်းဖြစ်စဉ်တွင် စောင့်ရှောက်ကုသပေးခဲ့သော ဆရာကြီးဦးမင်းဒင်အားလည်းကောင်း၊ Ward II B မှ တာဝန်ကျဆရာဝန်များ၊ သူနာပြု ဆရာ/ဆရာမများအားလည်းကောင်း၊ အိမ်သို့ကြွရောက်စောင့်ရှောက်ပေးပါသော သူနာပြု ဆရာ/ဆရာမများအားလည်းကောင်း၊ ကွယ်လွန်အနိစ္စရောက်ချိန်တွင် တရားဓမ္မများဖြင့် နှစ်သိမ့်ဆုံးမပေးပါသော ဆရာတော်အရှင်သူမြတ်များအားလည်းကောင်း၊ နောက်ဆုံးခရီးအား လိုက်ပါပို့ဆောင်ပေးသူများ၊ မော်တော်ယာဉ်အကူအညီပေးသူများ၊ ဖုန်းဖြင့်လည်းကောင်း၊ Facebook စာမျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲကြောင်း ဆက်သွယ်အကြောင်းကြားသူများ၊ A.G.T.I ကျောင်းသားဟောင်းများအားလည်းကောင်း၊ တက္ကသိုလ်အသီးသီးမှ ဆရာ/ဆရာမများအားလည်းကောင်း၊ အဖြူရောင် လူမှုကူညီရေးအသင်းအားလည်းကောင်း၊ ကူညီဆောင်ရွက်ပေးကြသော ကျောင်းသား၊ ကျောင်းသူများ၊ လွမ်းသူ့ပန်းခြင်း ပေးပို့ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ အနီးကပ်ပြုစုစောင့်ရှောက်ပေးသော သူငယ်ချင်း၊ မိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူဇနီး-ဒေါ်စိုးစိုးမင်း(လ/ထ ကထိက-ငြိမ်း)
မော်လမြိုင်တက္ကသိုလ်နှင့် သားသမီးများ**

## အထူးကျေးဇူးတင်ရှိခြင်း

### ကိုဆက်နောင်ကျော်

**(Dy.MD, MRTW ECHO Inspection Center)**

**အသက်(၂၇)နှစ်**

၂၅-၈-၂၀၁၄ ရက်တွင် ကွယ်လွန်သွားခဲ့သော ချစ်လှစွာသော သားကြီး ကိုဆက်နောင်ကျော်၏ နာရေးကိစ္စအဝဝအား လူကိုယ်တိုင်ဖြင့်သော်လည်းကောင်း၊ သတင်းစာ၊ Fax, Email, Telephone များဖြင့် ဝမ်းနည်းကြောင်း အားပေးနှစ်သိမ့်ကူညီခဲ့ကြသော ဌာနဆိုင်ရာမှ အကြီးအကဲများ၊ ရပ်ဝေးရပ်နီးမှ မိဘဆွေမျိုးများနှင့် မိတ်ဆွေသင်္ဂဟများ၊ နိုင်ငံခြားကုမ္ပဏီများမှ လုပ်ဖော်ကိုင်ဖက်များ၊ သက်ဆိုင်ရာအသင်းအဖွဲ့များ၊ E.F.R Group of Companies မှ ဝန်ထမ်းမိသားစုများအားလည်းကောင်း၊ အဘက်ဘက်မှ လိုလေသေးမရှိ ဝိုင်းဝန်းကူညီဆောင်ရွက်ပြီး လိုက်ပါပို့ဆောင်၍ လွမ်းသူ့ပန်းခြင်းနှင့် သက်န်းပရိက္ခရာများ ပေးပို့ပေးကြသော အရင်းနှီးဆုံးဆွေမျိုး၊ မိတ်ဆွေသင်္ဂဟများအားလုံးအား ကျေးဇူးအထူးပင်တင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖိလစ်ပိုင် ငြိမ်းချမ်းရေးဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အား မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၅**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ စက်တင်ဘာ ၃ ရက်မှ စတင်ကျင်းပခဲ့သည့် လေးနိုင်ငံ ဖိလစ်ပိုင်ငြိမ်းချမ်းရေးဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသားလက်ရွေးစင်ဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး စက်တင်ဘာ ၃ ရက်တွင် ကျင်းပသည့် ဆီမီးဖိုင်နယ်အဆင့်ပြိုင်ပွဲတွင် ပါလက်စတိုင်း အမျိုးသားလက်ရွေးစင်အသင်းအား မြန်မာအမျိုးသား လက်ရွေးစင်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

ဗိုလ်လုပွဲအဖြစ် စက်တင်ဘာ ၆ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် မြန်မာအမျိုးသားလက်ရွေးစင်အသင်းနှင့် အိမ်ရှင်ဖိလစ်ပိုင် အမျိုးသားလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲစဉ်အား မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်မှ စက်တင်ဘာ ၆ ရက် ညနေ ၅ နာရီ ၁၅ မိနစ်မှစတင်ပြီး တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ယ ၄ နေ့ **မာတိကာ**

ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ရေရရှိရေး စက်ရေတွင်း ဖွင့်ပွဲကျင်းပ

သတင်း စာမျက်နှာ - ၇



ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း ကျောက်ဖြူသဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း၊ သူဌေးရေအားလျှပ်စစ်စီမံကိန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု

နေပြည်တော် စက်တင်ဘာ ၅

**စစ်တွေမြို့၌ရောက်ရှိနေသော ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျောက်ဖြူခရိုင်အထွေထွေအုပ်ချုပ်ရေးရုံး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဝင် တင်ဒါခေါ်ယူရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘရွှေက စီမံကိန်းလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆောင်ရွက်မည့် နည်းလမ်းများ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာတွက်ချက်ထားမှု၊ စီမံကိန်းမှ ရရှိနိုင်မည့် လူမှုရေး၊ စီးပွားရေး အကျိုးအမြတ်များကို ရှင်းလင်းတင်ပြသည်။**

ယင်းနောက် ဒုတိယသမ္မတက ယခုတင်ပြသည့် စီမံကိန်းလုပ်ငန်းစီမံချက်သည် ပြည့်စုံကောင်းမွန်ပါကြောင်း၊ စီမံချက်ပါ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍစသည်တို့ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ပါက ရခိုင်ပြည်နယ်သည် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း ကျောက်ဖြူသဘာဝဓာတ်ငွေ့ထိန်း ဖြန့်စခန်း (OGT)သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ OGT စခန်း တာဝန်ခံအရာရှိချုပ် မစ္စတာ အက်တင်နမ်မီယာက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ သဘာဝဓာတ်ငွေ့ထိန်းသိမ်းမှု၊ ဖြန့်ဖြူးမှု၊ ဒေသအကျိုးပြုလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားများ

**စာမျက်နှာ ၉ ကော်လံ ၄ သို့**



# နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကုလားရွာကျေးရွာအနီး ပေ ၁၀၀ခန့် မြေပြိုမှုဖြစ်ပွား

နေပြည်တော် စက်တင်ဘာ ၅

**နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ ဩဂုတ် ၂၁ ရက်မှ စတင်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ကုလားရွာကျေးရွာအနီးတွင် ပေ ၁၀၀ ခန့် မြေပြိုမှုများဖြစ်ပွားလျက်ရှိသဖြင့် နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်သည် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် သွားရောက်စစ်ဆေးပြီး ချောင်းကမ်းပါးဘေးရှိ နေအိမ်များ အန္တရာယ်မဖြစ်စေရေး ကြိုတင်ပြင်ဆင်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။** (သတင်းစဉ်)

## သဘာဝအခြေခံခရီးသွားလုပ်ငန်းမူဝါဒနှင့် စီမံခန့်ခွဲမှု မဟာဗျူဟာရေးဆွဲရေး ပူတာအိုး၌ ဆွေးနွေး

**ပူတာအို စက်တင်ဘာ ၅**

မြန်မာနိုင်ငံသားများအနေဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကိုအခြေပြု၍ နိုင်ငံအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်ရေး၊ ဝင်ငွေတိုးပွားလာရေးတို့ကို ဖြစ်ပေါ်စေမည်သာမက ယင်းသို့လူမှုရေး၊ စီးပွားရေးနယ်ပယ်အသီးသီးမှ ရရှိလာသော အသီးအပွင့်များကို နိုင်ငံသားများအားလုံး အညီအမျှရရှိခံစားကြရန် ရည်ရွယ်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် နီပေါနိုင်ငံအခြေစိုက် International Centre For Integrated Mauntain Development(ICIMOD) အပြည်ပြည်ဆိုင်ရာတောင်တန်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ ပူးပေါင်းပြုလုပ်သည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းမူဝါဒနှင့် စီမံခန့်ခွဲမှုမဟာဗျူဟာရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကချင်ပြည်နယ် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ စက်တင်ဘာ ၂ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးအောင်မောင်းက ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ပတ်သက်သည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ ဆန်းစစ်အကဲဖြတ်ခြင်းကိုလည်းကောင်း၊ တောအုပ် ဦးဇော်နိုင်ထွန်းက ဖုန်ကန်ရာဇီဘေးမဲ့တောဆိုင်ရာ သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ ဆန်းစစ်ခြင်းကိုလည်းကောင်း၊ ဦးစီးအရာရှိ ဦးမင်းနိုင်ဦးက ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဆိုင်ရာ

**စာမျက်နှာ ၉ ကော်လံ ၅ သို့**


The Mirror Established in 1957
themirror.npt@gmail.com
www.facebook.com/themirrordaily



STI MYANMAR UNIVERSITY
SEO KYEONG UNIVERSITY
THE OPEN UNIVERSITY OF HONG KONG
SCHOLARSHIPS Available
OCTOBER INTAKE!
BE
Bachelor of Engineering
Civil & Architectural Engineering
Electronic Engineering
BBA
Bachelor of Business Administration
Management
Finance and Banking
MBA / MFS / MEd
Master of Business Administration
Master of Financial Services
Master of Education
MBA, MFS, MEd နှင့် BBA ဘွဲ့ကို The Open University of Hong Kong (OUHK) မှချီးမြှင့်ပါသည်။
BE ဘွဲ့ကို ဆိုးလ်မြို့၏ထိပ်တန်း SKU တက္ကသိုလ်မှချီးမြှင့်ပါသည်။ နှစ်စဉ်အဆိုပါတက္ကသိုလ်များသို့ (၂)ပတ်ခန့်သွားရောက် ပညာသင်ကြားနိုင်ပါသည်။ ပညာသင်ထောက်ပံ့ငွေ ဆုများပါရှိပါသည်။
Application Deadline: 22nd Sept, 2014
Building-10, MICT Park, Hlaing Campus, Yangon. TEL: 377988, 507151/52, 09250064451, 0931702299, 09420254872
www.stiedu.net

## ရန်ကုန်တက္ကသိုလ်
## ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရန်ကုန်တက္ကသိုလ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း၊ အောက်ဖော်ပြပါ(ဘွဲ့)စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများ၏ (၁၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားများကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဘွဲ့လျှောက်လွှာပုံစံများကို ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ဌာန (AE-15)တွင်ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန် ၂×၁½လက်မ အရွယ် ဓာတ်ပုံနှစ်ပုံပူးတွဲလျက် ၁၅-၉-၂၀၁၄ ရက်မှ ၂၉-၉-၂၀၁၄ ရက်အထိ လျှောက်ထားနိုင်ကြပါသည်။

**(က) (၁၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၂-၁၁-၂၀၁၄ရက် (ပထမနေ့)၊**
**နံနက်ပိုင်းအစီအစဉ်**
**နံနက် ၉း၀၀ နာရီ**

ပါရဂူဘွဲ့ - မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ စိတ်ပညာ၊ ရှေးဟောင်းသုတေသနပညာ၊ ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ
မဟာသုတေသနဘွဲ့ - မြန်မာစာ၊ ရှေးဟောင်းသုတေသနပညာ၊ ဓာတုဗေဒ၊ Biochemistry၊ ကုန်ထုတ်ဓာတုဗေဒ၊
မဟာဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ၊ သမိုင်း၊ ရှေးဟောင်းသုတေသနပညာ
မဟာသိပ္ပံဘွဲ့ - ဓာတုဗေဒ၊ Biochemistry၊ ကုန်ထုတ်ဓာတုဗေဒ
ဒီပလိုမာဘွဲ့ - အင်္ဂလိပ်စာသင်ကြားရေး၊ အသုံးချစိတ်ပညာ၊ လူမှုရေးပညာ(SW)၊ ရှေးဟောင်းသုတေသနပညာ၊ ကုန်ထုတ်ဓာတုဗေဒ၊ DTSM၊ Diploma in English(2/2013) DML
ဝိဇ္ဇာဘွဲ့ - EPP

**အစမ်းလေ့ကျင့်ရန် ၂၀-၁၁-၂၀၁၄ရက်၊ နံနက် ၉း၀၀နာရီ**
**မှတ်ချက် - အစမ်းလေ့ကျင့်သည့်နေ့တွင် ခန်းမ၏အရှေ့ဘက်ခြမ်းတွင်ထိုင်ရမည်။**

**(ခ) (၁၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၂-၁၁-၂၀၁၄ရက် (ပထမနေ့)၊**
**မွန်းလွဲပိုင်းအစီအစဉ်၊ မွန်းလွဲ ၂း၀၀ နာရီ**

ပါရဂူဘွဲ့ - ပထဝီဝင်၊ ဒဿနိကဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ ရူပဗေဒ၊ သင်္ချာ
မဟာသုတေသနဘွဲ့ - ရူပဗေဒ၊ သင်္ချာ
မဟာဝိဇ္ဇာဘွဲ့ - ပထဝီဝင်
မဟာသိပ္ပံဘွဲ့ - ရူပဗေဒ၊ အင်ဂျင်နီယာရူပဗေဒ၊ နျူကလီယရူပဗေဒ၊ သင်္ချာ၊ အင်ဂျင်နီယာသင်္ချာ၊ Statistics
ဒီပလိုမာဘွဲ့ - အသုံးချရူပဗေဒ၊ GIS၊ Diploma in English (3/2013)၊ DIR

**အစမ်းလေ့ကျင့်ရန် ၂၀-၁၁-၂၀၁၄ ရက်၊ နံနက် ၉း၀၀ နာရီ**
**မှတ်ချက်-အစမ်းလေ့ကျင့်သည့်နေ့တွင် ခန်းမ၏အနောက်ဘက်ခြမ်းတွင် ထိုင်ရမည်။**

**(ဂ) (၁၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၃-၁၁-၂၀၁၄ ရက် (ဒုတိယနေ့)၊**
**နံနက်ပိုင်းအစီအစဉ်၊ နံနက် ၉း၀၀ နာရီ**

ပါရဂူဘွဲ့ - ဥပဒေပညာ၊ သတ္တဗေဒ၊ ကွန်ပျူတာသိပ္ပံပညာ
မဟာသုတေသနဘွဲ့ - ဥပဒေပညာ၊ သတ္တဗေဒ၊ ကွန်ပျူတာသိပ္ပံပညာ
မဟာဥပဒေဘွဲ့ - ဥပဒေပညာ
မဟာဝိဇ္ဇာဘွဲ့ - Business Law
မဟာသိပ္ပံဘွဲ့ - ကွန်ပျူတာသိပ္ပံပညာ၊ EMCS(WBTS)
ဒီပလိုမာဘွဲ့ - DL(ပြင်ဦးလွင်)၊ကွန်ပျူတာသိပ္ပံပညာ၊ EDCS(WBTS)၊ PGDCS, PGDCA, Diploma in English (1/2014)၊ DIL

**အစမ်းလေ့ကျင့်ရန် ၂၀-၁၁-၂၀၁၄ ရက်၊ မွန်းလွဲ ၂း၀၀ နာရီ**
**မှတ်ချက်-အစမ်းလေ့ကျင့်သည့်နေ့တွင် ခန်းမ၏အရှေ့ဘက်ခြမ်းတွင် ထိုင်ရမည်။**

**(ဃ) (၁၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၃-၁၁-၂၀၁၄ ရက် (ဒုတိယနေ့)၊**
**မွန်းလွဲပိုင်းအစီအစဉ် မွန်းလွဲ ၂း၀၀ နာရီ**

ပါရဂူဘွဲ့ - အရှေ့တိုင်းပညာ၊ မနုဿဗေဒ၊ စာကြည့်တိုက်နှင့်သုတပညာ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ
မဟာသုတေသနဘွဲ့ - စာကြည့်တိုက်နှင့်သုတပညာ၊ ဘူမိဗေဒ၊ Microbiology
မဟာဝိဇ္ဇာဘွဲ့ - မနုဿဗေဒ၊ စာကြည့်တိုက်နှင့်သုတပညာ
မဟာသိပ္ပံဘွဲ့ - Microbiology၊ ဘူမိဗေဒ
ဒီပလိုမာဘွဲ့ - မနုဿဗေဒ၊ စာကြည့်တိုက်နှင့်သုတပညာ၊ အသုံးချဘူမိဗေဒ၊ DOS၊ DGI၊ DBL
ဝိဇ္ဇာဘွဲ့ - Journalism(NMC)

**အစမ်းလေ့ကျင့်ရန် ၂၀-၁၁-၂၀၁၄ ရက်၊ မွန်းလွဲ ၂း၀၀ နာရီ**
**မှတ်ချက်-အစမ်းလေ့ကျင့်သည့်နေ့တွင် ခန်းမ၏အနောက်ဘက်ခြမ်းတွင် ထိုင်ရမည်။**

၂။ ဘွဲ့နှင်းသဘင်ကြေး-၁၅၀၀ိ/၊ အဝေးရောက်ဘွဲ့ကြေး-၁၀၀၀ိ/-ပေးသွင်းရမည်။
၃။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လာရောက်တင်သွင်းသူသည် နိုင်ငံသားစိစစ်ရေးကတ်နှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြားမူရင်းနှင့် မိတ္တူကို ယူဆောင်၍ ကိုယ်တိုင်လာရောက်ရမည်။
၄။ ပါရဂူဘွဲ့လျှောက်ထားမည့်သူများသည် ၂×၁½လက်မ ဓာတ်ပုံ(၃)ပုံ ယူဆောင်လာရမည်။
၅။ ဤတက္ကသိုလ်မှ ယခင်ပထမဘွဲ့တစ်ခု ရရှိပြီးသူများသည် ဘွဲ့လက်မှတ်မိတ္တူ ယူဆောင်လာရမည်။
၆။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်ကိုက်ညီသည့် (မြန်မာ့ထမီ၊ အင်္ကျီ)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည် ဖြစ်ပါသည်။
၇။ ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၁၇-၁၁-၂၀၁၄ရက် နံနက် ၁၀း၀၀ နာရီတွင် ရန်ကုန်တက္ကသိုလ် AE-15၌ ထုတ်ပေးမည် ဖြစ်ပါသည်။ ဘွဲ့ဝတ်စုံငှားရမ်းရာတွင် အမျိုးသားမှတ်ပုံတင်ကတ်ပြားပေးခဲ့ရမည်။
၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်တက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာန၊ ဖုန်း-၅၃၄၀၂၄၊ ၅၃၄၀၉၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မှတ်ချက်။ အခြားပညာသင်နှစ်များမှ ဘွဲ့စာမေးပွဲအောင်မြင်ခဲ့ကြသူများသည် အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ကြပါသည်။

**ဒေါက်တာလှဆွေ**
**ဌာနမှူး၊ သင်တန်းရေးရာဌာန၊ ရန်ကုန်တက္ကသိုလ်**

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မကွေးတိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်-၁/၂၀၁၄
## ၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း(၈)ရက်
## (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

၁။ မကွေးတိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်-

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
| --- | --- | --- |
| လက်ထောက်ဆရာဝန် | (၁၇၅)နေရာ | ဆေးပညာဘွဲ့(M.B.,B.S) |
| သွားဆရာဝန် | (၁၂)နေရာ | သွားဘက်ဆိုင်ရာဘွဲ့(B.D.S) |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၇-၂၀၁၄ ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး မကွေးတိုင်းဒေသကြီးအတွင်း နေရာမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(ဃ) မကွေးတိုင်းဒေသကြီးအတွင်း (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
၃။ လျှောက်လွှာကို မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ပြည်တော်သာလမ်း၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၁၀-၁၀-၂၀၁၄ရက်(သောကြာနေ့)အရောက် လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှတစ်ဆင့် မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။
၄။ လျှောက်လွှာတွင်ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ-၅၀၀ိ/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၃-၃-၂၀၁၄ရက်စွဲပါ စာအမှတ်-၂၂၁/ ရွေးချယ်ရေး(အခိက)/၂၀၁၄ဖြင့် ထုတ်ပြန်ထားသော ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။
၅။ ရေးဖြေစာမေးပွဲကို မကွေးတိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာန၊ စာစစ်ဌာနတွင် ကျင်းပမည်ဖြစ်သည်။
၁-၁၁-၂၀၁၄ရက် (စနေနေ့) မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာများကိုလည်းကောင်း၊
၂-၁၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင် အင်္ဂလိပ်စာဘာသာကိုလည်းကောင်း ဖြေဆိုရမည်ဖြစ်သည်။
၆။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၉-၁၀-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ မကွေးတိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနတွင် ထုတ်ပေးမည် ဖြစ်ပါသည်။
၇။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက မကွေးတိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာန၊ ပြည်တော်သာလမ်း၊ (တယ်လီဖုန်းအမှတ် ၀၆၃-၂၃၅၇၆)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။


## အသုံးချစီးပွားရေးအတတ်ပညာသင်တန်း

အလုပြင်ဆိုင် အခြေခံ (၃၅၀၀၀)၊ အလှုပြင်ဆိုင် အဆင့်မြင့်(၁၀၀၀၀၀)၊ မိတ်ကပ်ဆံထုံး (၃၅၀၀၀)၊ ပန်းအလှုဆင်(၅၀၀၀၀)၊ လက်သည်းပန်းချီ (၅၀၀၀၀)၊ ဓာတ်ပုံ+ကွန်ပျူတာ(၁၀၀၀၀၀)၊ ပန်းချီ(ဆီဆေး၊ ရေဆေး၊ ဖက်ရှင်ဒီဇိုင်း) ၅၅၀၀၀

**စီးပွားရေးနှင့် အနုပညာဗုဒ္ဓဘာသာကျောင်း**
**အမှတ် ၁၁၊ မြေညီ၊ အောင်ဘာလေလမ်း၊ သီတာမှတ်တိုင်ဆင်း၊**
**ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၀၆၈၉၉၃၊ ၀၉-၇၃၁၂၉၃၀၁**

## စက်မှုဇုန်မြေကွက်အမြန်ရောင်းမည်

လက်ရှိလည်ပတ်နေသော မြောင်းတကာ စက်မှုဇုန်ရှိ သံရည်ကျိုစက် ရုံ အမြန်ရောင်းမည်။
ဖုန်း- ၀၉-၈၆၂၅၉၈၉၊ ၀၉-၅၁၇၈၃၁၅


## အများသိစေရန်အသိပေးခြင်းနှင့်တားမြစ်ကန့်ကွက်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဝါယာလက်(၃)လမ်း၊ အမှတ်(၃၈၈)၊ (၃လွှာ A)တွင် နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်း[၁၂/မရက(နိုင်)၀၇၅၆၄၆]၊ (ဘ) ဦးထွန်းကြိုင်၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာပြီး တားမြစ်ကန့်ကွက်အပ်ပါသည်။
(၁) ဒေါ်စန်းစန်း၏ ဖခင် ဦးထွန်းကြိုင်နှင့် မိခင် ဒေါ်ရီ(ခ)ဒေါ်ပွဲတို့မှ သားသမီး(၄)ဦး ထွန်းကားခဲ့သော်လည်း ယခုအခါတွင် အစ်မဖြစ်သူ ဒေါ်တင်ရွှေ[၁၂/မရက(နိုင်)၀၆၇၂၈၁]နှင့် ဒေါ်စန်းစန်းတို့ (၂)ဦးသာ အမွေဆိုင်များအဖြစ် သက်ရှိထင်ရှားရှိနေကြောင်း အားလုံးသိရှိပြီး ဖြစ်ပါသည်။
(၂) ဦးထွန်းကြိုင်က မြေရှင် ဦးဘကင်းထံမှ ခြံ၏ထက်ဝက်အကျယ်အဝန်း ပေ(၄၀×၆၀)ခန့်ရှိမြေကို **"အရပ်ကတိစာချုပ်"**ဖြင့် (၁၉၈၅)ခုနှစ်က ကျပ်(၁၀၀၀၀)ဖြင့် ဝယ်ယူပြီး ယင်းမြေပေါ်တွင် (၂) ထပ်အိမ်တစ်လုံး ဆောက်လုပ်ကာမိသားစုနှင့်အတူ နေထိုင်ခဲ့ကြပြီးနောက် ၁၉၉၈ ခုနှစ်က ဦးထွန်းကြိုင်နှင့် ဒေါ်ရီ (ခ) ဒေါ်ပွဲတို့ ကွယ်လွန်ခဲ့ကြပါသည်။
(၃) ဒေါ်တင်ရွှေ[၁၂/မရက(နိုင်)၀၆၇၂၈၁]သည် ဖခင် ဦးထွန်းကြိုင်ဆောက်လုပ်ခဲ့သော **"အမှတ်(၂၄/ခ)၊ မြစပယ်လမ်း၊ (၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်"**ဟုခေါ်တွင်သော အမွေဆိုင် အိမ်ပေါ်တွင် သားသမီးများနှင့်အတူ နေထိုင်လျက်ရှိပြီး ယခုအခါအဆိုပါအိမ်ကို ဖျက်သိမ်း၍ အခန်းပေး၊ အခန်းယူစနစ်ဖြင့် ကန်ထရိုက်တိုက်ဆောက်လုပ်ရန် စီစဉ်နေကြောင်း ကျွန်ုပ်မိတ်ဆွေက သိရှိခဲ့ရပါသည်။
(၄) ဒေါ်တင်ရွှေနေထိုင်သော အိမ်နှင့်မြေသည် အမွေဆိုင်ဖြစ်၍ ဒေါ်စန်းစန်း၏ အတိအလင်း သဘောတူခွင့်ပြုချက်မပါဘဲ ကန်ထရိုက်တိုက်ဆောက်လုပ်ခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
(၅) အမွေဆိုင်ဒေါ်စန်းစန်းအား အသိပေး ညှိနှိုင်းပြောကြားခြင်းလည်းမရှိ၊ သဘောတူ ခွင့်ပြုချက်လည်း ရယူခြင်းမရှိဘဲ ပြုလုပ်ဆောင်ရွက်မှုမှန်သမျှအပေါ် ဥပဒေနှင့်အညီ တားမြစ်ဟန့်တား၊ ကန့်ကွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| ဦးခင်မောင်ညွန့် | ဦးစိုင်းဟိန်းထက်အောင် | ဒေါ်ဖြူဖြူဝင်း |
| --- | --- | --- |
| B.Sc(Chem):H.G.P,R.L | LL.B,B.Sc,Engg(Gem) | LL.B |
| တရားလွှတ်တော်ရှေ့နေနှင့် ဥပဒေအတိုင်ပင်ခံ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၆၅၇၂) | (စဉ်-၃၁၄၉၆) | (စဉ်-၃၁၇၈၅) |

**၆၆၊ ဝဏ္ဏကျော်စွာလမ်းမ၊ (၁၄/၅)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၈၁၉၁၁**

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စက်မှုလယ်ယာဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါ စက်ကိရိယာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
| --- | --- | --- |
| ၁။ | ကောက်စိုက်စက် | 1 Lot |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁-၉-၂၀၁၄ ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် ၄း၃၀ နာရီ ဖြစ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စက်မှုလယ်ယာဦးစီးဌာန**
**ရုံးအမှတ်(၅၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၁၂၄၃**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်အရန်ပစ္စည်းများအား စက်ရုံအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | ပစ္စည်းအမျိုးအမည် | အရေအတွက် |
| --- | --- | --- |
| (က) | Lubricant | 50Items |
| (ခ) | V-Belt | 1Lots |
| (ဂ) | Pig Iron | 520Tons |
| (ဃ) | Steel Scrap | 200 Tons |
| (င) | Spare Parts | 12 Items |

၂။ တင်ဒါအား ၄-၉-၂၀၁၄ ရက်တွင် စတင်ခေါ်ယူပြီး တင်ဒါပိတ်ရက်မှာ ၃-၁၀-၂၀၁၄ရက် ၁၅း၃၀ နာရီ ဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ထုတ်လုပ်ရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများ လာရောက် ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင်ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

**(အသေးစိတ်သိလိုပါက စုံစမ်းရန် တယ်လီဖုန်းအမှတ်-၀၆၇-၄၀၈၃၆၀)**
**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
## ၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၃

| ဦးအောင်ဇော်ထူး | နှင့် | ဒေါ်သောင်းမြင့် |
| --- | --- | --- |
| **တရားလိုများ** | | **တရားပြိုင်** |

ဒေါ်သောင်းမြင့် အမှတ်(၁၁၈၄)၊ အနော်ရထာလမ်း၊ (၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ မြေကွက်မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်)၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၉ ရက်(၁၃၇၆ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၂း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့တည်းမဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိမိအောင်) မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သ. က. မ/၁၇)၊ မြေကွက်အမှတ်(၇၁၄/ခ)၊ မြေဧရိယာအကျယ်အဝန်း(အလျားပေ၂၀×အနံပေ ၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ အနော်ရထာလမ်း၊ အိမ်အမှတ်(၇၁၄/ခ)ဟုခေါ်တွင်သော တိုက်ခံအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ၉-၁၁-၁၉၉၅ ရက်စွဲပါ အိမ်ရာ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်(၂၈၄၉၉)ဖြင့် ဦးစိန်မင်း၏သား ဦးအုန်းခ(MUN-၉၀၇၄၀၄)ကိုင်ဆောင်သူက တရားဝင်အမည်ပေါက် ပိုင်ဆိုင်သောမြေကွက်ဖြစ်ပြီး ယင်းမြေကွက်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူထံမှ ၂၅-၅-၁၉၉၆ ရက်စွဲဖြင့် ဦးဝင်းနိုင်[၁၄/ဖပန(နိုင်)၀၉၀၀၀၇]က ဝယ်ယူပိုင်ဆိုင်၍လည်းကောင်း၊ ၎င်းဦးဝင်းနိုင်ထံမှ ၁၈-၁၁-၂၀၀၅ ရက်စွဲဖြင့် ဒေါ်လှ[၁၂/အစန(နိုင်)၀၈၄၂၁၄]က ဝယ်ယူပိုင်ဆိုင်၍လည်းကောင်း၊ ၎င်းဒေါ်လှထံမှ ၂၉-၁၁-၂၀၁၁ ရက်စွဲဖြင့် ဒေါ်ကြည်ကြည်ဌေး[၆/ပလန(နိုင်)၀၂၅၀၁၁]က ဝယ်ယူပိုင်ဆိုင်၍လည်းကောင်း၊ တစ်ဖန် ၎င်းဒေါ်ကြည်ကြည်ဌေးဆိုသူထံမှ ၃-၁၀-၂၀၁၃ ရက်စွဲဖြင့်ပင် အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လွှဲပြောင်းဝယ်ယူ၍ နေထိုင်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုစကားကမ်းလှမ်းလာသည့် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်းလမ်း၊ အိမ်အမှတ်(၁၃၇)တွင်နေထိုင်သူ ဦးမြသန်း[၁၂/ဥကတ(နိုင်)၀၇၉၂၃၂]ကိုင်ဆောင်သူထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေများအနက် တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါအိမ်နှင့်မြေ အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်မည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ အဆိုပြုလာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မျှမရှိပါက ထိုမြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဦးအောင်နိုင်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၈၂)**
**အမှတ်(၁၄၇၀/က)၊ ထူပါရုံ၁၃-လမ်း(အရှေ့)၊ ၁/ထူပါရုံရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၉၃၃၄၄၊ ၀၉-၄၉၃၁၄၆၁၉၊**
**၀၉-၇၃၀၄၁၇၅၆**

